ကြေးမုံ

The Mirror Daily

Established in 1957

၁၉၅၇ ဖြို့ ၁၆ တွင် စတင်တည်ထောင်သည်။

e – paper ဖတ်ရှုရန်

စည်းစိမ်ဥစ္စာ သတင်းကျော်စော

လုံလလည်းရှိ၊ သတိလည်းရှိ၊ အပြစ်ကင်းသော အလုပ်ကိုလည်း ပြုလုပ်တတ်၊ အမှုကိစ္စဟူသမျှကို ပညာဖြင့် ဆင်ခြင်၍ ပြုလုပ်လေ့လည်းရှိ၊ ကိုယ်-နှုတ်-စိတ် သုံးပါးကိုလည်း စောင့်စည်းလေ့ရှိ၊ တရားသဖြင့် အသက်မွေးလေ့လည်းရှိ၍ မမေ့မလျော့သောသူမှာ စည်းစိမ်ဥစ္စာအရာအထူး ကျေးဇူးသတင်းကျော်စောခြင်း အလွန်တိုးပွားလေ၏။ အပွမာဒဝဂ်(ဓမ္မပဒ-၂၄)

၁၃၈၈ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၁၂ ရက် စနေနေ့။ Saturday, 11 July 2026 ၁၂၃၆

ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အမျိုးသားကော်မတီအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား

နေပြည်တော် ဇူလိုင် ၁၀

လူမှုကာကွယ် စောင့်ရှောက်ရေးဆိုင်ရာ အမျိုးသားကော်မတီ အစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ လူမှုကာကွယ် စောင့်ရှောက်ရေးဆိုင်ရာ အမျိုးသားကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး တက်ရောက်အမှာစကားပြောကြားသည်။

တက်ရောက်

အစည်းအဝေးသို့ ကော်မတီဒုတိယဥက္ကဋ္ဌနှင့် ကော်မတီဝင်များဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဒုတိယစာရင်းစစ်ချုပ်၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ○



လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာအမျိုးသားကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အမျိုးသားကော်မတီအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

ယနေ့ ဖတ်စရာ

တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၂၁ ရက်မြောက်နေ့ ကျင်းပ

ပြည်သူ့လွှတ်တော် စာမျက်နှာ » ၄

တတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၁၅ ရက်မြောက်နေ့ ကျင်းပ

ပြည်သူ့လွှတ်တော် စာမျက်နှာ » ၆

၂၀၂၆ ပညာသင်နှစ် ဘက်စုံသားဗွာ ဒီပလိုမာ (၂)နှစ်သင်တန်းသူများအား ဦးဆောင်းအပ်နှင်းခြင်း အခမ်းအနား ကျင်းပ

စာမျက်နှာ » ၉

ပတ်ဝန်းကျင်ထိန်းသိမ်းမှုနှင့် မြို့ပြစီမံခန့်ခွဲမှု

ဆောင်းပါး စာမျက်နှာ » ၁၀





မြောက်ဥက္ကလာပပြည်သူ့ဆေးရုံကြီး၌ ရင်ချင်းဆက်အမြွာ ခွဲစိတ်မွေးဖွား

နေပြည်တော် ဇူလိုင် ၁၀

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ကြာအင်းကျေးရွာနေ ဒေါ်ပပလှိုင် အသက်(၃၂)နှစ်သည် သားဦးအမြွာကိုယ်ဝန်ဖြင့် လှည်းကူးမြို့ ပြည်သူ့ဆေးရုံ၌ ကိုယ်ဝန်ဆောင်စောင့်ရှောက်မှု ခံယူခဲ့ပြီး ကိုယ်ဝန်ဆောင်ကာလ (၃၂)ပတ်ကျော်ချိန်တွင် ရေမွှာပေါက်ခြင်းကြောင့် ၂၀၂၆ ခုနှစ် ဇူလိုင် ၄ ရက်တွင် လှည်းကူးမြို့ ပြည်သူ့ဆေးရုံမှ တစ်ဆင့် မြောက်ဥက္ကလာပပြည်သူ့ဆေးရုံကြီးသို့ အရေးပေါ်ဆေးရုံတက်ရောက်ခဲ့ပြီး ယင်းနေ့ည ၇ နာရီ ၅ မိနစ်တွင် ရင်ချင်းဆက်အမြွာ မိန်းကလေး နှစ်ဦး(ဝမ်းဗိုက်နေရာမှ ဆက်နေသော Omphalopagus Type)ကို အောင်မြင်စွာ ခွဲစိတ်မွေးဖွားပေးနိုင်ခဲ့သည်။

အဆိုပါကလေးငယ်များသည် လမစေ့မီမွေးဖွားပြီး ရင်ချင်းဆက်အမြွာကလေးများဖြစ်သဖြင့် မြောက်ဥက္ကလာပပြည်သူ့ဆေးရုံကြီး မွေးကင်းစကလေး အထူးကြပ်မတ်ဌာနတွင် ထားရှိကာ လိုအပ်သောကုသမှုများ အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးခဲ့သည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❖


မုတ်သုံးလေအားကောင်းလာနိုင်ခြင်းကြောင့် နေရာကွက်၍ မိုးကြိုးနိုင်

နေပြည်တော် ဇူလိုင် ၁၀

ယနေ့နံနက် ၆ နာရီခွဲ တိုင်းထွာချက်များအရ ကပွလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းလာနိုင်ခြင်းကြောင့် ယနေ့နံနက်မှ ဇူလိုင် ၁၈ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့် အရှေ့ပိုင်း) တို့တွင်

စာမျက်နှာ ၃ ကော်လံ ၅ သို့ ■

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၊ WRF မော်ဒယ်လ်၏ ၉-၇-၂၀၂၆ ရက်နေ့ မြန်မာစံတော်ချိန် ၀၆:၃၀ နာရီအချိန်ကို အခြေခံတွက်ထုတ်ထားသည့် ၁၀-၇-၂၀၂၆ ရက်နေ့မှ ၁၄-၇-၂၀၂၆ ရက်နေ့အထိ မိုးရွာသွန်းမှု ခန့်မှန်းချက်ပြပုံ





MAI က ရန်ကုန်-မုံရွာ ခရီးစဉ်သစ်ကို ဇူလိုင် ၁၆ ရက်တွင် စတင်ပျံသန်းပြေးဆွဲမည်

ရန်ကုန် ဇူလိုင် ၁၀

အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်း(MAI)က လေယာဉ်စီးခရီးသည်များ ခရီးသွားလာမှု ပိုမိုအဆင်ပြေစေရန်ရည်ရွယ်၍ ရန်ကုန်-မုံရွာ ခရီးစဉ်သစ်ကို လာမည့် ဇူလိုင် ၁၆ ရက်တွင် စတင်ပျံသန်းပြေးဆွဲသွားမည်ဖြစ်ကြောင်း MAI ၏ ထုတ်ပြန်ကြေညာချက်အရ သိရသည်။

စာမျက်နှာ ၃ ကော်လံ ၃ သို့ ✪

မဟာဗျူဟာအဝေးပြေးလမ်းမကြီးများ ရာနှုန်းပြည့်ပြီးစီးရေးဖော်ဆောင်

မြန်မာနိုင်ငံသည် မဟာဗျူဟာအရ အချက်အချာကျသော အနေအထားတွင် တည်ရှိသည်။ အိမ်နီးချင်း ငါးနိုင်ငံနှင့်တစ်ဆက်တစ်စပ်တည်း ထိစပ်လျက်ရှိကာ ကုန်းလမ်းကြောင်း၊ ရေလမ်းကြောင်းများရှိပြီး အရှေ့နှင့်အနောက်ကို ဆက်သွယ်ပေးသော ဗဟိုချက်မဖြစ်သည်။ နယ်စပ်ဒေသကူးသန်းသွားလာမှုနှင့် ကုန်သွယ်မှုများကို အထောက်အကူပြုသည်။ အိမ်နီးချင်းနိုင်ငံများနှင့် နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းများကို စနစ်တကျ အကောင်အထည်ဖော်ဆောင်ရွက်မည်ဆိုပါက နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူများ၏ လူမှုစီးပွားဘဝများ ပိုမိုတိုးတက်လာမည်ဖြစ်သည်။

အိန္ဒိယ-မြန်မာ-ထိုင်း သုံးနိုင်ငံ အဝေးပြေးလမ်းမကြီးစီမံကိန်းနှင့် ကုလားတန်မြစ်ကြောင်း ဘက်စုံသုံးသယ်ယူပို့ဆောင်ရေးစီမံကိန်းဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကို ဇူလိုင် ၉ ရက်က နေပြည်တော်၌ကျင်းပရာ နိုင်ငံတော်သမ္မတက "မိမိတို့နိုင်ငံတော်အစိုးရ တာဝန်ယူဆောင်ရွက်ချိန်တွင် ယခင်ကတည်းကရရှိခဲ့သည့် အိမ်နီးချင်းနိုင်ငံများနှင့်ဆက်သွယ်ဆောင်ရွက်နိုင်သည့် လမ်းကြောင်းစီမံကိန်းများကို အဆင့်မြှင့်တင်နိုင်ရေး ဦးစားပေး ပြန်လည်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ အဆိုပါစီမံကိန်းများသည် ယခင်အစိုးရများအဆက်ဆက်က အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြပြီး အကြောင်းအမျိုးမျိုးကြောင့် နောင့်နေးကြန့်ကြာမှုများရှိခဲ့ကြောင်း၊ မိမိတို့အစိုးရ တာဝန်ယူသည့်ကာလတွင် အမြန်ဆုံးပြီးပြတ်အောင် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး ပိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် လိုကြောင်း"ပြောကြားခဲ့သည်။

ကုလားတန်စီမံကိန်းကို ၂၀၀၈ ခုနှစ်တွင် တရားဝင်စတင်ဆောင်ရွက်ခဲ့သည်။ ထိုင်းနိုင်ငံ မြဝတီလမ်းကြောင်းကိုလည်း အစောပိုင်းကတည်းက စတင်အကောင်အထည်ဖော်ခဲ့သည်။ အဆိုပါလမ်းကြောင်းများကို နိုင်ငံတော်၏အစီအစဉ်ဖြင့် ဆောင်ရွက်လျက်ရှိသကဲ့သို့ သက်ဆိုင်ရာနိုင်ငံများနှင့်လည်း ဆောင်ရွက်လျက်ရှိသည်။ အာရှဖွံ့ဖြိုးရေးဘဏ်၊ ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီတို့နှင့်လည်း ပူးပေါင်းဆောင်ရွက်ခဲ့သည်။ အိန္ဒိယ-မြန်မာ-ထိုင်း သုံးနိုင်ငံ အဝေးပြေးလမ်းမကြီးစီမံကိန်း၊ ကုလားတန်မြစ်ကြောင်း ဘက်စုံသုံးစီမံကိန်းတို့နှင့် ပတ်သက်၍ နိုင်ငံတော်သမ္မတ အိန္ဒိယနိုင်ငံသို့ သွားရောက်ခဲ့သည့်ခရီးစဉ်အတွင်း ဒေသတွင်း၌ အပြန်အလှန်အကျိုးရှိစေမည့် စီးပွားရေးချိတ်ဆက်မှုများနှင့် နှစ်နိုင်ငံစည်ပင်ထွန်းကားလာစေရေးနှင့်စပ်လျဉ်းသည့်အချက်များကို သဘောတူညီခဲ့သည်။

မဟာဗျူဟာလမ်းကြီးများသည် စီးပွားရေးနှင့် ကူးသန်းသွားလာရေးအတွက် အလွန်အရေးပါသဖြင့် စဉ်ဆက်မပြတ် အကောင်အထည်ဖော်လျက်ရှိသည်။ ဥပမာအားဖြင့် အိန္ဒိယနိုင်ငံနှင့်ဆက်သွယ်အသုံးပြုလျက်ရှိသည့် မုံရွာ-ယာကြီး-ကလေး-တမူးလမ်းကြောင်းသည် မြန်မာနိုင်ငံနှင့် အိန္ဒိယအရှေ့မြောက်ဒေသရှိ ပြည်နယ်ခြောက်ပြည်နယ်တို့နှင့် ကူးလူးဆက်ဆံမှုများရရှိလာပါက မြန်မာနိုင်ငံအတွက် ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးအခွင့်အလမ်းများ ရရှိလာမည်ဖြစ်သည်။ အလားတူ မြန်မာနိုင်ငံနှင့်ထိစပ်လျက်ရှိသည့် တရုတ်နိုင်ငံ ယူနန်ပြည်နယ်နှင့် စီချမ်ပြည်နယ်တို့သည် နိုင်ငံလူဦးရေနှင့် စီးပွားရေးအခွင့်အလမ်းများစွာရှိသဖြင့် ကုန်သွယ်မှုပြုလုပ်ပါက များစွာအကျိုးဖြစ်ထွန်းမည်ဖြစ်သည်။ ထိုင်းနိုင်ငံနှင့်မူ ယခင်ကတည်းက အပြန်အလှန်ကုန်သွယ်မှုများရှိခဲ့ပြီးဖြစ်သည်။ ရှမ်းပြည်နယ်အရှေ့ပိုင်းနှင့် ဆက်စပ်လျက်ရှိသည့် တရုတ်၊ လာအို၊ ထိုင်းသုံးနိုင်ငံတို့နှင့် အပြန်အလှန်ကုန်သွယ်မှုများ ပြုလုပ်နိုင်ပါက ရှမ်းပြည်နယ်အရှေ့ပိုင်းသည် များစွာဖွံ့ဖြိုးတိုးတက်လာမည်။

ထိုသို့ဆောင်ရွက်ရာတွင် တည်ဆောက်ရေးအပိုင်း၊ လုံခြုံရေးအပိုင်းနှင့် ဥပဒေထိန်းချုပ်ရေးအပိုင်းတို့ကို ဆောင်ရွက်ပေးရန်လိုသည်။ လက်ရှိတွင် အကြမ်းဖက်အဖွဲ့အစည်းများကြောင့် အဆိုပါလမ်းကြောင်းများကို အပြည့်အဝအကောင်အထည်ဖော်ရန်လိုအပ်လျက်ရှိသည်။ ယခုအခါ လုံခြုံရေးနှင့်ပတ်သက်၍ အထိုက်အလျောက် တိုးတက်ကောင်းမွန်လာပြီဖြစ်ရာ နိုင်ငံအလိုက်၊ အဖွဲ့အစည်းအလိုက် သဘောတူညီချက်များပါအတိုင်း ပြီးပြတ်အောင်ဆောင်ရွက်ကြရမည်ဖြစ်သည်။ လုံခြုံရေးပိုင်း ကောင်းမွန်လာပါက တည်ဆောက်ရေးပိုင်းများကို တစ်ပြိုင်တည်း ဆောင်ရွက်ကြရမည်ဖြစ်သည်။ နယ်စပ်ဒေသကုန်သွယ်ရေးသာမက နှစ်နိုင်ငံ နယ်စပ်ဒေသများတွင် နေထိုင်ကြသည့် ပြည်သူများအတွက် ဘာသာရေးအရ၊ ယဉ်ကျေးမှုအရ ချစ်ကြည်ရင်းနှီးမှုနှင့် အပြန်အလှန် ကူးလူးဆက်ဆံမှုများ တိုးတက်ကောင်းမွန်လာအောင် ဆောင်ရွက်ကြရမည်ဖြစ်သည်။

နယ်စပ်ဒေသနေ ပြည်သူများအချင်းချင်း ကူးလူးဆက်ဆံမှုများ ကောင်းမွန်ခြင်းသည် နှစ်နိုင်ငံလုံခြုံရေးနှင့် နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေးတို့ကို များစွာအထောက်အကူပြုမည်ဖြစ်သည်။ အိမ်နီးချင်းနိုင်ငံများနှင့် မဟာဗျူဟာမြောက်ယခုစီမံကိန်းများသည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကိုသာမက နှစ်နိုင်ငံဆက်ဆံရေးကိုပါ မြှင့်တင်အကောင်အထည်ဖော်ဆောင်ရွက်ပေးနိုင်သည့် လုပ်ငန်းများဖြစ်သဖြင့် စီမံကိန်းများအောင်မြင်ရေး အရှိန်အဟုန်မြှင့် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။ သို့ဖြစ်ရာ မဟာဗျူဟာမြောက်လမ်းမကြီးများ တည်ဆောက်ရေးကို သတ်မှတ်ကာလအတွင်းပြီးစီးအောင် ဆောင်ရွက်ကြမည်ဆိုပါက ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများ ပိုမိုတိုးမြှင့်ဆောင်ရွက်နိုင်မည်ဖြစ်ရာ စီမံကိန်းများ အမြန်ဆုံးအောင်မြင်ပြီးစီးရေး ပိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းအပ်ပါကြောင်း။ ။

မြန်မာနိုင်ငံပြန်တမ်း

ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ပြောင်းရွှေ့ခန့်ထားခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ သတင်းအချက်အလက်နည်းပညာနှင့် ဆိုက်ဘာလုံခြုံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဆန်းဝင်းထွန်းကို ဆိုက်ဘာလုံခြုံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်။

(၁၀-၇-၂၀၂၆) ရက်နေ့ရှိ နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

	အမေရိကန်ဒေါ်လာ	တရုတ်ယွမ်	ထိုင်းဘတ်	အိန္ဒိယရူပီး
ငွေလဲလှယ်နှုန်း	၃၆၄၈ ~ ၃၆၆၉	၅၅၅.၃ ~ ၅၅၈.၇	၁၂၅.၃ ~ ၁၂၅.၇	၄၃.၆
ဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏ	၆,၆၄၃,၁၈၁.၄၀	၁,၃၄၉,၂၅၅.၀၀	၂၇,၅၅၁,၇၉၉.၃၄	၁၈,၁၀၀,၀၀၀.၀၀
ဗဟိုဘဏ်မှ ဈေးကွက်အတွင်း ရောင်းချပေးသည့် ပမာဏ				

ဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏမှာ စားသုံးဆီ၊ စက်သုံးဆီ၊ ဆေးနှင့် ဆေးဝါးကုန်ကြမ်းပစ္စည်း၊ စားသုံးကုန်စည်၊ စက်မှုကုန်ကြမ်း၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်း၊ ဆက်သွယ်ရေးလုပ်ငန်းသုံးပစ္စည်း၊ ထုပ်ပိုးမှုပစ္စည်း၊ တိရစ္ဆာန်အစာ တင်သွင်းခြင်းတို့အတွက် ရောင်းချပေးခဲ့ခြင်းဖြစ်ပါသည်။ CMP ကဏ္ဍဝင်ရောက်ငွေမှ အမေရိကန်ဒေါ်လာ ၀.၅၂ သန်းအား စားသုံးဆီတင်သွင်းသည့် ကုမ္ပဏီသို့လည်းကောင်း၊ အမေရိကန်ဒေါ်လာ ၅,၂၇၉.၀၀ အား CMP ကုမ္ပဏီသို့ လည်းကောင်း ရောင်းချပေးခဲ့ပါသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

၁၀ - ၇ - ၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ ငွေကျပ် ၆၉၅၀၀၀ ဖြစ်သည်။**

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် ၁၀ - ၇ - ၂၀၂၆

ကုမ္ပဏီအမည်	အဖွင့်ဈေး (ကျပ်)	အဝိတ်ဈေး (ကျပ်)	ရွယ်ယာစောင်ရေ	ရွယ်ယာတန်ဖိုး (ကျပ်)
FMI	၁၈,၀၀၀	၁၈,၀၀၀	၇၇၁	၁၃,၆၇၈,၀၀၀
MTSH	၈,၄၀၀	၈,၄၀၀	၄,၁၆၇	၃၅,၀၀၂,၈၀၀
MCB	၁၃,၅၀၀	၁၃,၅၀၀	၂၀၆	၂,၇၈၁,၅၀၀
FPB	၇,၀၀၀	၇,၀၀၀	၃၈၈	၂,၇၁၆,၀၀၀
TMH	၃,၈၀၀	၃,၈၀၀	၁၅	၅၇,၀၀၀
EFR	၂,၀၀၀	၂,၀၀၀	၁,၄၅၄	၂,၈၆၃,၂၅၀
AMATA	၄,၁၀၀	၃,၉၅၀	၂	၈,၀၅၀
MAEX	၆,၄၀၀	၆,၄၀၀	၄၅၃	၂,၈၉၂,၈၀၀
MADPL(PLB)	၆,၈၀၀	၆,၉၀၀	၁၂၂	၇၄၉,၈၀၀
ASPGB(PLB)	၆၁,၀၀၀	၆၀,၀၀၀	၂၁၀	၁၂,၆၃၉,၀၀၀

ရန်ကုန်စတော့အိတ်ချိန်းမှရယူသည်။

သင့်စီးပွားရေးလုပ်ငန်းများအောင်မြင်ဖို့ ကြေးမုံသတင်းစာတွင် ကြော်ငြာစို့

စာတည်းမှူးချုပ် - ဝင်းနိုင်
စာတည်းမှူး - အေဝမ်းစိုး
စာတည်းများ - စန်းအောင်၊ ခင်ခင်သက်၊ ယုဝါဂါ၊ သီသီမင်း၊ ဟိန်းထက်လင်း၊ သက်ထွေး၊ စန်းယဉ်ဌ၊ နိုင်လင်းကြည်
ဘာသာပြန် - အောင်ကျော်ကျော်၊ စိုးသူရ

အကြီးတန်း သတင်းထောက်များ - ခင်မိုမိုအောင်၊ ခင်မျိုးနိုင်၊ မာမာစိုး၊ ခိုင်သန္တာရွှေ၊ ခင်ယုဆွေ၊ အိအိမွန်
အငယ်တန်း သတင်းထောက်များ - အောင်ကျော်ဦး၊ သန်းတင်အောင်၊ ခင်သက်မွန်၊ မြသီတာ
သုတေသန - ဇင်မာဝင့်
စာပြင် - ခင်နှင်းယုနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - နိုလာစိုးနှင်းအဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - စိုးချစ်ဦးနှင်းအဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
https://www.moi.gov.mm/km

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၂၅
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန္တလေးရုံး - ၀၁-၈၆၁၀၆၈၅၊ စီမံ/ဌေစာရင်း ၀၁-၂၉၁၄၅၅၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

❍ ရှေ့ဖိုးမှ

ဦးစွာ လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အမျိုးသားကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဒေါ်နန်းနီနီအေးက လူမှုကာကွယ်စောင့်ရှောက်ရေး စနစ်သည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး၏ အခြေခံမဏ္ဍိုင် တစ်ခုဖြစ်ပြီး ပြည်သူ့အားလုံး လူမှုဘဝလုံခြုံမှုရရှိစေရေး၊ ဆင်းရဲနွမ်းပါးမှုလျော့ချနိုင်ရေးနှင့် လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးတို့အပြင် နိုင်ငံ၏ စီးပွားရေး၊ လူမှုရေးတို့ကို အထောက်အကူပြုပြီး အရေးပါသည့် ကဏ္ဍတစ်ရပ်ဖြစ်ကြောင်း။

စနစ်တကျ ဆောင်ရွက်

လူမှုကာကွယ်စောင့်ရှောက်ရေး ဆိုသည်မှာ လူတစ်ဦးချင်းနှင့် အိမ်ထောင်စုများကို စီးပွားရေးနှင့် လူမှုရေးဆိုင်ရာကဏ္ဍများတွင် အန္တရာယ်ကျရောက်နိုင်မှုများမှ ကြိုတင်ကာကွယ်ပေးရေး၊ အခြေခံဝန်ဆောင်မှုများနှင့် အခြေခံအဆောက်အအုံများ အပါအဝင် စီးပွားရေးအခွင့်အလမ်းများ မြှင့်တင်ပေးနိုင်ရေး၊ ရုတ်တရက်ဝင်ရွေ့ဆုံးရှုံးမှုများနှင့် အရေးပေါ် အခြေအနေများကြောင့် ဖြစ်ပေါ်လာသည့် လူသားချင်း စာနာထောက်ထားရေးဆိုင်ရာ အခက်အခဲ အကျပ်အတည်းများ စီမံဖြေရှင်းနိုင်ရေးတို့အတွက် နိုင်ငံတော်အစိုးရက မူဝါဒ၊ လုပ်ထုံးလုပ်နည်း၊ အစီအမံများဖြင့် စနစ်တကျ ချမှတ်ဆောင်ရွက်ပေးရသည့် လုပ်ငန်းစဉ်များပင်ဖြစ်ကြောင်း။

မြန်မာနိုင်ငံ၏ လူမှုကာကွယ်စောင့်ရှောက်ရေး အမျိုးသားအဆင့် မဟာဗျူဟာစီမံချက်တွင် အဓိက လုပ်ငန်းစဉ် (၈)ရပ်ဖြစ်သည့် ကိုယ်ဝန်ဆောင် အမျိုးသမီးများနှင့် အသက် ၂ နှစ်အရွယ်အထိ ကလေးသူငယ်များအား ထောက်ပံ့ကွေပေးအပ်ခြင်း၊ ယင်းထောက်ပံ့ကွေကို အသက်ပိုကြီးသော ကလေး များအတွက် အဆင့်ဆင့်တိုးချဲ့ထောက်ပံ့ခြင်း၊ မသန်စွမ်းသူများအတွက် ထောက်ပံ့ကွေပေးအပ်ခြင်း၊ ကျောင်းတွင်း အာဟာရကျွေးမွေးသော အစီအစဉ် များ ဆောင်ရွက်ခြင်း၊ အများပြည်သူ အလုပ်အကိုင် ရရှိရေးနှင့် အသက်မွေးဝမ်းကျောင်းပညာရေး အစီအစဉ်များ ဆောင်ရွက်ခြင်း၊ လူမှုရေးပင်စင် အစီအစဉ်ဆောင်ရွက်ခြင်း၊ သက်ကြီးသူချုင်း ကူညီ စောင့်ရှောက်ရေးအဖွဲ့များအား ထောက်ပံ့ခြင်းနှင့် ဘက်စုံလူမှုကာကွယ်စောင့်ရှောက်ရေး ဝန်ဆောင်မှု များ ဆောင်ရွက်ပေးခြင်းတို့ကို ရေးဆွဲထားရှိကြောင်း၊ အဆိုပါ မဟာဗျူဟာစီမံချက်ကို လူမှုကာကွယ် စောင့်ရှောက်ရေး၏ အဓိကအုပ်ငံးကဏ္ဍ(၄)ရပ် တို့ဖြင့် ဆောင်ရွက်နေခြင်းဖြစ်ကြောင်း။

ဝန်ကြီးဌာနများအလိုက် လက်ရှိဆောင်ရွက်နေ သည့် လူမှုကာကွယ်စောင့်ရှောက်ရေး လုပ်ငန်းရပ် များ ထိရောက်အောင်ဖြင့်အောင် ဆောင်ရွက်နိုင်ရန် အတွက် နိုင်ငံတော်အစိုးရအပါအဝင် ပုဂ္ဂလိက လုပ်ငန်းရှင်များ၊ ပြည်တွင်း၊ ပြည်ပ ပရဟိတအဖွဲ့ အစည်းများသာမက ပြည်သူများပါ ပူးပေါင်း ဆောင်ရွက်ရန်ဖြစ်ကြောင်း၊ မဟာဗျူဟာလုပ်ငန်းစဉ် များအနက်မှ အပြည့်အဝ ဆောင်ရွက်နိုင်ခြင်းမရှိသေး သည့် လုပ်ငန်းစဉ်များကိုလည်း ကာလတို၊ ကာလ လတ်၊ ကာလရှည် စီမံကိန်းများရေးဆွဲပြီး ဆောင်ရွက် သွားကြရန် အထူးမှာကြားလိုကြောင်း၊ လူမှုကာကွယ် စောင့်ရှောက်ရေး အမျိုးသားအဆင့် မဟာဗျူဟာ စီမံချက်ကို ထုတ်ပြန်ခဲ့သည်မှာ ၁၀ နှစ်ကျော်ပြီ ဖြစ်သဖြင့် ပြန်လည်သုံးသပ်ကာ ခေတ်နှင့်လျော်ညီပြီး ပိုမိုခိုင်မာသည့် လူမှုကာကွယ်စောင့်ရှောက်ရေးစနစ် တစ်ရပ် တည်ဆောက်သွားရန် လိုအပ်ကြောင်း။

လူမှုကာကွယ်စောင့်ရှောက်ရေး လုပ်ငန်းများ သည် အစိုးရတစ်ရပ်အနေဖြင့် မဖြစ်မနေ ဆောင်ရွက် ပေးရမည့် လုပ်ငန်းရပ်များဖြစ်သကဲ့သို့ ပြည်သူလူထု ကို အမှန်တကယ် တိုက်ရိုက်အကျိုးပြုသည့် လုပ်ငန်း များလည်းဖြစ်ကြောင်း၊ လူမှုကာကွယ်စောင့်ရှောက် ရေးသည် ပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုး တိုးတက်မှုကို မြှင့်တင်ပေးရုံသာမက နိုင်ငံ၏ ရေရှည် တည်တံ့ခိုင်မြဲသည့် ဖွံ့ဖြိုးတိုးတက်မှုကို အထောက် အကူပြုပြီး အရေးပါသည့် ရင်းနှီးမြှုပ်နှံမှုတစ်ခုလည်း ဖြစ်ကြောင်း၊ ထို့ကြောင့် "မည်သူတစ်ဦးတစ်ယောက် မျှ နောက်ကျမကျန်စေရ"ဆိုသည့် ရည်မှန်းချက်ဖြင့် လူမှုကာကွယ်စောင့်ရှောက်ရေးစနစ်များ ပိုမို အားကောင်းလာစေရေးအတွက် တက်ရောက်လာကြ သူများအနေဖြင့် သက်ဆိုင်ရာကဏ္ဍများအလိုက် ထိထိရောက်ရောက်အကောင်အထည်ဖော်ဆောင်ရွက် နိုင်မည့် နည်းလမ်းများကို သုံးသပ်အကြံပြု ဝိုင်းဝန်း ဆွေးနွေးသွားကြရန် တိုက်တွန်းလိုကြောင်း ပြောကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် လူမှုကာကွယ်စောင့်ရှောက်ရေး ဆိုင်ရာ အမျိုးသားကော်မတီဒုတိယဥက္ကဋ္ဌ လူမှု ဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ စိုးဝင်း က လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာလုပ်ငန်း များ ဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းအစီအမံ များကို လည်းကောင်း၊ ကော်မတီအတွင်းရေးမှူး ဒုတိယဝန်ကြီး ဒေါက်တာသန့်ဇော်လွင်က ယခင် အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက် ပြီးစီးမှု အခြေအနေများကိုလည်းကောင်း ရှင်းလင်း တင်ပြကြသည်။

ယင်းနောက် တက်ရောက်လာကြသူများက လူမှုကာကွယ်စောင့်ရှောက်ရေး လုပ်ငန်းများနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာကဏ္ဍအလိုက် အကောင် အထည်ဖော်ဆောင်ရွက်နေမှု အခြေအနေများနှင့် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းအစီအမံ များကို ရှင်းလင်းတင်ပြကြရာ ကော်မတီဥက္ကဋ္ဌ ဒုတိယ သမ္မတက ဖြည့်စွက်ဆွေးနွေးပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးရှု နိဂုံးချုပ်အမှာ စကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက် ကြောင်း သိရသည်။

သတင်းစဉ်

နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်) အရာထမ်းငယ်သင်တန်း အမှတ်စဉ်(၁၃၆) သင်တန်းဆင်းပွဲ ကျင်းပ

ရန်ကုန် ဇူလိုင် ၁၀

အရာထမ်းငယ်သင်တန်း အမှတ်စဉ်(၁၃၆)၏ သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြ အခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် နိုင်ငံ့ဝန်ထမ်း တက္ကသိုလ် (အောက်မြန်မာပြည်) စစ်ရေးပြကွင်း၌ ကျင်းပသည်။



သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြ အခမ်းအနားတွင် ပါမောက္ခချုပ်က သင်တန်း ထူးချွန်ဆုများနှင့် သင်တန်းဆင်း အောင်လက်မှတ်များကို ပေးအပ်ပြီး အမှာစကား ပြောကြားသည်။

အဆိုပါသင်တန်းသို့ သင်တန်းသား ၁၈၇ ဦး၊ သင်တန်းသူ ၂၉၆ ဦး စုစုပေါင်း ၄၈၃ ဦး တက်ရောက်ပြီး သင်တန်းကို မေ ၄ ရက်မှ ဇူလိုင် ၁၀ ရက်အထိ ဖွင့်လှစ်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

■ မုတ်သုံလေမှ

နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် နေရာကွက်၍ မိုးကြီးနိုင်သည်။


မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင် လေသည် တစ်နာရီလျှင် ၆၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၉ ပေမှ ၁၂ ပေခန့် ရှိနိုင်သည်။

အကြံပြုချက်

သို့ဖြစ်ပါ၍ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားကောင်းလာနိုင်ခြင်းကြောင့် မိုးသည်းထန်စွာ ရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှု အန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများ အနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ပါရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

မိုး/ဧလ

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၊ WRF မော်ဒယ်လ်၏ ဇူ-ဂု-၂၀၂၆ ရက်နေ့ မြန်မာစံတော်ချိန် ဝ၆:၃၀ နာရီအချိန်ကို အခြေခံတွက်ထုတ်ထားသည့် ၁၅-ဂု-၂၀၂၆ ရက်နေ့မှ ၁၈-ဂု-၂၀၂၆ ရက်နေ့အထိ မိုးရွာသွန်းမှု ခန့်မှန်းချက်ပြပုံ



❖ မြောက်ဥက္ကလာပမှ

ဇူလိုင် ၈ ရက်တွင် ခုတင်-၅၅၀ ဆုံ ကလေးဆေးရုံကြီး(ရန်ကင်း) ရန်ကုန်သို့ လွှဲပြောင်းကာ မွေးကင်းစအထူးကြပ်မတ်ကုသဌာနခွဲ ဆက်လက်၍ ပြုစုကုသစောင့်ရှောက်ပေးလျက်ရှိပြီး အဆိုပါ ရင်ချုပ်ဆက်အမြွှာကလေးများအား လိုအပ်သောဆေးကုသမှုများ ဆောင်ရွက်ရန်နှင့် ခွဲစိတ်ကုသမှု(Separation Surgery) ဆောင်ရွက်ပေးနိုင်မည့် အခြေအနေများကို စီစဉ်ဆောင်ရွက်နိုင်ရန်အတွက် မြောက်ဥက္ကလာပပြည်သူ့ဆေးရုံကြီး ဆေးရုံအုပ်ကြီး ဦးဆောင်၍ မြောက်ဥက္ကလာပပြည်သူ့ဆေးရုံကြီးနှင့် ခုတင်-၅၅၀ ဆုံ ကလေးဆေးရုံကြီး(ရန်ကင်း)တို့မှ ဘာသာရပ်ဆိုင်ရာပညာရှင်များပါဝင်သော ဆေးကုသရေး အဖွဲ့အား ဖွဲ့စည်းပြီး ကုသမှုများဆက်လက်ဆောင်ရွက်ပေးလျက်ရှိကာ ကလေးများ၏ ကျန်းမာရေးအခြေအနေကောင်းမွန်ကြောင်း သိရသည်။

သတင်းစဉ်

❍ MAI မှ

ထိုသို့ ပျံသန်းပြေးဆွဲရာတွင် အပတ်စဉ် အဂိါနေ့နှင့် ကြာသပတေးနေ့များ၌ ရက်သတ္တတစ်ပတ်လျှင် နှစ်ကြိမ် ပျံသန်းပြေးဆွဲသွားမည်ဖြစ်သည်။

MAI အနေဖြင့် ရန်ကုန်နှင့် မန္တလေးမြို့များကို အခြေပြု၍ ယခုပျံသန်းပြေးဆွဲသွားမည့် မုံရွာခရီးစဉ် အပါအဝင် ပြည်တွင်း ခရီးစဉ် ၂၀ မြို့နှင့် ပြည်ပခရီးစဉ် ၂၁ မြို့သို့ Airbus A320 Family လေယာဉ်များ၊ Embraer E190 လေယာဉ်များ၊ ATR72-600 လေယာဉ် များနှင့် Boeing 737 Freighter များဖြင့် ပျံသန်း ပြေးဆွဲလျက်ရှိကြောင်း သိရသည်။

ကိုထက်

ဓာတ်အားလိုင်းထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းများ ဓာတ်အားပိတ် ဆောင်ရွက်မည်

နေပြည်တော် ဇူလိုင် ၁၀

၂၃၀ ကေဗွီ ကွန်း-သာယာကုန်း ဓာတ်အားလိုင်းသည် ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့ အတွင်းရှိ ခရိုင်၊ မြို့ဧရိယာများတွင် စဉ်ဆက်မပြတ် ဓာတ်အား ပို့လွှတ်ဖြန့်ဖြူးပေးနိုင်ရေးအတွက် အရေးပါသည့် ဓာတ်အားလိုင်း ဖြစ်ပြီး ကျောက်တံခါးမြို့နယ် သာယာကုန်းခွဲရုံအနီး တာဝါတိုင် အမှတ်(၁၂၉ မှ ၁၃၆)အကြားတွင် ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်း များကို ဆောင်ရွက်သွားမည်ဖြစ်သည်။

အဆိုပါလုပ်ငန်းများ ဆောင်ရွက်ပြီးပါက မလိုလားအပ်သည့် ဓာတ်အားပြတ်တောက်မှုများလျော့နည်းပြီး ဓာတ်အားလွှတ်စက်ပစ္စည်းများ ထိခိုက်ပျက်စီးမှုကို ကာကွယ်နိုင်မည်ဖြစ်သည့် အတွက် အထက်ဖော်ပြပါလုပ်ငန်းများကို ဇူလိုင် ၁၁ ရက်(စနေနေ့) နံနက် ၈ နာရီမှ မွန်းတည့် ၁၂ နာရီအထိ လုပ်ငန်းများ ဆောင်ရွက် သွားမည်ဖြစ်သည်။

လုပ်ငန်းဆောင်ရွက်နေစဉ်အတွင်း အဆိုပါ ဓာတ်အားလိုင်း ပေါ်တွင် စီးဆင်းလျက်ရှိသော ဝန်အား ၂၀၀ မဂ္ဂါဝပ်ခန့် လျော့နည်း နေမည်ဖြစ်ပြီး ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် ဝန်အားထိန်းညှိဆောင်ရွက်သွားမည် ဖြစ်ကြောင်း လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ သိရသည်။

သတင်းစဉ်

လျှပ်စစ်သုံးလျှင် သတိယှဉ် ဝန်အားမမျှ မသုံးရ

တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၂၁ ရက်မြောက်နေ့ ကျင်းပ

နေပြည်တော် ဇူလိုင် ၁၀

တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၂၁ ရက်မြောက်နေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ၊ ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်းနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် တရားရုံးများ အဂတိကင်းစင်ရေးညွှန်းကိန်းများ သတ်မှတ်ပေးရေး၊ လမ်းများအဆင့်မြှင့်တင်ပေးနိုင်ရေး၊ စားသုံးသူရေးရာကာကွယ်ရေးဥပဒေကို ဖြည့်စွက်ပြင်ဆင်ပေးရေး၊ ရေဘေးလွတ်ရာသို့ ကျေးရွာပြောင်းရွှေ့ပေးနိုင်ရေး၊ ယာဉ်ရပ်နားစခန်း တည်ဆောက်ပေးရေး၊ ငါးဖမ်းစက်လှေများ၏ ကမ်းနီးဝင်ရောက်ငါးဖမ်းမှုကို ဥပဒေအရ ထိရောက်စွာ တားဆီးအရေးယူပေးရေး၊ ကုန်စျေးနှုန်းကျဆင်းရေးနှင့် ပြည်သူများအာဟာရပြည့်ဝစွာစားသုံးနိုင်ရေးအတွက် အစီအမံများ ဆောင်ရွက်ပေးရေးတို့နှင့်စပ်လျဉ်း၍ မေးခွန်း ၁၂ ခု မေးမြန်းဖြေကြားခြင်းတို့ကို ဆောင်ရွက်ကြသည်။

ဦးစွာ မြောက်ဥက္ကလာပ မဲဆန္ဒနယ်မှ ဦးနေလင်းအောင်၏ **တရားသူကြီးများ၏ကျင့်ဝတ် ဖောက်ဖျက်မှုနှင့် အဂတိလိုက်စားမှုများကို တိုင်ကြားနိုင်သည့် လွတ်လပ်သော တိုင်ကြားစာယန္တရားအား ဆောင်ရွက်ပေးနိုင်ခြင်း ရှိ၊ မရှိနှင့် တရားရုံးအဆင့်ဆင့်၏ အဂတိကင်းစင်မှုနှင့် အရည်အသွေးကိုတိုင်းတာသည့် ညွှန်ကိန်းများသတ်မှတ်ထားခြင်း ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး ဦးသိန်းကိုကိုက မြန်မာနိုင်ငံတွင် လွတ်လပ်ရေးရပြီးကာလ၌ အဂတိလိုက်စားခြင်းများကို တားမြစ်ရန် ၁၉၄၈ ခုနှစ် အဂတိလိုက်စားမှုတားမြစ်ရေး အက်ဥပဒေကို ပြဋ္ဌာန်းဆောင်ရွက်ခဲ့ပါကြောင်း၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေအသစ်ကို ၂၀၁၃ ခုနှစ်တွင် ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းခဲ့ပါကြောင်း၊ ယင်းဥပဒေပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်သူ မည်သူ့ကိုမဆို ကင်းလွတ်ခွင့်ပေးထားခြင်းမရှိကြောင်း။

မြို့နယ်တရားရုံးများနှင့် ခရိုင်တရားရုံးများတွင် တာဝန်ထမ်းဆောင်ကြသည့် တရားသူကြီးများသည် နိုင်ငံ့ဝန်ထမ်းများဖြစ်ကြသည့်အားလျော်စွာ နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေများနှင့် ဝန်ထမ်းကျင့်ဝတ်များကို လိုက်နာကြရသည့်အပြင် တစ်ဖက်တွင်လည်း တရားစီရင်ရေးကျင့်ဝတ်များကို လိုက်နာရန် တာဝန်ရှိပါကြောင်း၊ တရားသူကြီးများအတွက် တရားစီရင်ရေးကျင့်ဝတ်ကိုလည်း ၂၀၁၇ ခုနှစ်တွင် ထုတ်ပြန်ခဲ့ပြီးဖြစ်ပါကြောင်း။

ပြည်ထောင်စုတရားလွှတ်တော်ချုပ်အနေဖြင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေအရ အရေးယူရန်မသင့်၍ လွှဲပြောင်းပေးသည့် တိုင်စာများ၊ နိုင်ငံတော်သမ္မတရုံးက လွှဲပြောင်းပေးပို့သည့် တိုင်စာများ၊ မိမိတို့ဌာနသို့ တိုက်ရိုက်တိုင်ကြားသည့် တိုင်စာများအပေါ်တွင် ကျင့်ဝတ်ဖောက်ဖျက်မှု၊ ဝန်ထမ်းစည်းကမ်း ဖောက်ဖျက်မှုများရှိကြောင်း အခြေအမြစ်ရှိပါက ဌာနဆိုင်ရာစုစမ်းစစ်ဆေးမှုများ ဆောင်ရွက်ပြီး နိုင်ငံ့ဝန်ထမ်းဥပဒေနှင့်အညီ ဌာနဆိုင်ရာဖြစ်ဒဏ်ပေးခြင်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ တရားရေးအရာရှိများနှင့် ဝန်ထမ်းများအပေါ် ပြစ်ဒဏ်ချမှတ်ခဲ့သည့် အချက်အလက်များကိုလည်း တရားရုံးနှစ်စဉ်အစီရင်ခံစာများတွင် ပွင့်လင်းမြင်သာစွာ ထည့်သွင်းဖော်ပြလျက်ရှိပါကြောင်း။

တရားရုံးအဆင့်ဆင့်၏ အဂတိကင်းစင်မှုနှင့် အရည်အသွေးကို တိုင်းတာသည့်ညွှန်ကိန်းများ



သတ်မှတ်မှုနှင့်စပ်လျဉ်း၍ ဆောင်ရွက်သင့်သည့် လုပ်ငန်းတစ်ရပ်အဖြစ် မှတ်သားထားပြီး အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်၏ အကြံဉာဏ်များရယူ၍ ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ တရားသူကြီးများ၏ ကျင့်ဝတ်ဖောက်ဖျက်မှုများနှင့် အဂတိလိုက်စားမှုများကို တိုင်ကြားနိုင်သည့် လွတ်လပ်သော တိုင်ကြားစာယန္တရားများအား ဆောင်ရွက်ထားရှိပြီးဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

နမ့်စန်မဲဆန္ဒနယ်မှ ဦးဌေးလွင်(ခ)ဦးဒီလုံး၏ **နမ့်စန်မြို့နယ်ရှိ မိုင်းစိတ်–နောင်စန်, မြေသားလမ်းအား ကျောက်ချောလမ်းအဖြစ် ဆောင်ရွက်ပေးရန်နှင့် မိုင်းစိတ်–နောင်စန်–ဟွေဆိုင်း–ညောင်ပင်သာ–စွေးကုန်း(နောင်ဘို) ကျေးရွာလမ်းပိုင်းကို ကတ္တရာလမ်းအဖြစ် ဆောင်ရွက်ပေးရန် သိရှိလိုခြင်း** မေးခွန်းနှင့်စပ်လျဉ်း၍ နယ်စပ်ရေးရာဝန်ကြီးဌာနက ဒုတိယဝန်ကြီး ဗိုလ်ချုပ်ကျော်စွာဦးက မိုင်းစိတ်–နောင်စန်–ဟွေဆိုင်း–ညောင်ပင်သာ–စွေးကုန်း (နောင်ဘို) ကျေးရွာချင်းဆက်လမ်းသည် နယ်စပ်ရေးရာဝန်ကြီးဌာနက စီမံခန့်ခွဲသည့်လမ်းဖြစ်ပါကြောင်း၊ အဆိုပါ ကျေးရွာချင်းဆက်လမ်း၏ ၉ မိုင်တွင် ၈ မိုင်မှာ ကျောက်ခင်းပြီးဖြစ်၍ ကျောက်ခင်းရန်ကျန်ရှိသည့် မိုင်းစိတ်နှင့် နောင်စန့်လမ်းပိုင်း မြေသားလမ်း ၁ မိုင် အား ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ပေးရန် ကျန်ရှိပါကြောင်း။

အဆိုပါ မြေလမ်း ၁ မိုင်ကို ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင်ခြင်းနှင့် ကျောက်လမ်း ၈ မိုင်ကို ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို လာမည့်ဘဏ္ဍာနှစ်များတွင် နယ်စပ်ဒေသဖွံ့ဖြိုးရေး ပြည်ထောင်စု သို့မဟုတ် ပြည်နယ်အစိုးရ ရန်ပုံငွေမှ ဘဏ္ဍာငွေခွဲဝေရရှိမှုအပေါ် မူတည်၍ လျာထားဆောင်ရွက်မည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

သန်လျင်မဲဆန္ဒနယ်မှ ဦးမိုးမြင့်၏ **စားသုံးသူရေးရာကာကွယ်ရေးဥပဒေတွင် လုပ်ငန်းရှင်များက ရောင်းချသည့်ဈေးနှုန်းနှင့်ပတ်သက်၍ ကျေနပ်မှုမရှိပါက စားသုံးသူများအား ကာကွယ်ပေးနိုင်သည့် အချက်အား စားသုံးသူအခွင့်အရေးတွင် ဖြည့်စွက်ပြဋ္ဌာန်းရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းမင်းက စားသုံးသူကာကွယ်ရေးနည်းဥပဒေကို ၂၀၂၂ ခုနှစ်တွင် ထုတ်ပြန်ခဲ့ပါကြောင်း၊ စားသုံးသူကာကွယ်ရေးဥပဒေပါ ရည်ရွယ်ချက်များအနက် စားသုံးသူအခွင့်အရေးများ အပြည့်အဝရရှိစေရန်နှင့် စီးပွားရေးလုပ်ငန်းရှင်များဘက်မှလည်း ဥပဒေနှင့်အညီ ဆောင်ရွက်စေရန်တို့ ပါဝင်ပါကြောင်း၊ စားသုံးသူကာကွယ်ရေးဥပဒေတွင် ကုန်စည်များအပြင် ဝန်ဆောင်မှုများနှင့်စပ်လျဉ်းသည့် စားသုံးသူများ၏ နစ်နာဆုံးရှုံးမှုကို အကာအကွယ်ပေးထားပါကြောင်း။

စီးပွားရေးလုပ်ငန်းရှင်များကိုလည်း စားသုံးသူကာကွယ်ရေးဥပဒေပါ လုပ်ငန်းရှင်များ၏ တာဝန်များကို သိရှိလိုက်နာစေရန်နှင့် ဥပဒေနှင့်အညီ ဆောင်ရွက်စေရန် အသိပညာပေးဆွေးနွေးပွဲများကို အကြိမ်ပေါင်းများစွာ ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ စားသုံးသူများအနေဖြင့် ကုန်စည်နှင့်ဝန်ဆောင်မှုများကို ဝယ်ယူရာတွင် ဈေးနှုန်းအပါအဝင် အရည်အသွေးများနှင့် ကျန်းမာရေးဆိုင်ရာ လုံခြုံစိတ်ချရမှုရှိစေရေးအတွက် ဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ စစ်ဆေးရေးအရာရှိများကို တာဝန်ပေးအပ်ထားပါကြောင်း၊ စားသုံးသူကာကွယ်ရေးဥပဒေ ၂၀၁၉ တွင် ဈေးနှုန်းနှင့်ပတ်သက်၍ စားသုံးသူအခွင့်အရေးကို ကာကွယ်ပေးနိုင်ရေး ထည့်သွင်းပြဋ္ဌာန်းထားရှိပြီး ဖြစ်ပါသဖြင့် စားသုံးသူကာကွယ်ရေးဥပဒေတွင် လုပ်ငန်းရှင်များက ရောင်းချသည့် ဈေးနှုန်းနှင့် ပတ်သက်၍ ကျေနပ်မှုမရှိပါက စားသုံးသူများအား ကာကွယ်ပေးနိုင်သည့်အချက်အား ထပ်မံဖြည့်စွက် ပြဋ္ဌာန်းပေးရန် အစီအစဉ်မရှိပါကြောင်း ပြန်လည်ဖြေကြားသည်။

မိုးညှိမဲဆန္ဒနယ်မှ ဒေါ်ဇာခြည်လွင်၏ **မိုးညှိနှင့် ကြို့ပင်ကောက်မြို့နယ်ချင်းဆက်လမ်းအား ဂဝံခင်းခြင်းနှင့် လမ်းပုံးချဲ့ခြင်းကို မည်သည့်ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ပေးမည်ကို သိလိုခြင်း** မေးခွန်းနှင့်စပ်လျဉ်း၍ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိုက်စိုးက ပဲခူးတိုင်းဒေသကြီး မိုးညှိမြို့နယ် ငါးကျီး-အင်းပွားကြီး-ရွာသာယာလမ်းသည် သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနပိုင်လမ်းဖြစ်ပြီး မြေသားလမ်းအရှည် ၃ မိုင်အား မြေနီကျောက်စရစ်ခင်းခြင်း လုပ်ငန်းဆောင်ရွက်မည်ဆိုပါက ခန့်မှန်းငွေကျပ် ၅၂၈ သန်းခန့် ကုန်ကျမည်ဖြစ်ပါကြောင်း၊ သွားလာရေးအဆင်ပြေချောမွေ့စေရန် ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်မည်ဆိုပါက ငွေကျပ်သန်း ၈၀ ခန့် ကုန်ကျမည်ဖြစ်ပါကြောင်း။

သို့ဖြစ်ပါ၍ ကျေးလက်လမ်းဖွံ့ဖြိုးရေး မဟာဗျူဟာအပေါ်အခြေခံ၍ပြီး ကျေးလက်နေ ပြည်သူလူထု၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မှု အကျိုးပြုနှုန်း၊ မြေပြင်လမ်းပန်းဆက်သွယ်မှု လိုအပ်ချက်၊ ရွေးချယ်မှုအပေါ် တိုင်းဒေသကြီးငွေလုံးငွေရင်း ရန်ပုံငွေဖြင့် ၂၀၂၇-၂၀၃၈ ဘဏ္ဍာရေးနှစ်တွင် ဂဝံ ၁ မိုင် ခင်းခြင်း လျာထားတင်ပြသွားမည်ဖြစ်ပြီး ရန်ပုံငွေအပေါ်မူတည်၍ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

တိုက်ကြီးမြို့နယ်အတွင်းရှိ **ဖလုံ-မြိုင်ဟေဝန်လမ်းမကြီးမှ ဂေါ်ရင်ဂျီကုန်းကျေးရွာသို့ ဆက်သွယ်သော လမ်းအား ကွန်ကရစ်ခင်းပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးသိုက်စိုးက တိုက်ကြီးမြို့နယ် ဖလုံ-ဂေါ်ရင်ဂျီကုန်းလမ်း ၁ မိုင် အား ကွန်ကရစ်လမ်းခင်းခြင်း ဆောင်ရွက်မည်ဆိုပါက ခန့်မှန်းငွေကျပ် ၁၂၁ ဒသမ ၆၄ သန်း ကုန်ကျမည် ဖြစ်ပါကြောင်း၊ ကျေးလက်နေပြည်သူလူထု၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မှု အကျိုးပြုနှုန်း၊ မြေပြင်လမ်းပန်းဆက်သွယ်မှုလိုအပ်ချက်၊ ရွေးချယ်မှုအပေါ် ၂၀၂၇-၂၀၃၈ ဘဏ္ဍာရေးနှစ်တွင် ကွန်ကရစ်ခင်းခြင်းလုပ်ငန်းအား တိုင်းဒေသကြီး ငွေလုံးငွေရင်း ရန်ပုံငွေဖြင့် ဦးစားပေးစီစဉ်သည့်အတိုင်း လျာထားတင်ပြသွားမည်ဖြစ်ပြီး ရရှိရန်ပုံငွေအပေါ်မူတည်၍ လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

မင်းလှမဲဆန္ဒနယ်မှ ဦးရဲထွန်းအောင်၏ **မင်းလှနှင့် အုတ်ဖိုမြို့နယ်ဆက်သွယ်သည့် လမ်းပေါ်ရှိ အိုးသည်ကုန်းမြို့၊ စိုလ်တန်းလမ်းမှ အုန်းနဲခွေချောင်းကျေးရွာအကျော် ကွန်ကရစ်လမ်းအထိအား ကွန်ကရစ်လမ်းအဖြစ် မည်သည့်ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်း** မေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးသိုက်စိုးက ပဲခူးတိုင်းဒေသကြီး မင်းလှမြို့နယ်နှင့် အုတ်ဖိုမြို့နယ် အိုးသည်ကုန်းမြို့သို့ ဆက်သွယ်သည့် လမ်းသည် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနပိုင်လမ်းဖြစ်ပြီး လမ်းအရှည် ၃ မိုင် ၂ ဖာလုံကျော်ရှိပါကြောင်း။

အဆိုပါလမ်းအရှည် ၁ မိုင် ၄ ဒသမ ၂၇ ဖာလုံသည် ယခုအခါ ပျက်စီးလျက်ရှိပြီး အကျယ် ၁၂ ပေ၊ ဒု ဂု လက်မ ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်မည်ဆိုပါက ခန့်မှန်းငွေကျပ် ၁၄၂၉ သန်း ကုန်ကျမည်ဖြစ်ပါကြောင်း။

သို့ဖြစ်ပါ၍ ၂၀၂၆-၂၀၃၇ ဘဏ္ဍာရေးနှစ်တွင် တိုင်းဒေသကြီး ပြင်ဆင်ထိန်းသိမ်းခြင်းရန်ပုံငွေဖြင့် သွားလာမှုအဆင်ပြေစေရန် ဘီးလမ်းနှစ်ခုကြား မြေနီခင်းခြင်းလုပ်ငန်း၊ လမ်းပခုံးများပြုပြင်ခြင်းနှင့် လမ်းပေါက်များ ဖာထေးခြင်းလုပ်ငန်း ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ကျန်လမ်းပိုင်းအား လာမည့် ဘဏ္ဍာနှစ်တွင် ပြင်ဆင်ထိန်းသိမ်းခြင်းရန်ပုံငွေဖြင့် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

မြို့သစ်မဲဆန္ဒနယ်မှ ဦးစိုးဝင်း၏ **မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ်အတွင်းရှိ မြို့လုလင်–ဆူးတပ်ကြီး–မိုးကောင်းကျေးရွာချင်းဆက်လမ်း ၄ မိုင်ခန့်အား ကျောက်ချောလမ်း၊ ကတ္တရာလမ်းသို့မဟုတ် ကွန်ကရစ်လမ်းအဖြစ်သို့ အဆင့်မြှင့်တင်ပေးရန် အစီအစဉ် ရှိ၊ မရှိနှင့် ရှိပါက လာမည့်ဘဏ္ဍာရေးနှစ်တွင် စတင်ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးသိုက်စိုးက မြို့သစ်မြို့နယ် မြို့လုလင်–ဆူးတပ်ကြီး–မိုးကောင်းကျေးရွာချင်းဆက်လမ်းသည် မြေနီလမ်းအမျိုးအစားဖြစ်ပါကြောင်း၊ အဆိုပါမြေနီလမ်း အရှည် ၄ မိုင်အား ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်မည်ဆိုပါက ငွေကျပ်သန်း ၁၃၀၀ ခန့်၊ ကုန်ကျမည်ဖြစ်ပါကြောင်း၊ ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်မည်ဆိုပါက ငွေကျပ် ၃၅၄၄ သန်းခန့်၊ ကုန်ကျမည်ဖြစ်ပါကြောင်း၊ အဆိုပါ လမ်းအား သွားလာမှုချောမွေ့စေရန် ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်မည်ဆိုပါက ငွေကျပ် ၁၃၃ သန်းခန့် ကုန်ကျမည်ဖြစ်ပါကြောင်း။

သို့ဖြစ်ပါ၍ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် ပြင်ဆင်ထိန်းသိမ်းခြင်း ရန်ပုံငွေအကန့်အသတ်အတွင်းမှ ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး ထပ်မံလိုအပ်သည့် ဘဏ္ဍာငွေအား ကျေးလက်လမ်းဖွံ့ဖြိုးရေးမဟာဗျူဟာအပေါ်အခြေခံပြီး ကျေးလက်နေပြည်သူလူထု၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မှုအကျိုးပြုနှုန်း၊ မြေပြင်လမ်းပန်းဆက်သွယ်မှုလိုအပ်ချက်၊ ရွေးချယ်မှုအပေါ် ပြည်ထောင်စု(သို့မဟုတ်) တိုင်းဒေသကြီး ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ဦးစားပေးစီစဉ်သည့်အတိုင်း ပြင်ဆင်ထိန်းသိမ်းနိုင်ရေး လျာထားတင်ပြသွားမည်ဖြစ်ပြီး ရရှိရန်ပုံငွေအပေါ်မူတည်၍ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

စာမျက်နှာ ၅ သို့ ☆

☆ စာမျက်နှာ ၄ မှ

ပျဉ်းမနားမဲဆန္ဒနယ်မှ ဦးခင်မောင်ဌေး၏ **ပျဉ်းမနားမြို့နယ် သာယာစုကျေးရွာအား ရေဘေးလွတ်နိုင်မည့် သင့်တော်သော မြေနေရာသို့ ရွှေ့ပြောင်းရန် အစီအစဉ် ရှိ၊ မရှိနှင့် ရှိပါက ဘုန်းကြီးကျောင်း၊ မူလတန်းလွန်ကျောင်းနှင့် လူထုခန်းမများ ပါဝင်သည့် မြေဧရိယာသတ်မှတ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာရဲတင့်ထွန်းက ပျဉ်းမနားမြို့နယ် သာယာစုကျေးရွာသည် ကူးတို့ဆိပ်ကျေးရွာအုပ်စုပေါင်းလောင်းမြစ်အရှေ့ဘက်တွင်ရှိပြီး ပျဉ်းမနားမြို့၏အရှေ့ဘက် ၁၅ မိုင်ခန့်အကွာတွင် တည်ရှိပါကြောင်း။

သာယာစုကျေးရွာ ရွှေ့ပြောင်းနိုင်ရေးကိစ္စနှင့် ပတ်သက်၍ ပျဉ်းမနားနဲရိုင်နှင့် မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီက ဦးဆောင်၍ ၂၀၂၆ ခုနှစ် မတ် ၁၂ ရက်တွင် ကူးတို့ဆိပ်ကျေးရွာအုပ်စု သာယာစုကျေးရွာသို့ကွင်းဆင်း၍ ကျေးရွာနေပြည်သူများနှင့် တွေ့ဆုံညှိနှိုင်းခဲ့ရာ ကျေးရွာနေပြည်သူများက ပထမဦးစားပေး မြေနေရာဖြစ်သော မြေလွတ်၊ မြေရိုင်းဧက ၃၆ နေရာသို့သာ ပြောင်းရွှေ့လိုကြောင်း၊ ၎င်းနေရာသည် မြေလွတ်၊ မြေရိုင်း စိုက်ပျိုးလုပ်ပိုင်ခွင့်လျှောက်ထားသူ ၁၂ ဦး လက်ရှိစိုက်ပျိုးလျက်ရှိသောကြောင့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေပုဒ်မ–၂၅(ခ)နှင့်အညီ လက်ရှိစိုက်ပျိုးလုပ်ကိုင်နေသော စိုက်ပျိုးမြေများပါဝင်နေပါက တရားဝင်လုပ်ကိုင်ခွင့် ရရှိထားခြင်းမရှိသည့်တိုင် နစ်နာမှုမရှိစေရန် ၎င်းတို့၏ဆန္ဒအပေါ် ညှိနှိုင်းဆောင်ရွက်ရမည်ဟု ပြဋ္ဌာန်းထားရှိပါကြောင်း။

ကျေးရွာမြေအဖြစ် အသုံးပြုခွင့်ရရှိနိုင်ရေးအတွက် ဥပဒေပုဒ်မ–၂၅(ခ)နှင့်အညီ လက်ရှိစိုက်ပျိုးလုပ်ကိုင်နေသူ တောင်သူ ၁၂ ဦးနှင့် ညှိနှိုင်းဆောင်ရွက်ပြီး ကျေးရွာပြောင်းရွှေ့နိုင်ရေးနှင့် ကျေးရွာပြောင်းရွှေ့စဉ် ကုန်ကျစရိတ်များအား နိုင်ငံတော်အစီအစဉ်ဖြင့်သာ စီစဉ်ဆောင်ရွက်ပေးနိုင်ရေး ကျေးရွာနေပြည်သူများက တင်ပြထားရှိပြီး ပြောင်းရွှေ့ခွင့်ရရှိခဲ့ပါက ရေရည် ၃ နှစ်စီမံကိန်းဖြင့်သာ ဆောင်ရွက်ရမည်ဖြစ်ပါကြောင်းနှင့် ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ဖွဲ့စည်းပုံအခြေခံဥပဒေအရ နိုင်ငံတော်သမ္မတထံသို့ လမ်းညွှန်မှုခံယူတင်ပြဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ဝမ်းတွင်းမဲဆန္ဒနယ်မှ ဦးမျိုးမြင့်သိန်း၏ **ဝမ်းတွင်းမြို့နယ်ရှိ စိုက်ပျိုးရေးဦးစီးဌာန ဝါလုပ်ငန်းမြေနေရာ ဧက ၂၀ ကျော်အား သက်ဆိုင်ရာဌာနမှ စွန့်လွှတ်ကာ ယာဉ်ရပ်နားစခန်း တည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာရဲတင့်ထွန်းက ဝမ်းတွင်းမြို့နယ် ဝါလုပ်ငန်းမြေနေရာ ဧက ၂၀ သည် ရန်ပုံငွေခွင့်ပြုသုံးစွဲခွင့်ရသည့်အချိန်တွင် မြို့နယ်ဦးစီးမှူးရုံးနေရာအား တောင်သူများ ဝင်ထွက်သွားလာရလွယ်ကူသည့် ရန်ကုန်–မန္တလေးကားလမ်းမကြီးဘေးရှိ မြို့မစိုက်ပျိုးရေးပညာပေးစခန်းသို့ ပြောင်းရွှေ့ဖွင့်လှစ်ရန် အစီအစဉ်ရှိခြင်း၊ တောင်သူများအား လက်တွေ့ပညာပေးပြသနိုင်ရန် မိုးချည်မျှင်ရှည်ဝါ၊ မိုးနှမ်း၊ မိုးနေကြာနှင့် ပိုက်ဆံလွှော်သစ်စိမ်းမြေဩဇာစံပြကွက်များ စိုက်ပျိုးရန်စီစဉ်ထားရှိခြင်း၊ ထို့ပြင် ချည်မျှင်ရှည်ဝါကို တစ်ချိန်တည်း ရိတ်သိမ်းနိုင်သည့် နည်းပညာသုံးစိုက်ခင်းပြုလုပ်ကာ စက်ဖြင့်ဝါရိတ်သိမ်းနိုင်ရေး ဆောင်ရွက်နိုင်ရန် စီမံဆောင်ရွက်နေပါသဖြင့် ဝါလုပ်ငန်းမြေနေရာ (မြို့မစိုက်ပျိုးရေးပညာပေးစခန်း) ဧက ၂၀ ကျော်အား စွန့်လွှတ်ရန်မရှိပါကြောင်း ပြန်လည်ဖြေကြားသည်။

ဘုတ်ပြင်းမဲဆန္ဒနယ်မှ ဦးအောင်လင်းလှိုင်၏ **ပင်လယ်ကမ်းဝေး ငါးဖမ်းစက်လှေများသည် ကမ်းနီးတွင် လာရောက်ဖမ်းဆီးနေခြင်းများအတွက် ဥပဒေအရ မည်ကဲ့သို့ တားဆီးဆောင်ရွက်မည်ကို အသေးစိတ်ရှင်းလင်းပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာရဲထွန်းဝင်းက မြန်မာ့ပင်လယ်ငါးလုပ်ငန်းရေပြင်အတွင်း ငါးဖမ်းလုပ်ငန်းလုပ်ကိုင်နေသော ကမ်းဝေးငါးဖမ်း၊ ငါးသယ်ရေယာဉ်များအား ရေယာဉ်စောင့်ကြည့်ထိန်းချုပ်ရေးစနစ်(VMSကိရိယာ)ဖြင့် ငါးလုပ်ငန်းဦးစီးဌာန(ရုံးချုပ်) VMS Control Center အပါအဝင် ၆ နေရာ၊ တပ်မတော်(ရေ)မှ VMS Center ၈ နေရာ၊ ရေကြောင်းရဲတပ်ဖွဲ့မှ VMS Center ၂ နေရာနှင့် ကမ်းခြေစောင့်တပ်ဖွဲ့မှ VMS Center ၂ နေရာ စုစုပေါင်း ၁၈ နေရာမှ စောင့်ကြပ်ကြည့်ရှုစစ်ဆေး အရေးယူဆောင်ရွက်လျက်ရှိပါကြောင်း။

တနင်္သာရီတိုင်းဒေသကြီးအတွင်း ကမ်းနီး၊ ကမ်းဝေးငါးလုပ်ငန်းရေပြင် သတ်မှတ်မျဉ်းအား GIS Coordinate Points 70 မှ 80 အထိ သတ်မှတ်ထားပြီး ကျွန်းများအား ကမ်းနီးရေပြင်အတွင်း ထည့်သွင်းရေးဆွဲထားရှိပါကြောင်း၊ ၂၀၂၆ ခုနှစ်တွင် ကမ်းဝေးရာသီပိတ်ကာလအဖြစ် ဧပြီ၊ မေနှင့် ဇွန်လတွင် သတ်မှတ်ထားရှိပါကြောင်း၊ ကမ်းဝေးငါးဖမ်းရာသီဖွင့် ကာလများဖြစ်သည့် ဇူလိုင်မှ မတ်လကာလများအထိ ဘုတ်ပြင်းမြို့နယ်တွင် အလယ်မန်ကျွန်း၏ အနောက်ဘက်၊ အောင်ဘာလေကျွန်းအနီး၊ ပါဝယ်ကျွန်းအနီး၊ သဃ်ိးကျွန်းအနီး၊ လင်းကျွန်းအနီး၊ ကော့ရဲကြီးကျွန်းအနောက်ဘက်၊ လန်ပဂျွန်းအနီး၊ ကော့ရဲငယ်ကျွန်းနှင့်ဆင်ကျွန်းအကြား စသည့်နေရာများတွင် လည်းကောင်း၊ ကျွန်းစုမြို့နယ်တွင် မင်းကြီးကျွန်း၊ ကျားကြီးအော်၊ ဒုံးပုလဲအော်၊ သမီးလှကျွန်း စသည့် နေရာများတွင် လည်းကောင်း တရားမဝင် ကမ်းနီးဝင်ရောက်ငါးဖမ်းဆီးမှုများ အဓိကဖြစ်ပေါ်လျက်ရှိသဖြင့် အရေးယူဆောင်ရွက်လျက်ရှိပါကြောင်း။

တရားမဝင်/စည်းကမ်းပျက် ငါးဖမ်း/ငါးသယ်ရေယာဉ်များအား အရေးယူဆောင်ရွက်ရာတွင် ထိရောက်သော ပြစ်ဒဏ်များချမှတ်နိုင်ရေး ဥပဒေရေးရာဝန်ကြီးဌာန၏ သဘောထားအကြံပြုချက်များ ရယူပြီး မြန်မာ့ပင်လယ်ငါးလုပ်ငန်းဥပဒေအရ ယခင် ချမှတ်ခဲ့သော ပြစ်ဒဏ်ထက် ပိုမိုထိရောက်သော ပြစ်ဒဏ်သတ်မှတ်ချက်များကို ထုတ်ပြန်အရေးယူဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့ပြင် မြန်မာ့ပင်လယ်ငါးလုပ်ငန်းဥပဒေကို ခေတ်နှင့်အညီဖြစ်စေရေး အတွက် ဥပဒေရေးရာဝန်ကြီးဌာနနှင့် ညှိနှိုင်းပြီး အသစ်ရေးဆွဲ ဆောင်ရွက်လျက်ရှိပါကြောင်း ပြန်လည်ဖြေကြားသည်။

မြစ်သားမဲဆန္ဒနယ်မှ ဦးစန်းမြင့်၏ **ကူမဲမြို့–ရန်ကုန်–မန္တလေးလမ်းမ ကင်းတားဆည်သို့ ဆက်သွယ်ထားသော ကတ္တရာလမ်းကြီး ပျက်စီးနေ၍ ထပ်ပိုးခင်းပေးရန် မည်သည့်ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်း** မေးခွန်းနှင့် စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးဗိုလ်မိုလ်ကျော်က ကူမဲမြို့ ရန်ကုန်–မန္တလေးလမ်းမကြီးမှ ကင်းတားဆည်သို့ ဆက်သွယ်ဖောက်လုပ်ထားသော ၂၁ မိုင် ကတ္တရာလမ်းကြီးသည် ရန်ကုန်–မန္တလေးလမ်းဟောင်းပေါ်ရှိ ကူမဲမြို့အနီးမှ ကင်းတားဘက်စုရေလှောင်တမံသို့ ဆက်သွယ်ထားသော လမ်းဖြစ်ပြီး အရှည် ၂၁ မိုင်၊ အကျယ် ၁၈ ပေရှိသည့် ကတ္တရာလမ်းအမျိုးအစားဖြစ်ပါကြောင်း၊ အဆိုပါလမ်း၏ အနီးပတ်ဝန်းကျင် ကျောက်တောင်များမှ မြစ်သားမြို့နယ်နှင့် ဝမ်းတွင်းမြို့နယ်တို့ရှိ ကျေးရွာများသို့ ကျောက်ထုတ်လုပ်သယ်ပို့ခြင်း၊ ဂဝ်မြေများသယ်ပို့ခြင်း၊ ချောင်းရိုးများမှ သဲထုတ်လုပ်သယ်ပို့ခြင်းလုပ်ငန်းများ အသုံးပြုခြင်းကြောင့် ကတ္တရာများပေါက်ပြဲခြင်းတို့ ဖြစ်ပေါ်လျက်ရှိပါကြောင်း။

သို့ဖြစ်ပါ၍ ကူမဲမြို့မှ ကင်းတားရေလှောင်တမံသို့ ဆက်သွယ်ဖောက်လုပ်ထားသော ၂၁ မိုင် ကတ္တရာလမ်းကြီးတွင် ပြုပြင်ရန်လိုအပ်သည့် ၆ မိုင် ၇ ဖာလုံကို လမ်းမျက်နှာပြင် အကျယ် ၁၈ ပေ ဖြင့် ကတ္တရာလမ်းအဖြစ် ပြုပြင်ဆောင်ရွက်နိုင်ရန် အတွက် ၂၀၂၇–၂၀၂၈ ဘဏ္ဍာရေးနှစ်မှစတင်ကာ ပြည်ထောင်စု(သို့မဟုတ်) တိုင်းဒေသကြီးရန်ပုံငွေတွင် ဘဏ္ဍာနှစ်အလိုက် တင်ပြတောင်းခံသွားမည်ဖြစ်ပြီး ရန်ပုံငွေရရှိမှုအခြေအနေပေါ်မူတည်၍ ဦးစားပေးအစီအစဉ်အရ အပိုင်းလိုက်ပြုပြင်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ကျိုက်လတ်မဲဆန္ဒနယ်မှ ဒေါက်တာအောင်ကြိုး၏ **မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အသားထုတ်လုပ်မှုကဏ္ဍ တိုးတက်ရေး၊ ကုန်စျေးနှုန်းကျဆင်းရေးနှင့် ပြည်သူ့အများ အသား၊ ငှဲ့များ အာဟာရပြည့်ဝစွာ စားသုံးနိုင်ရေးအတွက် မည်ကဲ့သို့ စီမံဆောင်ရွက်လျက်ရှိသည်ကို သိရှိလိုခြင်း** မေးခွန်းနှင့်စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာရဲထွန်းဝင်းက စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှုမဟာဗျူဟာ ၂၀၂၆–၂၀၃၀ အရ မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအစီအမံအဖြစ် တိရစ္ဆာန်ကာကွယ်ဆေးများထုတ်လုပ်ခြင်း၊ ရောဂါစောင့်ကြည့်စစ်ဆေးခြင်း၊ တန်ဖိုးမြှင့်မွေးမြူရေး ထုတ်ကုန်ပစ္စည်းဆိုင်ရာ စံချိန်စံညွှန်းများ ရေးဆွဲထားရှိခြင်း၊ မေထုန်မဲ့သားစပ်ခြင်း၊ ကောင်းမွန်သော မွေးမြူရေးကျင့်စဉ် လမ်းညွှန်ချက်များပြုစုခြင်းနှင့် လက်တွေ့လိုက်နာကျင့်သုံးခြင်း၊ ကျေးရွာအခြေပြု တိရစ္ဆာန်ကျန်းမာရေးလုပ်သားများ ပေါ်ထွက်လာရန် အားပေးဆောင်ရွက်ခြင်း၊ စားကျက်မြေဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြန်လည်ဖော်ထုတ်ခြင်း၊ အသေးစားမွေးမြူရေးလုပ်ငန်းများ ဒေသမျိုးရင်း ကြက်၊ ဘဲ၊ ဝက်၊ ဆိတ်များကို မွေးမြူရေးစံပြကွက်များ တည်ထောင်ပြသခြင်း၊ နို့စားနွားမွေးမြူရေးအတွက် လိုအပ်သော အကူအညီများကို တောင်သူများ လက်ဝယ်သို့ ဖြန့်ဝေပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

အလားတူ အသားကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၊ ကုန်စျေးနှုန်းကျဆင်းရေးနှင့် ပြည်သူ့အများ အသား၊ နို့၊ ဥများ အာဟာရပြည့်ဝစွာ စားသုံးနိုင်ရေးအတွက် တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် မွေးမြူထုတ်လုပ်မှုအခြေအနေနှင့် စားသုံးမှုအား ချိန်ညှိနိုင်ရန် ရည်ရွယ်၍ တိုးချဲ့မွေးမြူနိုင်ရေး စီမံဆောင်ရွက်လျက်ရှိခြင်း၊ မျိုးကောင်းမျိုးသန့်တိရစ္ဆာန်များ တိုးပွားရေးအတွက် မေထုန်မဲ့သားစပ်လုပ်ငန်း ဆောင်ရွက်ခြင်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ များပြားလာစေရေး၊ တိရစ္ဆာန်များ၏ အသား၊ နို့၊ ဥထုတ်လုပ်နိုင်စွမ်းဖြင့်မားစေရန်အတွက် ပုဂ္ဂလိက ကဏ္ဍနှင့် ညှိနှိုင်း ပေါင်းစပ်ဆောင်ရွက်ခြင်း၊ နေပြည်တော်အား ဗဟိုပြုပြီး ဆက်စပ်မိဏ္ဍိလာခရိုင်၊ ရမည်းသင်းခရိုင်၊ တောင်ငူခရိုင်များတွင် စိုက်ပျိုးရေး၊ မွေးမြူရေးကို အခြေခံ၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရေး ဆောင်ရွက်ပြီး အထူးဖွံ့ဖြိုးရေးဒေသအဖြစ် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ရာ သိုး၊ ဆိတ်၊ အသားတိုးဝက်၊ ဥစားကြက်၊ ဒေသကြက် တိုးချဲ့မွေးမြူရေး၊ နို့နှင့် နို့ထွက်ပစ္စည်း တိုးမြှင့်ထုတ်လုပ်ရေး အစီအမံများ ချမှတ်ဆောင်ရွက်ခြင်း၊ စီးပွားဖြစ် မွေးမြူသူများအတွက် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ ဝန်ကြီးဌာနဆင့် အရင်းမပျောက် ဓာတ်ငွေဖြင့် အတိုးနှုန်းသက်သာစွာ ထုတ်ချေးငှားပြီး မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ တစ်ပိုင်တစ်နိုင် မွေးမြူသူများအတွက် မြစ်မဲ့ရောဂင်(အသားကဏ္ဍ) ကျေးရွာများ ထူထောင်ပေးခြင်း၊ သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ဒေသများတွင် နိုင်ငံ့စီးပွား မြှင့်တင်ရေးရန်ပုံငွေဖြင့် စိုက်ပျိုးမွေးမြူရေး မြစ်မဲ့ရောဂင် စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အသားထုတ်လုပ်မှုကဏ္ဍတိုးတက်ရေး၊ ကုန်စျေးနှုန်းကျဆင်းရေးနှင့် ပြည်သူ့အများအသား၊ နို့၊ ဥများ အာဟာရပြည့်ဝစွာ စားသုံးနိုင်ရေးအတွက် စီမံဆောင်ရွက်လျက်ရှိပါကြောင်း ပြန်လည်ဖြေကြားသည်။

တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၂၁ ရက်မြောက်နေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေး ၂၂ ရက်မြောက်နေ့ကို ဇူလိုင် ၁၃ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

ပြည်သူ့လွှတ်တော် ရှုပ်သံဖိုင်ကြည့်ရန်

ကျောက်တန်းမြို့နယ်၌ အခြေခံစက်ချုပ်သင်တန်းဖွင့်



ကျောက်တန်း ဇူလိုင် ၁၀

ရန်ကုန်တိုင်းဒေသကြီး သန်လျင်ခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနက ဦးစီးဖွင့်လှစ်သည့် အခြေခံစက်ချုပ်သင်တန်းကို ဇူလိုင် ၉ ရက်တွင် ကျောက်တန်းမြို့နယ် ညောင်ပိုင်းကျေးရွာ၌ ဖွင့်လှစ်သည်။

ရှင်းလင်းပြောကြား

အခမ်းအနားတွင် သန်လျင်ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးမိုးကျော်အောင်က အမှာစကားပြောကြားပြီး သန်လျင်ခရိုင် အသေးစားစက်မှုလက်မှု လုပ်ငန်းဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဆွေဇင်အေးက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမျိုးမြင့်နှင့် ကျောက်တန်းမြို့နယ်မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးဘုန်းခန့်အောင်တို့က သင်တန်းသူများအား သင်ထောက်ကူပစ္စည်းများ ပေးအပ်သည်။

အဆိုပါသင်တန်းကို ဇူလိုင် ၉ ရက်မှ ဩဂုတ် ၂၃ ရက်အထိ သင်တန်းသူ ၁၅ ဦးဖြင့် ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

သန်ဇင်ထွန်း



မုံရွာမြို့ရှိ စာသင်ကျောင်းများတွင် မီးဘေးကြိုတင်ကာကွယ်ရေးနှင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးဟောပြောသရုပ်ပြပွဲကို ဇူလိုင် ၁၀ ရက် နံနက်ပိုင်းက သလွာရပ်ကွက်ရှိ အမှတ် (၁၄) မူလတန်းလွန်ကျောင်း၌ ကျင်းပရာ ဆရာ ဆရာမနှင့် ကျောင်းသား ကျောင်းသူ စုစုပေါင်း ၇၆၅ ဦးခန့် တက်ရောက်စဉ်။ မုံရွာ(ကိုယ်ပွား)

တတိယအကြိမ်အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၁၅ ရက်မြောက် နေ့ကျင်းပ

နေပြည်တော် ဇူလိုင် ၁၀

တတိယအကြိမ်အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၁၅ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဌေးက တတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၁၅ ရက်မြောက်နေ့သို့ တက်ရောက်ခွင့်ရှိသည့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေ စုစုပေါင်း ၂၀၉ ဦး ရှိသည့်အနက် ယနေ့အစည်းအဝေးသို့ ၂၀၄ ဦး တက်ရောက်သဖြင့် ထက်ဝက်ကျော်သည့်အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာကာ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်၏ အတည်ပြုချက်ရယူ၍ မှတ်တမ်းတင်သည်။

ထို့နောက် ဧရာဝတီတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၁၂) ဒေါ်နွယ်နွယ်ဦး၏ **ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် သာပေါင်းမြို့နယ်အတွင်း အမျိုးသားအားကစား အဆင့်အတန်းမြှင့်တင်ရေး၊ လူငယ်ကဏ္ဍာန်ဖွံ့ဖြိုးတိုးတက်ရေးအတွက် (၁၂၀၊၃၀၊၃၆)ပေ အတိုင်းအတာရှိသော (က)အဆင့်အားကစားရုံ တည်ဆောက်ပေးရန်၊ ဝန်ထမ်းများအတွက် နေထိုင်ရေးအဆင်ပြေစေမည့် ဝန်ထမ်းအိမ်ရာ ဆောက်လုပ်ပေးရန်နှင့် မြို့နယ်တင်းနစ်ကွင်း ဘေးပတ်ပတ်လည်ကို ခြံစည်းရိုးအုတ်တံတိုင်း ကာရံပေးရန် အစီအစဉ်ရှိ၊ မရှိနှင့် ရှိပါက မည်သည့် ဘဏ္ဍာရေးနှစ်တွင် ထည့်သွင်းလျာထားပြီး မည်သည့် အချိန်ကာလတွင် အကောင်အထည်ဖော်ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်းမေးခွန်းနှင့်** စပ်လျဉ်း၍ အားကစားရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးညီညီက သာပေါင်းမြို့နယ် အားကစားနှင့် ကာယပညာဦးစီးဌာနတွင် ဝန်ထမ်းဖွဲ့စည်းပုံအရ ခွင့်ပြု(၆) ဦး၊ ခန့်ထား (၆) ဦးရှိပြီး ဝန်ထမ်းအိမ်ရာမရရှိသော ဝန်ထမ်းများအား နိုင်ငံတော်ကသတ်မှတ်ထားသည့် နှုန်းထားများအတိုင်း လစဉ်နိုင်ငံတော်ဘဏ္ဍာငွေမှ ထောက်ပံ့ပေးလျက်ရှိပါကြောင်း၊ ဝန်ထမ်းများအတွက် (၃)ခန်းတွဲ ဝန်ထမ်းအိမ်ရာ ဆောက်လုပ်ပေးမည်ဆိုပါကလည်း လုံလောက်သည့်မြေနေရာရှိပါကြောင်း။

သာပေါင်းမြို့နယ်တွင် အားကစားရုံ(အလျား ပေ ၁၂၀ ၊ အနံ ပေ ၉၀) တည်ဆောက်ရန်အတွက် ငွေကျပ် ၂၅၉ သန်း၊ (၄)ခန်းတွဲဝန်ထမ်းအိမ်ရာ (အလျား ပေ ၈၀ ၊ အနံ ၄၅ ပေ) တည်ဆောက်ရန်အတွက် ငွေကျပ် ၄၃၂ သန်း၊ တင်းနစ်အားကစားကွင်း ပတ်လည်ပေ ၄၀၀ အုတ်တံတိုင်းကာရံခြင်းအတွက် ငွေကျပ် ၅၆ သန်း စုစုပေါင်း ခန့်မှန်းကုန်ကျစရိတ် ငွေကျပ် သန်း ၃၀၈၀ ကုန်ကျမည်ဖြစ်ပါကြောင်း။

သာပေါင်းမြို့နယ်တွင် အားကစားပြိုင်ပွဲများ ကျင်းပနိုင်ရေးနှင့် နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများ ပေါ်ထွက်လာစေရေးအတွက် အားကစားရုံ ဆောက်လုပ်ခြင်း၊ တင်းနစ်အားကစားကွင်း ပတ်လည် ပေ ၄၀၀ အုတ်တံတိုင်းကာရံခြင်းနှင့် (၄) ခန်းတွဲ ဝန်ထမ်းအိမ်ရာဆောက်လုပ်ခြင်း လုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် ခန့်မှန်းကုန်ကျစရိတ်ငွေကျပ်သန်း ၃၀၈၀ အား နီးစပ်ရာဘဏ္ဍာရေးနှစ်၏ ပြည်ထောင်စုခွင့်ပြုရန်ပုံငွေ စာရင်းတွင် လျာထားတင်ပြတောင်းခံပေးသွားမည်ဖြစ်ပြီး ခွင့်ပြုရန်ပုံငွေ ရရှိမှုအပေါ်မူတည်၍ ဦးစားပေးလုပ်ငန်းအလိုက် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

စစ်ကိုင်းတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၁၀) ဦးထွန်းအောင်ဝင်း၏



စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ထီးချိုင့်မြို့နယ် သည် ၂၀၂၃ ခုနှစ် နိုဝင်ဘာ ၈ ရက်မှစတင်၍ စစ်ဘေးဒုက္ခသင့်ခဲ့ရပြီး ထီးချိုင့်မြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းရှိစာသင်ကျောင်းဆောင် (၇)ဆောင် စစ်ဘေးဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုများ ရှိနေပါသဖြင့် အလျင်အမြန်ပြုပြင်ပေးရန် လိုအပ်နေပါသောကြောင့် အစိုးရအနေဖြင့် အကြီးစားပြုပြင်ဆောင်ရွက်ပေးနိုင်ခြင်း ရှိ၊ မရှိနှင့် ပြုပြင်ဆောင်ရွက်ပေးမည်ဆိုပါက မည်သည့်ကာလတွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်း မေးခွန်းနှင့် စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်က စစ်ကိုင်းတိုင်းဒေသကြီး ထီးချိုင့်မြို့နယ်အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းတွင် ကျောင်းဆောင်(၇)ဆောင် ရှိပါကြောင်း၊ အကြမ်းဖက်မှုများ၏ ဖျက်ဆီးမှုကြောင့် ပျက်စီးမှုအခြေအနေကို သက်ဆိုင်ရာမြို့နယ်စီမံခန့်ခွဲရေးအဖွဲ့နှင့် မြို့နယ်ပညာရေးမှူးတို့က ကွင်းဆင်းကြည့်ရှု စစ်ဆေးခဲ့ရာ ကျောင်းဆောင်(၇)ဆောင်အနက် နဝဒေးဆောင်(စာကြည့်တိုက်)၊ သိပ္ပံဆောင်၊ မြဝတီဆောင်၊ ရွှေရတုဆောင်၊ မိုးနတ်ရှင်ဆောင်တို့မှာ ငွေကျပ်သန်း ၂၀ အောက် အသေးစားပြင်ဆင်ရန် လိုအပ်ပြီး လက်ဝဲသုန္ဒရဆောင်အား ငွေကျပ်သန်း ၂၀ အထက် အကြီးစားပြုပြင်ရန်နှင့် မန်လည်ဆောင်မှာ လုံးဝပျက်စီးသွားသဖြင့် ဖျက်သိမ်းပြီး အဆိုပါ နေရာတွင် အသစ်ဆောက်လုပ်ရန် လိုအပ်သည်ကို စိစစ် တွေ့ရှိရပါကြောင်း။

အသေးစား ပြင်ဆင်ရန်လိုအပ်သော ကျောင်းဆောင်(၅)ဆောင်ကို ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် ပြင်ဆင်ထိန်းသိမ်းစရိတ်ရန်ပုံငွေဖြင့် ပြုပြင်ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း၊ အကြီးစားပြင်ဆင်ရမည့် လက်ဝဲသုန္ဒရဆောင်နှင့် ဖျက်သိမ်းဆောက်လုပ်ရမည့် မန်လည်ဆောင်အစား ပေ(၁၄၀ x ၃၀) RCC (၂)ထပ် အသစ်ဆောက်လုပ်နိုင်ရေး အတွက် ၂၀၂၇-၂၀၂၈ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း (တည်ဆောက်ရေး) ဘတ်ဂျက်ရရှိမှုအပေါ် မူတည်ပြီး တိုင်းဒေသကြီး၏ ဦးစားပေးအစီအစဉ်ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

တနင်္သာရီတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၉) ဦးဥာဏ်ထွန်း၏ **တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့နယ် ဒုံးပုလဲအော် အခြေခံပညာအထက်တန်းကျောင်း(ခွဲ)တွင် (၁၃၀x၃၀x၂၄)ပေ RCC နှစ်ထပ် ကျောင်းဆောင်သစ် (၁)ဆောင်၊ ကဘင်ချောင်း အခြေခံပညာအထက်တန်းကျောင်း(ခွဲ)တွင် (၁၃၀x၃၀x ၂၄) ပေ RCC နှစ်ထပ်ကျောင်းဆောင်သစ်(၁)ဆောင်၊ မိုင်းသွေးအခြေခံပညာအထက်တန်းကျောင်း(ခွဲ)တွင် (၁၃၀x၃၀x၁၂)ပေ RCC တစ်ထပ်ကျောင်းဆောင်သစ် (၁)ဆောင်တို့ကို ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်တွင် သို့မဟုတ် ၂၀၂၇-၂၀၂၈ ဘဏ္ဍာရေးနှစ်တွင် ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ မရှိမေးခွန်းနှင့်**စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်က ၂၀၂၆-၂၀၂၇ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း (တည်ဆောက်ရေး) ခွင့်ပြုရန်ပုံငွေတွင် တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့နယ်အတွက် အနှစ်ရာယ်ကျောင်းဆောင်များ ဖျက်သိမ်း၍ အသစ်ဆောက်လုပ်ခြင်းလုပ်ငန်း (၂)ခု၊ သိပ္ပံဆောင်များ ဆောက်လုပ်ခြင်းလုပ်ငန်း(၃)ခု၊စာကြည့်တိုက်များအသစ်ဆောက်လုပ်ခြင်းလုပ်ငန်း (၄)ခု စုစုပေါင်း လုပ်ငန်း (၉)ခု အတွက် ခွင့်ပြုရန်ပုံငွေ ကျပ်သန်း ၁၈၃၀ ပါဝင်ပါကြောင်း။

ဒုံးပုလဲအော် အခြေခံပညာအထက်တန်းကျောင်း(ခွဲ)တွင် (ပေ ၁၂၀ x ပေ ၃၀) သွပ်မိုး၊ အုတ်ကာ၊ အင်္ဂတေခင်း (၁)ထပ်ဆောင်(၃)ဆောင်၊ စာသင်ခန်း ၁၂ ခန်းရှိပြီး ကျောင်းသားဦးရေ ၄၈၅ ဦးရှိသဖြင့် ကျောင်းသားနှင့် စာသင်ခန်းအချိုးအရ လုံလောက်မှု ရှိပါကြောင်း၊ သို့ဖြစ်ပါ၍ ကျောင်းတွင် လိုအပ်လျက်ရှိသော ကျောင်းအုပ်ကြီးရုံးခန်း၊ အစည်းအဝေးခန်း၊ ဆရာ ဆရာမ နားနေခန်း၊ စာကြည့်တိုက်၊ Multimedia ခန်း၊ သိပ္ပံခန်းနှင့် ထပ်မံတိုးတက်လာမည့်စာသင်ခန်းများအတွက် (ပေ ၁၃၀ x ပေ ၃၀) RCC (၂)ထပ် ဆောက်လုပ်ရန် မြေနေရာလုံလောက်မှု ရှိပါသဖြင့် ၂၀၂၇-၂၀၂၈ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း (တည်ဆောက်ရေး) ဘတ်ဂျက်ရရှိမှုအပေါ်တွင် မူတည်၍ တိုင်းဒေသကြီး၏ ဦးစားပေးအစီအစဉ်ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ကဘင်ချောင်း အခြေခံပညာအထက်တန်းကျောင်း(ခွဲ) (ပေ ၉၀ x ပေ ၃၀) သွပ်မိုး၊ အုတ်ကာ၊ အင်္ဂတေခင်း (၁)ထပ်၊ (ပေ ၃၀ x ပေ ၃၀) သွပ်မိုး၊ အုတ်ကာ၊ အင်္ဂတေခင်း (၁)ထပ်၊ (ပေ ၁၂၀ x ပေ ၃၀) သွပ်မိုး၊ အုတ်ကာ၊ အင်္ဂတေခင်း (၁)ထပ်၊ (ပေ ၉၀ x ပေ ၃၀) RCC(၁)ထပ် စုစုပေါင်းကျောင်းဆောင် (၄)ဆောင်၊ စာသင်ခန်း(၉)ခန်းရှိပြီး ကျောင်းသားဦးရေ ၄၁၉ ဦးရှိသဖြင့် ကျောင်းသားနှင့် စာသင်ခန်းအချိုးအရ လိုအပ်သောစာသင်ခန်း(၂)ခန်းနှင့် ကျောင်းအုပ်ကြီးရုံးခန်း၊ အစည်းအဝေးခန်း၊ ဆရာ ဆရာမ နားနေခန်း၊ စာကြည့်တိုက်၊ Multimedia ခန်း၊ သိပ္ပံခန်းများအတွက် (ပေ ၁၃၀ x ပေ ၃၀) RCC (၂)ထပ် ဆောက်လုပ်ရန် မြေနေရာလုံလောက်မှုရှိပါသဖြင့် ၂၀၂၇-၂၀၂၈ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း (တည်ဆောက်ရေး) ဘတ်ဂျက်ရရှိမှု အပေါ်တွင် မူတည်၍ တိုင်းဒေသကြီး၏ ဦးစားပေးအစီအစဉ်ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

မိုင်းသွေး အခြေခံပညာအထက်တန်းကျောင်း(ခွဲ) တွင် (၇၅ ပေ x ပေ ၃၀) အုတ်ကြွေပိုမိုး၊ ပျဉ်ကာ၊ ပျဉ်ခင်း (၁၀)ခန်းရှိပြီး (၁)ထပ်ဆောင်(၂)ဆောင်၊ (ပေ ၆၀ x ပေ ၃၀) RCC (၁)ထပ်၊ (ပေ ၉၀ x ပေ ၃၀) RCC (၁)ထပ် စုစုပေါင်းကျောင်းဆောင် (၄)ဆောင် စာသင်ခန်း ကျောင်းသားဦးရေ ၃၄၆ ဦးရှိသဖြင့် ကျောင်းသားနှင့် စာသင်ခန်းအချိုးအရ လုံလောက်မှု ရှိပါကြောင်း၊ သို့ဖြစ်ပါ၍ ကျောင်းတွင် လိုအပ်လျက်ရှိသော ကျောင်းအုပ်ကြီးရုံးခန်း၊အစည်းအဝေးခန်း၊ဆရာ ဆရာမနားနေခန်း၊ စာကြည့်တိုက်၊ Multimedia ခန်း၊ သိပ္ပံခန်းများ အတွက် (ပေ ၁၂၀ x ပေ ၃၀) RCC (၁)ထပ် ဆောက်လုပ်ရန်မြေနေရာ လုံလောက်မှုရှိပါသဖြင့် ၂၀၂၇-၂၀၂၈ ဘဏ္ဍာရေးနှစ်၊ ငွေလုံးငွေရင်း (တည်ဆောက်ရေး) ဘတ်ဂျက်ရရှိမှုအပေါ်တွင် မူတည်၍ တိုင်းဒေသကြီး၏ ဦးစားပေး အစီအစဉ်အရ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ယင်းနောက် မွန်ပြည်နယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၁၂) ဒေါ်စိုးစိုးမြင့်၏ **နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို တည်ဆောက်ရာတွင် အခွန်များ စနစ်တကျကောက်ခံရရှိရေးနှင့် ပြည်သူများ၊ အစိုးရဌာနများနှင့်ချိတ်ဆက်ပြီး လုပ်ငန်းများ ဆောင်ရွက်ရာတွင်အဂတိကင်းစွာ လုပ်ကိုင်ဆောင်ရွက်နိုင်ရန် အခွန်နှုန်းအဂတိကို ထိရောက်စွာ အစီအမံများဖြင့် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး** အတွက် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း **အဆိုကို** လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

ဧရာဝတီတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၉) ဒေါ်ကျင်သိန်းက ပြည်သူတိုင်းသည် မိမိတို့၏ ဝန်ထမ်းရာထူးအဆင့်အလိုက်၊ စီးပွားရေး ပမာဏအကြီးအငယ်အလိုက် သင့်တင့်မျှတသော အခွန်များကိုမဖြစ်မနေ ပေးဆောင်ရမည့် တာဝန်ရှိပါကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် ပြည်သူများပေးဆောင်လာသည့် အခွန်ငွေများကို နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကျိုးရှိရှိ အသုံးပြုဆောင်ရွက်ပေးရမည်ဖြစ်ပါကြောင်း၊ အခွန်သည် နိုင်ငံတော်၏ ဘဏ္ဍာအင်အားဖြစ်ပြီး အခွန်များမှန်မှန်ကန်ကန်ရရှိပါက ပြည်သူတို့၏ ကျန်းမာရေး၊ ပညာရေး၊ လူမှုဖူလုံရေးနှင့် အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်ရေးကို ပြည့်စုံစွာအကောင်အထည်ဖော်နိုင်မည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် အခွန်များ မှန်မှန်ကန်ကန် ကောက်ခံရရှိနိုင်ရေးအတွက် အဂတိကင်းရှင်းရန်လိုအပ်ပါကြောင်း။

အဂတိတရားတိုက်ဖျက်ရေးသည် ပြစ်ဒဏ်ပေးရုံဖြင့် မလုံလောက်ဘဲ ကာကွယ်ရေး၊ ပညာပေးရေး၊ နည်းပညာအသုံးချရေးနှင့် အဖွဲ့အစည်းများ၏ စွမ်းဆောင်ရည်မြှင့်တင်ရေးတို့ကို ဟန်ချက်ညီစွာ အကောင်အထည်ဖော်မှသာ အောင်မြင်နိုင်မည် ဖြစ်ပါကြောင်း၊ အဂတိတရား လျော့နည်းလာသည်နှင့်အမျှ အခွန်ငွေတိုးတက်လာပြီး နိုင်ငံတော် ဘဏ္ဍာငွေသည်လည်း ပိုမိုခိုင်မာလာမည်ဖြစ်ပါကြောင်း၊ ထို့ပြင် ပြည်သူ့ဝန်ဆောင်မှုများ ပိုမိုကောင်းမွန်လာမည်ဖြစ်ပြီး နိုင်ငံ၏ ရေရှည်ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် နိုင်ငံတော်အတွက် အမှန်တကယ်သန့်ရှင်းသည့် အုပ်ချုပ်ရေးစနစ်ကို တည်ဆောက်၍ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်မည်ဆိုပါက အဂတိကင်းစွာ ဆောင်ရွက်နိုင်ရေးသည် အရေးအကြီးဆုံးဖြစ်သည့်အတွက် အခွန်နှုန်း အဂတိကိုထိရောက်သော အစီအမံများဖြင့် စနစ်တကျအကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်ရေးအတွက် အဆိုအားထောက်ခံပါကြောင်း ဆွေးနွေးသည်။

ဧရာဝတီတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၄) ဦးအောင်ကျော်မင်းက နိုင်ငံသားများ အခွန်ကိစ္စရှောင်ခြင်းသည် ပေးဆောင်ရသည့် အခွန်နှုန်းထားများ ပမာဏများနေသည်ဟု ထင်မြင်ယူဆကြသည့်အတွက် ဖြစ်ပါကြောင်း၊ ထို့ကြောင့် အခွန်ထမ်းများအတွက် ဝန်ထုပ်ဝန်ပိုးမဖြစ်စေသည့်နှုန်းထားဖြင့် ကောက်ခံပြီး ပေးဆောင်သင့်သည့် အခွန်နှုန်းထားအကြောင်း ပညာပေးစည်းရုံးမှုများ လုပ်ဆောင်ပါက နိုင်ငံတော်အတွက် အခွန်ဝင်ငွေသည် သိသိသာသာတိုးပွားလာမည်ဖြစ်ပါကြောင်း၊ ကျင့်သုံးနေသည့်မူဝါဒများ၊ စနစ်များ၏ လစ်ဟာကွက်များကို ပြုပြင်မည်ဆိုပါက အဂတိလိုက်စားမှုများကို လျော့ချနိုင်မည်ဖြစ်ပါကြောင်း။

စာမျက်နှာ ၇ သို့ ☆

☆ စာမျက်နှာ ၆ မှ

ထို့ကြောင့် E-government စနစ်ကို အရှိန်မြှင့်တည်ဆောက်ရန် လိုအပ်နေပြီဖြစ်ပါကြောင်း၊ E-government စနစ် ပီပီပြင်ပြင် ကျင့်သုံးလာနိုင်မည်ဆိုပါက နိုင်ငံတော်ရန်ပုံငွေများသည်လည်း လေလွင့်ဆုံးရှုံးမှုများ လျော့နည်းသွားပြီး အဂတိကင်းစင်သော အစိုးရယန္တရားတစ်ခု ပေါ်ပေါက်လာမည်ဖြစ်ပါကြောင်း၊ သို့ပါ၍ အခွန်ထမ်းပြည်သူများအတွက် ဝန်ထုပ်ဝန်ပိုးမဖြစ်စေသည့် အခွန်နှုန်းထားများနှင့်အခွန်အခြေခုံထွင်ပြီး ကောက်ခံခြင်း၊ အခွန်ထမ်းပြည်သူများကို နားလည်သဘောပေါက်လာအောင် ပညာပေးခြင်းတို့ကို ဆောင်ရွက်နိုင်ပါက နိုင်ငံတော်အတွက် အခွန်ဝင်ငွေများ သိသိသာသာ တိုးမြင့်ရရှိပြီး အဂတိလိုက်စားမှုများ သိသိသာသာလျော့နည်းသွားမည်ဖြစ်ပါကြောင်း ထောက်ခံဆွေးနွေးသည်။

စစ်ကိုင်းတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၈) ဦးကျော်ဇင်ထွန်းက လက်ရှိမြန်မာနိုင်ငံတွင် စည်းကြပ်ကောက်ခံလျက်ရှိသော ပြည်တွင်းကုန်ထုတ်လုပ်မှုနှင့် စားသုံးမှု၊ ဝင်ငွေခွန်နှင့် ပိုင်ဆိုင်မှု၊ ကုန်သွယ်မှုနှင့် နိုင်ငံပိုင်သယံဇာတပစ္စည်းများ ထုတ်ယူသုံးစွဲမှုတို့အပေါ် ကောက်ခံသောအခွန်များသည် အဂတိသက်ရောက်မှုကို အထူးခံစားရသည်ကို လေ့လာတွေ့ရှိရပါကြောင်း၊ ထိုကဏ္ဍများအပေါ် Large Taxpayer office (LTO)များ ထူထောင်ခြင်း၊ ဒီဂျစ်တယ် အခွန်စနစ်များအသုံးပြုခြင်း၊ အခွန်အခြေခံ (Tax Base) ကိုချဲ့ထွင်၍ အလွတ်သဘော စီးပွားရေးလုပ်ငန်းများကို တရားဝင်စနစ်အတွင်း ထည့်သွင်းခြင်း၊ အစိုးရဌာနများအကြား အချက်အလက်ချိတ်ဆက်မှုနှင့် One Stop Service စနစ်များကို အကောင်အထည်ဖော်ခြင်း၊ အဂတိတိုက်ဖျက်ရေး၊ ပြည်သူဝန်ဆောင်မှု ပွင့်လင်းမြင်သာရေးနှင့် လွတ်လပ်သော စောင့်ကြည့်ကြီးကြပ်ရေး ယန္တရားများကို အားကောင်းစေရန် ဆောင်ရွက်ပါကအခွန်များ ပိုမိုရရှိလာပြီး အဂတိများလည်း လျော့နည်းသွားမည်ဖြစ်ပါကြောင်း။

အခွန်ကောက်ခံမှုကို အဂတိကင်းစင်စွာ ဆောင်ရွက်ခြင်းဖြင့် စီးပွားရေးလုပ်ငန်းရှင်များ အားလုံး တရားမျှစွာယှဉ်ပြိုင်နိုင်မည့် ဈေးကွက်စီးပွားရေးစနစ် စစ်စစ်ကို ဖော်ဆောင်နိုင်မည်ဖြစ်ပါကြောင်း၊ အဂတိကင်းစင်မှသာ ကောက်ခံရရှိသော အခွန်ငွေများသည် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအတွင်းသို့ အပြည့်အဝစီးဝင်မည်ဖြစ်ပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရန် တည်ဆောက်ရေးတွင်လည်း ဘတ်ဂျက်သုံးစွဲမှုများကို ပိုမိုထိရောက်စွာ ဆောင်ရွက်လာနိုင်မည်ဖြစ်ပါကြောင်း၊ နိုင်ငံသူ နိုင်ငံသားများ ဂုဏ်ယူဝမ်းမြောက်စွာ အခွန်ပေးဆောင်နိုင်ရေးနှင့် အစိုးရဌာနများတွင် အဂတိကင်းစင်ရေးအဆိုအား ထောက်ခံပါကြောင်း ဆွေးနွေးသည်။

တနင်္သာရီတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၈) ဦးတင်မောင်ဝင်းက နိုင်ငံတော်ဘဏ်စုံဖွဲ့ဖြိုးတိုးတက်ရန် ဘဏ္ဍာငွေသည် နိုင်ငံတော်၏ အသက်သွေးကြောဖြစ်ပါကြောင်း၊ ထိုဘဏ္ဍာငွေရှာဖွေပေးသည့် မဏ္ဍိုင်သည် အခွန်စနစ်ဖြစ်ပြီး ရရှိလာသည့် အခွန်ဘဏ္ဍာငွေများကို ယုံကြည်မှုမရှိအောင် ကာကွယ်ပေးသည့် မဏ္ဍိုင်သည် အဂတိလိုက်စားမှုတိုက်ဖျက်ရေးပင်ဖြစ်ပါကြောင်း၊ ထိုမဏ္ဍိုင်နှစ်ခုသည် တစ်ခုနှင့်တစ်ခု ဆက်စပ်နေပြီး နိုင်ငံတော်၏ အနာဂတ်အတွက် ယခုအဆိုသည် အလွန်ထိရောက်သည့် အဆိုတစ်ခုဖြစ်ပါကြောင်း၊ ပြည်ထောင်စုအစိုးရအနေဖြင့် အခွန်ကွက်ချက်ခြင်း၊ တင်ပြခြင်းနှင့် အခွန်ပေးဆောင်ခြင်း လုပ်ငန်းစဉ်အားလုံးကို Online မှ ဆောင်ရွက်ပြီး အခွန်ဆောင်နိုင်အောင် Digital Tax System ကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်ပေးရန် အကြံပြုလိုပါကြောင်း။

အစိုးရဌာနတစ်ခုချင်းစီ၏ ဝန်ဆောင်မှုများသည် Standard Operating Procedure (SOP) ဟုခေါ်သည့် စံလုပ်ထုံးလုပ်နည်းများကို တိတိကျကျသတ်မှတ်ပြီး ပြည်သူများမြင်သာသည့် နေရာများ၊ Website များတွင် ချပြထားရန် အကြံပြုလိုပါကြောင်း၊ နိုင်ငံတော်တည်ဆောက်ရေးတွင် အခွန်စနစ်သန့်ရှင်းခိုင်မာပြီး အစိုးရယန္တရား အဂတိကင်းစင်မှသာ ပြည်တွင်း/ပြည်ပ ရင်းနှီးမြှုပ်နှံသူများ၏ ယုံကြည်မှုကိုရရှိမည်ဖြစ်ပြီး တိုင်းပြည်၏ စီးပွားရေးသည်လည်း ရေရှည်တည်တံ့ခိုင်မြဲစွာ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ပြည်ထောင်စုအစိုးရအနေဖြင့် ခေတ်မီနည်းပညာများ အသုံးပြုခြင်း၊ လုပ်ထုံးလုပ်နည်းများ ပွင့်လင်းမြင်သာအောင် ပြင်ဆင်ခြင်းနှင့် ထိရောက်သော အစီအမံများ ချမှတ်ခြင်းတို့ဖြင့် လက်တွေ့ကျကျ အကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်ပါရန် အဆိုအား ထောက်ခံဆွေးနွေးသည်။

မကွေးတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၉)ဦးစောသွင်က နိုင်ငံရေးအရ အဂတိကင်းစင်ခြင်းသည် နိုင်ငံတော်တည်ငြိမ်မှုနှင့် အစိုးရတစ်ရပ်၏ တရားဝင်မှုအတွက် အသက်သွေးကြောဖြစ်ပါကြောင်း၊ စီးပွားရေးအမြင်အရ အခွန်သည် ကောက်ခံခြင်းတစ်ခုတည်း မဟုတ်ဘဲ နိုင်ငံ၏စီးပွားရေး၊ တည်ငြိမ်မှု၊ ဖွံ့ဖြိုးတိုးတက်မှု၊ ရင်းနှီးမြှုပ်နှံမှု၊ တရားမျှတမှုနှင့် ပြည်သူဘဝ အရည်အသွေးမြှင့်တင်ရေးကို ဆောင်ရွက်ပေးနေသော အရေးပါသည့် စီးပွားရေးမူဝါဒကိရိယာဖြစ်ပါကြောင်း၊ အဂတိကင်းစင်ခြင်းသည် နိုင်ငံတော်ဓနဥစ္စာတိုးတက်ရေးနှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်မှု၏ အခြေခံအုတ်မြစ် ဖြစ်ပါကြောင်း၊ လူမှုရေးအမြင်အရ အခွန်သည် ငွေကောက်ခံခြင်းမျှသာမဟုတ်ဘဲ လူ့အဖွဲ့အစည်းတစ်ခုလုံး၏ အကျိုးစီးပွားကို လူမှုရင်းနှီးမြှုပ်နှံမှုဖြစ်ပါကြောင်း၊ အခွန်ကိုမျှတစွာ ကောက်ခံပြီး ပွင့်လင်းမြင်သာစွာ အသုံးပြုနိုင်ပါက လူမှုဖူလုံရေး၊ လူမှုတရားမျှတရေးနှင့် ရေရှည်တိုးတက်ရေးတို့ကို ပိုမိုခိုင်မာစေမည်ဖြစ်ပါကြောင်း၊ အခွန်ပေးဆောင်ခြင်းသည် နိုင်ငံသားစိတ်ဓာတ်နှင့် လူမှုတာဝန်ယူမှုကို မြှင့်တင်ပေးသည်ဟု သုံးသပ်ရပါကြောင်း။

စည်းရုံးရေးအမြင်အရ အခွန်ကိုမျှတစွာ ကောက်ခံပြီး ပွင့်လင်းမြင်သာစွာ အသုံးပြုပါက ပြည်သူများအကြား ယုံကြည်မှုတိုးပွားလာပြီး လူမှုစည်းလုံးညီညွတ်မှုကို အားကောင်းစေပါကြောင်း၊ ပြည်သူများအခွန်၏အရေးပါမှုကို နားလည်စေပြီး ဥပဒေနှင့်အညီ မိမိဆန္ဒအလျောက် အခွန်ပေးဆောင်လာစေရန် အသိပညာပေးခြင်း၊ ယုံကြည်မှုတည်ဆောက်ခြင်းနှင့် ပူးပေါင်းပါဝင်မှု မြှင့်တင်ရေးလုပ်ငန်းများ လုပ်ဆောင်ရန် လိုအပ်ပါကြောင်း၊ အခွန်စနစ်သည် ဒီဂျစ်တယ်နည်းပညာ အချက်အလက်အခြေပြုစီမံခန့်ခွဲမှုနှင့် ပွင့်လင်းမြင်သာမှုတို့ကို အသုံးပြု၍ ပိုမိုထိရောက်လာစေရန် တိုးတက်ပြောင်းလဲသင့်ပြီဟု ရှုမြင်သုံးသပ်ရပါကြောင်း၊ ထို့ကြောင့် ယခုအဆိုသည် ကာလ၊ ဒေသ၊ ပယောဂကို လိုက်နာ၍ အမှန်တကယ်ဆောင်ရွက်သင့်ပါကြောင်းနှင့် အကျိုးတစ်ရပ်တစ်ခုဖြစ်ထွန်းရန်အတွက် အကြောင်းတရားပေါင်းများစွာ ပေါင်းစည်းရန် လိုအပ်ပါကြောင်း ထောက်ခံဆွေးနွေးသည်။

ရခိုင်ပြည်နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမှတ်(၁၁) ဦးဇေဒေါ်မြင့်က နိုင်ငံအလိုက်အခွန်စနစ်များအတွင်း နည်းမျိုးစုံဖြင့် အခွန်ရှောင်တိမ်းမှုများ၊ အဂတိလိုက်စားမှုများ ပေါ်ပေါက်နေသည့်အတွက် ဒီဂျစ်တယ်စနစ်အား အပြည့်အဝအသုံးချခြင်းနှင့် Fully Digitalized နှင့် ထိန်းကျောင်းစောင့်ကြည့်ခြင်း (Control & Monitoring) စနစ်တို့သည့် အရေးပါလာပြီး ကမ္ဘာတစ်ဝန်းကျယ်ပြန့်စွာ အသုံးပြုလျက်ရှိပါကြောင်း၊ ယခုအစိုးရသစ်လက်ထက်တွင် ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန သီးသန့်ဖွဲ့စည်းပြီး E Government System အကောင်အထည်ဖော်မည့် အလားအလာများ မြင်တွေ့နေရသဖြင့် ဝမ်းမြောက်ကြိုဆိုပါကြောင်း၊ အခွန်တိုးမြှင့်ရရှိရေးနှင့် အခွန်ပြည့်ဝစွာရရှိရေးအတွက် လူကိုထိန်းကျောင်းနိုင်မည့် စနစ်ကောင်း ရွေးချယ်ကျင့်သုံးရာ၌ AI Software အခြေပြု Digital Online စနစ်သည်သာအကောင်းဆုံးဖြစ်နေသည့်အတွက် ၎င်းစနစ်ကို ကျင့်သုံးနိုင်ရန် အခြေခံသည် လျှပ်စစ်မီးပုံမှန်ရရှိရေးနှင့် အင်တာနက်လိုင်း ကောင်းမွန်ရေးတို့ဖြစ်ပါကြောင်း။

လက်ရှိကာလတွင် တိုင်းဒေသကြီး၊ ပြည်နယ်များ၌ မြို့တော်များ၊ နယ်စပ်ကုန်သွယ်ရေးမြို့များ၊ စီးပွားကုန်သွယ်မှု မြင့်မားသည့်မြို့များနှင့် စက်မှုနယ်များအပေါ် လျှပ်စစ်နှင့် အင်တာနက်လိုင်းကို ဦးစားပေး၍ Digital Online အခွန်စနစ်အား တတ်နိုင်သမျှ အမြန်ဆုံး အကောင်အထည်ဖော်နိုင်ရန် ကြိုးပမ်းဆောင်ရွက်ပြီး အဂတိလိုက်စားမှုများအပေါ် ထိရောက်စွာ အရေးယူဆောင်ရွက်ခြင်းဖြင့် အမျိုးသားအကျိုးစီးပွားအတွက် ရလဒ်ကောင်းများ မလွဲမသွေ ရရှိခံစားကြရမည်ကို ယုံကြည်ပါကြောင်းနှင့် အဆိုအား ထောက်ခံပါကြောင်း ဆွေးနွေးသည်။

စစ်ကိုင်းတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၃) ဒေါ်ကျော့ယဉ်ဝင်းက နိုင်ငံ၏အခွန်ရရေး လျော့နည်းရခြင်း၏ အဓိကအကြောင်းရင်းမှာ မှတ်ပုံတင်မထားသော စီးပွားရေးလုပ်ငန်းများ (Informal Economy)များပြားနေခြင်း၊ အခွန်ရှောင်လွှဲခြင်း၊ အဂတိလိုက်စားမှု၊ စီမံခန့်ခွဲမှုအားနည်းခြင်း၊ နည်းပညာပိုင်းဆိုင်ရာ အားနည်းခြင်း၊ ဒီဂျစ်တယ် အခွန်စနစ် အားနည်းခြင်း၊ တရားဥပဒေစိုးမိုးမှု၊ အသိပညာပေးမှုနှင့် အခွန်ထမ်းများ၏ အသိပညာ၊ အခွန်ပေးလိုစိတ်ဝန်ညံ့ပါးခြင်းနှင့် မှောင်ခိုကုန်သွယ်မှုတို့ကြောင့်ဖြစ်ပါကြောင်း၊ ထို့ကြောင့် အခွန်စနစ်ကို ခေတ်မီအောင်ပြုပြင်ခြင်း၊ ပွင့်လင်းမြင်သာမှုတိုးမြှင့်ခြင်း၊ ဥပဒေစိုးမိုးမှု အားကောင်းစေခြင်းနှင့် ပြည်သူများအား အခွန်လိုက်နာမှု မြှင့်တင်ခြင်းတို့သည် နိုင်ငံတော်၏ ဘဏ္ဍာရေးတည်ငြိမ်မှုနှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါသော မူဝါဒဦးတည်ချက်များ ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံတွင် ပြည်သူများ အခွန်ကို မိမိဆန္ဒအလျောက် လိုလိုလားလား ပေးဆောင်လာစေရန် အတင်းအကျပ်ကောက်ခံခြင်းထက် အခွန်ဆိုင်ရာ ယုံကြည်မှုကို တည်ဆောက်ပေးရန် အရေးကြီးပါကြောင်း၊ အစိုးရအနေဖြင့် အခွန်နှင့်ပတ်သက်၍ စည်းရုံးဆောင်ရွက်ရာတွင် အခွန်၏အကျိုးကျေးဇူးများကို အသိပညာပေးရန် လိုအပ်ပါကြောင်း၊ အခွန်သည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကဝင်ငွေအရင်းအမြစ်ဖြစ်သည်ကို ရှင်းလင်းဖော်ပြသင့်ပါကြောင်း၊ ကျောင်းပညာရေးတွင် ကျောင်းသားကျောင်းသူများကို နိုင်ငံသားတာဝန်နှင့် အခွန်ပေးဆောင်မှု၏ အရေးပါမှုကို သင်ကြားပေးရန်၊ လုပ်ငန်းရှင်များနှင့် ပူးပေါင်းခြင်းတို့လည်း ဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း။

ပြည်သူများကို အခွန်ပေးဆောင်စေရန် အပြစ်ပေးခြင်းထက် ယုံကြည်မှုတည်ဆောက်ခြင်း၊ အသိပညာပေးခြင်း၊ ပွင့်လင်းမြင်သာမှုရှိခြင်းနှင့် အခွန်ပေးဆောင်ရ လွယ်ကူစေခြင်းတို့သည် ပိုမိုရေရှည်တည်တံ့ပြီး ထိရောက်သော နည်းလမ်းများဖြစ်ပါကြောင်း၊ အခွန်ပေးဆောင်သူများက ၎င်းတို့ပေးဆောင်သည့်အခွန်သည် ပြည်သူ့အကျိုးစီးပွားအတွက် အမှန်တကယ် အသုံးပြုနေသည်ဟု ယုံကြည်လာချိန်တွင် အခွန်လိုက်နာမှု (Tax Compliance) သည် သဘာဝအတိုင်း မြင့်တက်လာမည်ဖြစ်ပါကြောင်း၊ "အခွန်ထမ်းဆောင်ခြင်းဖြင့် နိုင်ငံတော်ကို တည်ဆောက်စို့၊ နိုင်ငံတော်ဖွံ့ဖြိုးဖို့ အခွန်အားလုံး ပေးဆောင်စို့" ဆိုသည့်အတိုင်း နိုင်ငံသားတိုင်း အခွန်နှင့်ပတ်သက်၍ ဤစည်းမျဉ်းဥပဒေများကို လိုက်နာဆောင်ရွက်လာမည်ဟု ယုံကြည်ပါကြောင်းနှင့် အဆိုအား ထောက်ခံပါကြောင်း ဆွေးနွေးသည်။

ရခိုင်ပြည်နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၁၀) ဒေါက်တာခိုင်ခိုင်ဆုက အခွန်ကောက်ခံမှုသည် အုပ်ချုပ်ရေးဆိုင်ရာလုပ်ငန်းစဉ်တစ်ခုသာမဟုတ်ဘဲ အုပ်ချုပ်မှုစနစ်၏ ဖြောင့်မတ်တည်ကြည်မှုနှင့် နိုင်ငံတော်နှင့် ပြည်သူအကြား ယုံကြည်မှု အခြေခံအချက်များကို ပုံဖော်ပေးသည့် နိုင်ငံရေးဆိုင်ရာကိရိယာ (political instrument) တစ်ရပ်ဖြစ်ပါကြောင်း၊ နိုင်ငံတော်သည် လက်ရှိအခွန်အမျိုးအစား ပုံစံအမျိုးမျိုးကို လျှော့ချပြီး အဓိကအခွန်အမျိုးအစားများခြုံ၍ ပေါင်းစည်းသတ်မှတ်သင့်ပါကြောင်း၊ ထို့ပြင် အခွန်ကင်းလွတ်ခွင့်ရသူများကို အနည်းဆုံးအထိလျှော့ချပြီး အုပ်ချုပ်ရေးလုပ်ငန်းစဉ်များကို ရိုးရှင်းလွယ်ကူစေရန် ဆောင်ရွက်၍ စနစ်ရှုပ်ထွေးမှု၊ ဥပဒေကွက်လပ်များနှင့် မသမာသော အကျိုးအမြတ်ရှာဖွေမှုများကို ဖယ်ရှားရမည်ဖြစ်ပါကြောင်း။

နိုင်ငံတော်သည် အခွန်ထမ်းအားလုံးအတွက် အီလက်ထရွန်နစ်စနစ်ဖြင့် အခွန်တင်သွင်းခြင်းနှင့် ဒီဂျစ်တယ်ငွေပေးချေမှုများကို မဖြစ်မနေ ဆောင်ရွက်စေသင့်ပါကြောင်း၊ ငွေသားဖြင့် ငွေပေးချေမှုများကို ဖယ်ရှား၍ ပြည်သူနှင့် အစိုးရဝန်ထမ်း တိုက်ရိုက်ထိတွေ့ရသည့် အခွင့်အလမ်းများကိုလျှော့ချကာ မြန်မာနိုင်ငံ၏ဘဏ္ဍာရေး အခြေခံအဆောက်အအုံကို ခေတ်မီအောင်အမြန်ဆုံး ပြန်လည်တည်ဆောက်သင့်ပါကြောင်း၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင် (ACC)အား အဂတိလိုက်စားမှုအမှုများကို အခြားအဖွဲ့အစည်း၏ လွှဲပြောင်းမှုမလိုဘဲ တိုက်ရိုက်လွတ်လပ်စွာ စုံစမ်းစစ်ဆေးနိုင်သော အခွင့်အာဏာကို နိုင်ငံတော်မှ ပေးအပ်ရန် လိုအပ်သကဲ့သို့ ဥပဒေ၊ နည်းဥပဒေများကို ပြဋ္ဌာန်းပေးသင့်ပါကြောင်း။

အခွန်စနစ်ကို ရိုးရှင်းအောင်ပြုပြင်ခြင်း၊ အုပ်ချုပ်ရေးလုပ်ငန်းစဉ်များကို ဒီဂျစ်တယ်စနစ်သို့ ပြောင်းလဲခြင်း၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်၏ လုပ်ပိုင်ခွင့်များကို အားကောင်းစေခြင်း၊ Corruption Prevention Unit များကို တိုးချဲ့ဖွဲ့စည်းခြင်း၊ လစာစနစ်ကို ပြုပြင်ပြောင်းလဲခြင်းနှင့် အခွန်ဝင်ငွေကို ပြည်သူ့ရေးရာ ဝန်ဆောင်မှုများနှင့် တိုက်ရိုက်ချိတ်ဆက်ခြင်းတို့ဖြင့် နိုင်ငံတော်၏ အခွန်ရရှိမှုများ တိုးတက်လာမည်ဖြစ်ပါကြောင်း၊ ထိုမှတစ်ဆင့် မြန်မာနိုင်ငံသည် အဂတိလိုက်စားမှုကို ဖယ်ရှားနိုင်ပြီး ပြည်သူတို့၏ဆန္ဒနှင့် နိုင်ငံတော်၏ အကျိုးစီးပွားကို ဖော်ဆောင်နိုင်သည့် ကောင်းမွန်သော အုပ်ချုပ်မှုစနစ်တစ်ရပ်ကို တည်ဆောက်နိုင်ရန် ရည်ရွယ်၍ အဆိုကိုထောက်ခံပါကြောင်း ဆွေးနွေးသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးရန် ကျန်ရှိသည့်လွှတ်တော်ကိုယ်စားလှယ်များက ဆက်လက်ဆွေးနွေးခြင်း၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ဖြေရှင်းဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်းတို့ကို ဇူလိုင် ၁၃ ရက်တွင်ကျင်းပမည့် ၁၆ ရက်မြောက်နေ့ အစည်းအဝေးတွင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာသည်။

ထို့နောက်တတိယအကြိမ်အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၁၅ ရက်မြောက်နေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေး ၁၆ ရက်မြောက်နေ့ကို ဇူလိုင် ၁၃ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

အမျိုးသားလွှတ်တော် ရုပ်သံဖိုင်ကြည့်ရန်

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၂၁) ရက်မြောက်နေ့သို့ လာရောက်လေ့လာသည့် International Leadership College (ILC) မှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား တွေ့ဆုံ

နေပြည်တော် ဇူလိုင် ၁၀

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီသည် ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်းနှင့်အတူ တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၂၁) ရက်မြောက်နေ့သို့ လာရောက်လေ့လာသည့် International Leadership College (ILC)မှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူ ဦးရေ စုစုပေါင်း ၁၂၀ ကျော်အား ပြည်သူ့လွှတ်တော် အစည်းအဝေးပြီးချိန် ယနေ့မွန်းလွဲပိုင်း ၂ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ သဘင်ဆောင်၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် ကျောင်းသူ ကျောင်းသားများအား အနာဂတ်လူငယ် အုတ်တစ်ချပ်သဲတစ်ပွင့် Video Clip ကို ဦးစွာပြသသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားရာတွင် ယခုလို International Leadership College (ILC) မှ ဘွဲ့ကြို မဟာဘွဲ့၊ ဒေါက်တာဘွဲ့ တက်ရောက်နေသော ကျောင်းသား ကျောင်းသူများပါဝင်သည့် ပညာတတ် လူငယ်များဦးဆောင်၍ မိမိတို့ပြည်သူ့လွှတ်တော်ကို စိတ်ပါဝင်စားစွာ လာရောက်လေ့လာသည့်အတွက် လွှတ်တော်အနေဖြင့် လွန်ခဲ့သည့်ဂုဏ်ယူဝမ်းမြောက်ကြိုဆိုပါကြောင်း၊ လွှတ်တော်ဆိုသည်မှာ မဲဆန္ဒနယ် အသီးသီးရှိ မဲဆန္ဒရှင်ပြည်သူများက မိမိတို့၏ ရပ်ရွာ၊ ဒေသအကျိုးကို ဆောင်ရွက်ပေးနိုင်ရန်အတွက် ယုံကြည်အားကိုးစွာဖြင့် ဒီမိုကရေစီနည်းလမ်းအတိုင်း ရွေးကောက်တင်မြှောက်လိုက်သည့် ပြည်သူ့ကိုယ်စားလှယ်များ စုဝေးရုံးနေသည့်နေရာတစ်ခုဖြစ်ပါကြောင်း၊ နိုင်ငံတကာတွင် နိုင်ငံ၏အကျယ်အဝန်း၊ လူဦးရေအပေါ်မူတည်ပြီး လွှတ်တော်နှစ်ရပ်စနစ် (bicameral)နှင့် လွှတ်တော်တစ်ရပ်စနစ် (unicameral) ဟူ၍ရှိပါကြောင်း၊ မိမိတို့နိုင်ငံတွင် လွှတ်တော်နှစ်ရပ်စနစ်ကို ကျင့်သုံးပါကြောင်း၊ မြို့နယ်ကိုအခြေခံ၍ လည်းကောင်း၊ လူဦးရေကို အခြေခံ၍လည်းကောင်း ဥပဒေနှင့်အညီ ရွေးကောက်တင်မြှောက်ထားသော ကိုယ်စားလှယ်များပါဝင်သည့် ပြည်သူ့လွှတ်တော်နှင့် တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၄ ခုမှ ရွေးကောက်ပွဲ ဥပဒေနှင့်အညီ အချိုးကျရွေးကောက်တင်မြှောက်ထားသည့်ကိုယ်စားလှယ်များပါဝင်သည့် အမျိုးသား လွှတ်တော်တို့ဖြစ်ပါကြောင်း၊ အဆိုပါလွှတ်တော်နှစ်ရပ် ပူးပေါင်းဆောင်ရွက်ရသည့် ပြည်ထောင်စု လွှတ်တော်ရှိပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး တွင်လည်း လွှတ်တော်တစ်ရပ်စီရှိကြပါကြောင်း။

လွှတ်တော်၏ အဓိကလုပ်ငန်းတာဝန်များ အနေဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံသူ နိုင်ငံသားများ ဥပဒေ၏အကာအကွယ်အောက်တွင် ငြိမ်းချမ်းစွာနေထိုင်နိုင်ရေးအတွက် ဥပဒေပြုခြင်း၊ လုပ်ငန်းများဆောင်ရွက်ခြင်း၊ ပြည်သူများ၏လိုလား ချက်၊ ဆန္ဒများကို ရုပ်လုံးဖော် ဆောင်ရွက်ပေးခြင်းဖြင့် ပြည်သူကိုကိုယ်စားပြုဆောင်ရွက်ခြင်းနှင့် နိုင်ငံတော် တည်ငြိမ်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြား သောမဏ္ဍိုင်များနှင့် အချင်းချင်းအပြန်အလှန်ထိန်းညှိ ပေါင်းစပ်ဆောင်ရွက်ခြင်းတို့ဖြစ်ပါကြောင်း။

ထို့သို့ လွှတ်တော်၏ရည်မှန်းချက်တာဝန်များ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် လွှတ်တော်ကော်မတီများကို ဖွဲ့စည်းထားရှိပြီး ၎င်းကော်မတီများသည် လွှတ်တော်ငယ်များအဖြစ် လည်းကောင်း၊ ထောက်တိုင်များအဖြစ်လည်းကောင်း အဓိကအခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်ပါကြောင်း၊ ပညာရေးသည်နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးကြီးသဖြင့် လွှတ်တော်တွင် ပညာရေးမြှင့်တင်မှု ကော်မတီတစ်ရပ်ကို ထည့်သွင်းဖွဲ့စည်းထားပါ ကြောင်း၊ အဆိုပါကော်မတီတွင် ပညာရေးကဏ္ဍဖွံ့ဖြိုး တိုးတက်ရန်အတွက် မျှော်မှန်းချက်၊ လုပ်ငန်းတာဝန်၊ အဓိကရည်မှန်းချက်များ ပညာရေးကဏ္ဍ မြင့်မား စေရန် နိုင်ငံတော်နှင့် ပူးပေါင်းဆောင်ရွက်နိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း။

လွှတ်တော်သို့ လာရောက်လေ့လာကြသည့် ကျောင်းသား ကျောင်းသူများအနေဖြင့်လည်း မိမိတို့ ၏ရည်မှန်းချက်၊ မျှော်လင့်ချက်များကို အကောင် အထည်ဖော် ဆောင်ရွက်ပေးနိုင်ရေးအတွက် လွှတ်တော်ကို ယုံကြည်အားကိုးကြစေလိုပါကြောင်း၊ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် မိမိတို့၏အနာဂတ်ခရီး ခိုင်မာစေရေးအတွက် လွှတ်တော်နှင့် ယုံယုံကြည်ကြည် လက်တွဲဆောင်ရွက်ကြဖို့လည်း လွှတ်တော်က အမြဲတမ်းတံခါးဖွင့်ဖိတ်ခေါ်ပါကြောင်း၊ နောင်တွင် လွှတ်တော်၌ "လူငယ်စကားပိုင်းများ၊ လူငယ်ဆွေးနွေး ပွဲများ၊ Open Parliament ပုံစံများ" ပြုလုပ်မည့်အစီ အစဉ်များလည်း ရှိပါကြောင်း ပြောကြားသည်။

ဆက်လက်၍ တက်ရောက်လာကြသည့် ကျောင်းသား ကျောင်းသူများက ပြည်သူ့လွှတ်တော်၏ အခန်းကဏ္ဍ၊ ဥပဒေပြုရေးအဆင့်ဆင့်၊ ပညာရေးကဏ္ဍ များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို မေးမြန်းကြရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပြန်လည်ဖြေကြားသည်။

တွေ့ဆုံပွဲအပြီးတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ နှင့် ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌတို့က တက် ရောက်လာကြသည့် International Leadership College (ILC) မှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား တစ်ဦးချင်း ရင်းရင်းနှီးနှီးတွေ့ဆုံ နှုတ်ဆက်သည်။

သတင်းစဉ်



အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီ အစည်းအဝေး (၁/၂၀၂၆) ကျင်းပ

နေပြည်တော် ဇူလိုင် ၁၀

အသေးစား ငွေရေးကြေးရေး လုပ်ငန်းကြီးကြပ်မှု ကော်မတီ အစည်းအဝေးအမှတ်စဉ် (၁/၂၀၂၆) ကိုယနေ့နံနက်ပိုင်းတွင် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ရုံးအမှတ် (၂၆) အစည်းအဝေးခန်းမ၌ ကျင်းပ ရာ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီး ဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်၊ ဒုတိယဝန်ကြီး ဦးဟန်ဝင်းအောင်၊ အသေးစား ငွေရေးကြေးရေးလုပ်ငန်းကြီးကြပ် မှုကော်မတီဝင်များ၊ မြန်မာနိုင်ငံ အသေးစား ငွေရေးကြေးရေး လုပ်ငန်းများအသင်းမှ ကိုယ်စား လှယ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင်ပြည်ထောင်စု ဝန်ကြီးက ၂၀၂၆ ခုနှစ် မေလစာရင်း အရ အသေးစားငွေရေးကြေးရေး ကုမ္ပဏီများသည် တိုင်းဒေသကြီး ပြည်နယ် ၁၅ ခုရှိ မြို့နယ်ပေါင်း ၂၂၅ မြို့နယ် ကျေးရွာပေါင်း ၂၄၃၃၉ ရွာရှိ အသင်းဝင်ဦးရေ ၂ ဒသမ ၅၉ သန်းသို့ အသေးစားငွေကြေး ဝန်ဆောင်မှုများ ပေးလျက်ရှိသည် ကို စာရင်းဇယားများအရ တွေ့ရ ကြောင်း၊ အသေးစားငွေရေးကြေး ရေးဝန်ဆောင်မှုများသည် အသင်း ဝင်များ၏ လူမှုစီးပွားဘဝဖွံ့ဖြိုး တိုးတက်ရေး၊ စိုက်ပျိုးရေး၊ မွေးမြူ ရေး၊ MSME ကဏ္ဍ၊ ကျေးလက် ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမွဲ လျော့ချရေးအတွက် အမှန် တကယ် အထောက်အကူပြုရေး အလေးအနက်ထားပြီး ဆောင်ရွက် ကြရန် ပြောကြားသည်။

ထို့နောက် အသေးစားငွေရေး ကြေးရေးလုပ်ငန်း ကြီးကြပ်မှု ကော်မတီ အတွင်းရေးမှူးက လုပ်ငန်းဆောင်ရွက်နေမှု အခြေ အနေများကို ရှင်းလင်းတင်ပြပြီး ကော်မတီအဖွဲ့ဝင်များက လိုအပ် သည်များ ဖြည့်စွက်ဆွေးနွေးခဲ့ ကြောင်း သိရသည်။

သတင်းစဉ်



မိုးညီမြို့နယ်၌ ရေဘေးအန္တရာယ် သရုပ်ပြဇာတ်တိုက်လေ့ကျင့်

မိုးညီ ဇူလိုင် ၁၀

ပဲခူးတိုင်းဒေသကြီး မိုးညီမြို့နယ် ညောင်ပိုင်းကျေးရွာအုပ်စု ရှိ နဒီဧရာဆိပ်ကမ်း၌ ရေဘေး အန္တရာယ် သရုပ်ပြဇာတ်တိုက် လေ့ကျင့်ခြင်းကို ဇူလိုင် ၁၀ ရက် က ပြုလုပ်သည်။

ဦးစွာ မြို့နယ်မီးသတ်ဦးစီးမှူး ဦးသက်ဇော် ဦးဆောင်သော ရှာဖွေကယ်ဆယ်ရေး တပ်ဖွဲ့ဝင် များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဦးစီးဌာနမှ ဝန်ထမ်းများ၊ ကြက်ခြေနီ တပ်ဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက ရေဘေး အန္တရာယ် သရုပ်ပြသမှုကို ဇာတ်တိုက်လေ့ကျင့်ရာ မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ ဦးဖုန်းလွင်နှင့် တာဝန်ရှိသူများက ကြည့်ရှု အားပေးခဲ့ကြောင်း သိရသည်။

ကိုမင်း(ပြန်/ဆက်)

ပြည်သူ့လွှတ်တော်အစည်းအဝေးကျင်းပမှုကို လာရောက်လေ့လာ

နေပြည်တော် ဇူလိုင် ၁၀

စစ်ကိုင်း တိုင်းဒေသကြီး လွှတ်တော် ကိုယ်စားလှယ် ဖောင်းပြင်အမှတ် (၁) မဲဆန္ဒနယ်မှ ဦးတင်မင်းထွဋ်နှင့် International Leadership College မှ ဒေါက်တာ မေဖူးပွင့်စိုး ဦးဆောင်သော ဆရာ ဆရာမ၊ ကျောင်းသား ကျောင်းသူ ၉၈ ဦး စုစုပေါင်း ၉၉ ဦးတို့သည် ယနေ့နံနက် ၁၀ နာရီတွင် တတိယ အကြိမ် ပြည်သူ့လွှတ်တော် ဒုတိယ ပုံမှန်အစည်းအဝေး (၂၁) ရက်မြောက်နေ့ ကျင်းပမှုကို လာရောက် လေ့လာပြီး လွှတ်တော်အဆောက်အအုံများကို လှည့်လည်ကြည့်ရှုကြသည်။

သတင်းစဉ်

ဝေါမြို့နယ်၌ နွားကျင်ငယ်ရည်သုံးစွဲ၍ ရွက်ဖျန်းမြေဩဇာအဖြစ် အသုံးပြုနိုင်ရေး သရုပ်ပြ

ဝေါ ဇူလိုင် ၁၀

ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ်တွင် နွားကျင်ငယ်ရည်အသုံးပြု၍ ရွက်ဖျန်းမြေဩဇာအဖြစ် ပက်ဖျန်းအသုံးပြုနိုင်စေရေး သရုပ်ပြပွဲကို ဇူလိုင် ၉ ရက်က အရှေ့ဘက်ကမ်းရပ်ကွက် တောင်သူ ဦးမြင့်ဝင်း၏ လယ် ၁၃ ဧကတွင် ပြုလုပ်သည်။

ဦးစွာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဇော်မိုးထိုက်က အမှာစကားပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက နွားကျင်ငယ်ရည်သုံးစွဲ၍ ရွက်ဖျန်းမြေဩဇာ ပြုလုပ်ပုံကို ပြသပြီးနောက် စပါးစိုက်ခင်းများအတွင်း ပက်ဖျန်းပြသခဲ့ကြကြောင်း သိရသည်။

အာကာ(ပြန်/ဆက်)

နေရောင်အောက်က သက်ရှိတွေကို စောင့်ရှောက်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့

ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း တိုင်းရင်းဆေးပညာဦးစီးဌာန ရုံးအမှတ်(၄-ဂ) အဆောက်အအုံသစ်ဖွင့်ပွဲ တက်ရောက်

နေပြည်တော် ဇူလိုင် ၁၀

ကျန်းမာရေးဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာန နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရသီရိမြို့နယ် ပဏ္ဍိတလမ်း ရုံးအမှတ် (၄-ဂ) အဆောက်အအုံသစ်ဖွင့်ပွဲကို ယနေ့နံနက် ၉ နာရီတွင် ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးကံမြင့်သန်း၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ အေးထွန်း၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဝင် ဒေါက်တာစုစုဌေးနှင့် တိုင်းရင်းဆေးပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်တို့က အဆောက်အအုံသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ပြသထားသည့် ပြခန်းများ၊ တိုင်းရင်းဆေးကျမ်း၊ ပေ၊ ပုရပိုဒ်များ၊ တိုင်းရင်းဆေးပညာဦးစီးဌာန၊ တိုင်းရင်းဆေးတက္ကသိုလ်၊ တိုင်းရင်းဆေးဝါးစက်ရုံ ပုံစံငယ်များနှင့် မြန်မာ့တိုင်းရင်းဆေးပညာ ပြတိုက်တို့ကို လှည့်လည်ကြည့်ရှုကြသည်။

ယင်းနောက် အဆောက်အဦဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က တိုင်းရင်းဆေးပညာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ထံ တိုင်းရင်းဆေးပညာဦးစီးဌာန အဆောက်အအုံသစ်အား လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်



ပြည်ထောင်စုဝန်ကြီး ဦးဆန်းဦး မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံအမတ်ကြီးအား လက်ခံတွေ့ဆုံ

နေပြည်တော် ဇူလိုင် ၁၀

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆန်းဦးသည် မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံအမတ်ကြီး H.E. Ms. Ma Jia အား ယနေ့ နံနက်ပိုင်းတွင် ရုံးအမှတ် (၂၈) သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး ဧည့်ခန်းမတွင် လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာ-တရုတ် နှစ်နိုင်ငံအကြား ရှိရင်းစွဲ သံတမန်ဆက်ဆံရေးနှင့် ချစ်ကြည်ရင်းနှီးမှုတိုးတက်ခိုင်မာစေရေး၊ နှစ်နိုင်ငံသတ္တု၊ သစ်တောနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးကဏ္ဍ ဖွံ့ဖြိုး တိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရေး၊ စီမံကိန်းများ အကောင်အထည်ဖော်နိုင်ရေးနှင့် လူစွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေး ကဏ္ဍများနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဦးခင်လတ်ကြီးနှင့် ဒေါက်တာသောင်းနိုင်ဦး၊ အမြဲတမ်း အတွင်းဝန်နှင့် တာဝန်ရှိသူများ၊ တရုတ်သံရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။

သတင်းစဉ်



၂၀၂၆ ပညာသင်နှစ် ဘက်စုံသားဖွားဒီပလိုမာ(၂)နှစ်သင်တန်းသူများအား ဦးဆောင်အပ်နှင်းခြင်းအခမ်းအနား ကျင်းပ

မြစ်ကြီးနား ဇူလိုင် ၁၀

ကျန်းမာရေး ဝန်ကြီးဌာန ကျန်းမာရေး လူစွမ်းအားအရင်းအမြစ် ဦးစီးဌာန သားဖွား သင်တန်းကျောင်း(မြစ်ကြီးနား)၏ ၂၀၂၆ ပညာသင်နှစ် အပတ်စဉ် (၇) ဘက်စုံသားဖွား ဒီပလိုမာ (၂) နှစ် သင်တန်းသူများအား ဦးဆောင်အပ်နှင်းခြင်း အခမ်းအနားကို ယနေ့ နံနက် ၈ နာရီတွင် အဆိုပါကျောင်းခန်းမ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးရားဝမ်ဂျို၊ ပြည်နယ် တရားလွှတ်တော်တရားသူကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ်က ဂုဏ်ပြုအမှာစကား ပြောကြားပြီး သားဖွား သင်တန်းကျောင်း ကျောင်းအုပ်ကြီးက သူနာပြု-သားဖွားတို့၏ အဆောင်အယောင် ဖြစ်သော ဦးဆောင်း အပ်နှင်းရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကာ သင်တန်းကျောင်း ပညာရေးအဖွဲ့ဝင်များနှင့်အတူ ပထမနှစ်စာမေးပွဲ ဖြေဆို အောင်မြင်ခဲ့ကြသော သင်တန်းသူ ၄၃ ဦးအား ဦးဆောင်း အပ်နှင်းသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က အခြေခံအရည်အချင်းစစ်စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့ကြသော သင်တန်းသူများအား ဂုဏ်ပြုမှတ်တမ်းလွှာများ၊ ဂုဏ်ပြုဆုငွေများနှင့် သင်တန်းကျောင်းအတွက် ဆန်အိတ်များကို ပေးအပ်ရာ ပထမနှစ် သင်တန်းသူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ယင်းနောက် မြစ်ကြီးနား တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည့် ကျောင်းသား ကျောင်းသူများနှင့် တွေ့ဆုံပွဲသို့ တက်ရောက်အမှာစကား ပြောကြားပြီး ခေတ္တ ပါမောက္ခချုပ်က မြစ်ကြီးနားတက္ကသိုလ်မှ သက်ပြည့် အငြိမ်းစား ယူမည့်သူများအား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)



ဆီဆိုင်မြို့နယ်၌ ဥပဒေအသိပညာပြန့်ပွားရေး သင်တန်းဖွင့်လှစ်ပို့ချ

ဆီဆိုင် ဇူလိုင် ၁၀

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့နယ်တွင် မြို့နယ်ဥပဒေရုံးက ဥပဒေအသိပညာပြန့်ပွားရေး ဆရာဖြစ်သင်တန်း(TOT)ကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ယမန်နေ့က ဖွင့်လှစ်ပို့ချသည်။

ထိုသို့ သင်တန်းပို့ချရာတွင် မြို့နယ်ဥပဒေအရာရှိဦးအောင်ဇေယျက ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေများ၊ ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေနှင့် နည်းဥပဒေများ၊ လောင်းကစားဥပဒေနှင့် လုပ်ထုံးလုပ်နည်းများ၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေနှင့် နည်းဥပဒေများ၊ ရာဇသတ်ကြီး၊ ရာဇဝတ် ကျင့်ထုံးဥပဒေ၊ ပြည်သူ့စစ်မှုထမ်း ဥပဒေ၊ ငြိမ်းချမ်းစွာ စုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်းဆိုင်ရာ ဥပဒေ စသည့်အကြောင်းအရာများကို အသိပညာပေး ဆွေးနွေးပို့ချခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

လားရှိုးမြို့၌ မီးဘေးအန္တရာယ်နှင့် သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေး

လားရှိုး ဇူလိုင် ၁၀

ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့တွင် မြို့နယ်မီးသတ်ဦးစီးဌာနက မီးဘေးအန္တရာယ်နှင့် သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောခြင်းနှင့် ဓာတ်တိုက် လေ့ကျင့်ခြင်းကို ဇူလိုင် ၁၀ ရက်က အမှတ် (၁၂) ရပ်ကွက်ရှိ အမှတ် (၃) အခြေခံပညာအထက်တန်းကျောင်း၌ ဆောင်ရွက်သည်။

ဦးစွာ မြို့နယ်မီးသတ်ဦးစီးမှူးရုံးမှ ဦးစီးအရာရှိ ဦးမင်းမင်းသစ်က မီးဘေးအန္တရာယ်နှင့် သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အကြောင်းအရာများ အသိပညာပေးဆွေးနွေးပြီး ကျောင်းသားကျောင်းသူများအား မီးသတ်ဆေးဘူးအသုံးပြု၍ မီးငြိမ်းသတ်ခြင်းနှင့် သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် ဓာတ်တိုက် လေ့ကျင့်ခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

လူမော် (ပြန်/ဆက်)



မင်းတုန်းမြို့နယ်၌ ကော်ဖီပျိုးပင်များ ထောက်ပံ့ပေးအပ်

မင်းတုန်း ဇူလိုင် ၁၀

မကွေးတိုင်းဒေသကြီး မင်းတုန်းမြို့နယ်၌ ၂၀၂၆-၂၀၂၇ ခုနှစ် ကော်ဖီသီးနှံတိုးချဲ့ စိုက်ပျိုးရေးအတွက် ကော်ဖီပျိုးပင် ထောက်ပံ့ပေးအပ်ပွဲကို ဇူလိုင် ၁၀ ရက်က ပြုလုပ်ရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစိုးလင်းက အမှာစကားပြောကြားသည်။

ထိုသို့ ကော်ဖီသီးနှံတိုးချဲ့စိုက်ပျိုးရေးအတွက် အာရေဗီးကား ကော်ဖီပျိုးပင်များ ထောက်ပံ့ပေးအပ်ရခြင်းမှာ ဒေသခံပြည်သူများ အလုပ်အကိုင် အခွင့်အလမ်း ရရှိစေရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်ပေးအပ်ခြင်းဖြစ်ပြီး ငကုန်းကျေးရွာ၊ ချောက်လန်ကျေးရွာ၊ ယင်းကောက်ကျေးရွာနှင့် ကန်ကျောကျေးရွာတို့မှ တောင်သူ ၂၅ ဦးအား အာရေဗီးကားကော်ဖီပျိုးပင် ၄၀၀၀၀ အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

ချင်းကလေး(NRDC)



ပတ်ဝန်းကျင်ထိန်းသိမ်းမှုနှင့် မြို့ပြစီမံခန့်ခွဲမှု

၂၁ ရာစုသည် လျင်မြန်စွာပြောင်းလဲတိုးတက်နေသော မြို့ပြဖြစ်ထွန်းမှုခေတ်ဖြစ်သည်ဟု ဆိုရမည်ဖြစ်ပါသည်။ ကုလသမဂ္ဂ၏ ခန့်မှန်းချက်များအရ လက်ရှိတွင် ကမ္ဘာ့လူဦးရေ၏ ထက်ဝက်ကျော် (၅၅ ရာခိုင်နှုန်းခန့်) သည် မြို့ပြဒေသများတွင် နေထိုင်လျက်ရှိပြီး ၂၀၅၀ ပြည့်နှစ်တွင် ယင်းပမာဏသည် ၆၈ ရာခိုင်နှုန်းအထိ တိုးတက်လာမည်ဖြစ်ပါသည်။

မောင်စည်ပင်(နေပြည်တော်)

မြို့ပြများသည် ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၏ အဓိကအင်ဂျင်စက်များဖြစ်ပြီး ကမ္ဘာ့အသားတင် ထုတ်လုပ်မှုတန်ဖိုး (Global GDP) ၏ ၈၀ ရာခိုင်နှုန်းကျော်ကို ရှာဖွေပေးလျက်ရှိသည်။ သို့သော်တစ်ဖက်တွင်လည်း ဤလျင်မြန်သော တိုးတက်မှုများက သဘာဝပတ်ဝန်းကျင်အပေါ် ကြီးမားသော ဝန်ထုပ်ဝန်ပိုးများနှင့် စိန်ခေါ်မှုများကို ဖြစ်ပေါ်စေလျက်ရှိပါသည်။



စနစ်ကျသော စီမံခန့်ခွဲမှုမရှိဘဲ မြို့ပြများတိုးချဲ့လာခြင်းသည် သဘာဝသယံဇာတများ ကုန်ခန်းခြင်း၊ သစ်တောပြုန်းတီးခြင်း၊ ဧဝဝမျိုးစုံမျိုးကွဲများဆုံးရှုံးခြင်းနှင့် လေထု၊ ရေထု၊ မြေထု ညစ်ညမ်းမှုများကို ပြင်းထန်စွာဖြစ်ပေါ်စေပါသည်။ ထို့ကြောင့် ပတ်ဝန်းကျင်နှင့် မြို့ပြစီမံခန့်ခွဲမှုသည် ယနေ့ခေတ် ကမ္ဘာ့နိုင်ငံများအတွက် မရှိမဖြစ်လိုအပ်သော ဘာသာရပ်တစ်ခုနှင့် မဟာဗျူဟာမြောက်လုပ်ငန်းစဉ်တစ်ခု ဖြစ်လာပါသည်။ မြို့ပြစီမံကိန်းရေးဆွဲခြင်းကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးမူဝါဒများနှင့် ဟန်ချက်ညီညီ ပေါင်းစပ်နိုင်လျှင် ရေရှည်တည်တံ့သော မြို့ပြလူမှုအဖွဲ့အစည်းကို တည်ဆောက်နိုင်မည်ဖြစ်ပါသည်။

မြို့ပြစီမံခန့်ခွဲမှုနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းမှု၏ ဆက်စပ်မှု

မြို့ပြဧရိယာများသည် ကမ္ဘာ့မြေမျက်နှာပြင်၏ နှစ်ရာခိုင်နှုန်းခန့်သာရှိသော်လည်း ကမ္ဘာ့စွမ်းအင် သုံးစွဲမှု၏ ၆၀ မှ ၈၀ ရာခိုင်နှုန်းအထိရှိပြီး မှန်လုံအိမ်ခေတ်ဓွေ့ထုတ်လွှတ်မှု၏ ၇၅ ရာခိုင်နှုန်းကျော်ကို တာဝန်ရှိပါသည်။ ဤကိန်းဂဏန်းများက မြို့ပြစီမံခန့်ခွဲမှုသည် ကမ္ဘာ့ပတ်ဝန်းကျင် ဂေဟစနစ်အပေါ် မည်မျှအထိသက်ရောက်မှုရှိကြောင်း သက်သေပြနေပါသည်။ စနစ်မကျသော မြို့ပြခဲ့ထွင်မှုသည် အနီးအနားရှိ စိုက်ပျိုးမြေများနှင့် သစ်တော ဂေဟစနစ်များကို ပျက်စီးစေပြီး မြို့ပြအပူလှိုင်းဒဏ်ကို ဖြစ်ပေါ်စေသည်။ ကွန်ကရစ်နှင့် ကတ္တရာလမ်းများပြည့်နှက်နေသော မြို့ပြများသည် ကျေးလက်ဒေသများထက် အပူချိန် ၁ ဒီဂရီ မှ ၃ ဒီဂရီ ဆဲလ်စီးယပ်စ်အထိ ပိုမိုမြင့်မားတတ်ပါသည်။ ထို့ပြင် မြေဆီလွှာထဲသို့ ရေစိမ့်ဝင်နိုင်စွမ်းမရှိတော့ခြင်းကြောင့် မိုးသည်းထန်စွာရွာသွန်းပါက လျင်မြန်စွာ ကျော်ဖြေလွှဲမှုများ ဖြစ်ပွားစေပါသည်။

အပြန်အလှန်အားဖြင့် သဘာဝပတ်ဝန်းကျင် ယိုယွင်းပျက်စီးခြင်းသည် မြို့ပြနေလူထု၏ ကျန်းမာရေးနှင့်စီးပွားရေးကို တိုက်ရိုက်ခြိမ်းခြောက်လျက်ရှိပါသည်။ လေထုညစ်ညမ်းမှုကြောင့် အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါများ တိုးပွားလာခြင်း၊ သန့်ရှင်းသောသောက်သုံးရေ ရှားပါးလာခြင်းတို့သည် မြို့ပြ၏ ကုန်ထုတ်စွမ်းအားကို ကျဆင်းစေပါသည်။ ထို့ကြောင့် ပတ်ဝန်းကျင်ထိန်းသိမ်းမှုသည် မြို့ပြစီမံကိန်း၏ နောက်ဆက်တွဲအလုပ်မဟုတ်ဘဲ မြို့ပြစီမံကိန်း၏ အခြေခံအုတ်မြစ်ဖြစ်ရမည်ဖြစ်ပါသည်။

ရေရှည်တည်တံ့သော မြို့ပြစီမံကိန်းရေးဆွဲခြင်း၏ အဓိကအခြေခံမူများ

ရေရှည်တည်တံ့သော မြို့ပြစီမံကိန်းတစ်ခုဖြစ်မြောက်ရန်အတွက် အောက်ပါအခြေခံမူများကို လိုက်နာကျင့်သုံးရန် လိုအပ်သည်-

(က) **အသုံးပြုမှုစုံလင်သော မြေအသုံးချမှု။** လူနေအိမ်များ၊ ရုံးခန်းများ၊ စျေးဝယ်စင်တာများနှင့် အပန်းဖြေနေရာများကို သီးခြားခွဲထုတ်မထားဘဲ တစ်နေရာတည်းတွင် စုစည်းတည်ဆောက်ခြင်းဖြစ်ပါသည်။ ယင်းကြောင့် ပြည်သူများ အနေဖြင့် အလုပ်ကိစ္စနှင့် နေ့စဉ်လိုအပ်ချက်များအတွက် ဝေးကွာစွာသွားလာရမည့် အကွာအဝေးကိုလျှော့ချနိုင်ပြီး ပုဂ္ဂလိက မော်တော်ယာဉ်သုံးစွဲမှုကို နည်းပါးစေကာ ကာဗွန်ထုတ်လွှတ်မှုကို ကျဆင်းစေပါသည်။

(ခ) **အစိမ်းရောင် အခြေခံအဆောက်အအုံ။** မြို့ပြအတွင်း ပန်းခြံများ၊ စိမ်းလန်းသော လမ်းမများ၊ ရေဝေရေလဲနေရာများနှင့် အဆောက်အအုံများ၏ နံရံ/အမိုးပေါ်တွင် သစ်ပင်စိုက်ပျိုးခြင်းတို့ကို စနစ်တကျ ထည့်သွင်းခြင်း ဖြစ်ပါသည်။ ၎င်းသည် မြို့ပြအပူချိန်ကို လျှော့ချပေးရုံသာမက မိုးရေကို သဘာဝအတိုင်း ထိန်းညှိပေးပြီး ဧဝဝမျိုးစုံမျိုးကွဲများအတွက် ခိုလှုံရာဖြစ်စေသည်။

(ဂ) **ရေရှည်တည်တံ့သော လူထုသယ်ယူပို့ဆောင်ရေး။** အများပြည်သူသုံး သယ်ယူပို့ဆောင်ရေးစနစ် (ဥပမာ- ရထား၊ ဘတ်စ်ကားအမြန်လိုင်းများ)ကို အဆင်ပြေချောမွေ့အောင် ဖန်တီးပေးခြင်းနှင့်အတူ စက်ဘီးစီးလမ်းများနှင့် လမ်းလျှောက်လမ်းများကို ဘေးကင်းလုံခြုံအောင် တည်ဆောက်ပေးခြင်းဖြစ်ပါသည်။ ယင်းကို Transit-Oriented Development (TOD) ဟု ခေါ်ဆိုပြီး မော်တော်ယာဉ်သည်စည်မဲမှုကိုလျှော့ချရန် အကောင်းဆုံးနည်းလမ်းဖြစ်ပါသည်။ လည်ပတ်မှုစီးပွားရေးနှင့် စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုသည် စွန့်ပစ်ပစ္စည်းများကို မြေမြှုပ်ခြင်း သို့မဟုတ် မီးရှို့ခြင်းထက် ပြန်လည်အသုံးပြုခြင်းနှင့် အရှိန်မှစွမ်းအင်ထုတ်လုပ်ခြင်းတို့ကို ကျင့်သုံးခြင်းဖြစ်ပါသည်။ ထို့ပြင် ရေဆိုးများကို ပြန်လည်သန့်စင်သုံးစွဲသည့် နှင့်မညီညွတ်သော ကျူးကျော်ရပ်ကွက်များတိုးပွားလာကာ ပတ်ဝန်းကျင်ဆိုင်ရာ တရားဥပဒေစိုးမိုးမှုကို အားနည်းစေပါသည်။

(ဃ) **လေထုနှင့် ရေထုညစ်ညမ်းမှု။** မော်တော်ယာဉ်များနှင့် စက်ရုံများမှထွက်ရှိသော PM2.5 အမှုန်အမွှားများသည် မြို့ပြနေပြည်သူ သန်းပေါင်းများစွာ၏ အသက်အန္တရာယ်ကို ခြိမ်းခြောက်လျက်ရှိပြီး မသန့်စင်သော မြို့ပြရေဆိုးများကြောင့် မြစ်ချောင်းများ ပျက်စီးလျက်ရှိပါသည်။

စင်ကာပူနိုင်ငံသည် မြေနေရာ အလွန်ကျဉ်းမြောင်းပြီး သဘာဝသယံဇာတလုံးဝမရှိသော ကျွန်းနိုင်ငံငယ်တစ်ခု ဖြစ်ပါသည်။ လူဦးရေထူထပ်မှုမြင့်မားခြင်းကြောင့် မြို့ပြဖွံ့ဖြိုးရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးအကြား ဟန်ချက်ညီရန် ကြီးမားစွာ စိန်ခေါ်မှုရှိခဲ့ပါသည်။ စင်ကာပူသည် ၁၉၆၀ ပြည့်လွန်နှစ်များကတည်းက **"စိမ်းလန်းစိုပြည်သော မြို့တော်"** မူဝါဒကို တင်းကျပ်စွာကျင့်သုံးခဲ့ပါသည်။

High Rise အဆောက်အအုံများဆောက်လုပ်ရာတွင် ဒေါင်လိုက်သစ်ပင်စိုက်ပျိုးခြင်း (Vertical Greenery)နှင့် အမိုးပေါ်ဥယျာဉ်များကို မဖြစ်မနေထည့်သွင်းရန် ဥပဒေအရသတ်မှတ်ခဲ့ပါသည်။ ထို့ပြင် ရေဖွံ့လုံမှုအတွက် မိုးရေစုဆောင်းခြင်းကွန်ရက်များကို မြို့ပြအနှံ့တည်ဆောက်ခဲ့ပြီး ရေဆိုးများကို အဆင့်မြင့်နည်းပညာဖြင့် သောက်သုံးရေအဆင့်အထိ **စာမျက်နှာ ၁၁ သို့** ❐

"စင်ကာပူသည် ၁၉၆၀ ပြည့်လွန်နှစ်များကတည်းက "စိမ်းလန်းစိုပြည်သော မြို့တော်" မူဝါဒကို တင်းကျပ်စွာကျင့်သုံးခဲ့ပါသည်။ High Rise အဆောက်အအုံများဆောက်လုပ်ရာတွင် ဒေါင်လိုက်သစ်ပင်စိုက်ပျိုးခြင်း (Vertical Greenery)နှင့် အမိုးပေါ်ဥယျာဉ်များကို မဖြစ်မနေထည့်သွင်းရန် ဥပဒေအရသတ်မှတ်ခဲ့ပါသည်။ ထို့ပြင် ရေဖွံ့လုံမှုအတွက် မိုးရေစုဆောင်းခြင်းကွန်ရက်များကို မြို့ပြအနှံ့တည်ဆောက်ခဲ့ပြီး ရေဆိုးများကို အဆင့်မြင့်နည်းပညာဖြင့် သောက်သုံးရေအဆင့်အထိ သန့်စင်ပေးသည့် NEWater စနစ်ကို တီထွင်အောင်မြင်ခဲ့ပါသည်။ ထို့ကြောင့် စင်ကာပူသည် ယနေ့တွင် ကမ္ဘာ့အစိမ်းလန်းဆုံးနှင့် နေချင့်စဖွယ်အကောင်းဆုံး မက်ဂါစီးတီးတစ်ခုဖြစ်လာ"



စင်ကာပူနိုင်ငံ ချန်ဂီလေဆိပ် အဆောက်အအုံအတွင်းရှိ ကမ္ဘာ့အမြင့်ဆုံး မိုးလုံလေလုံရေတံခွန် HSBC Rain Vortex ကို တွေ့ရစဉ်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ် (၇၄)နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ် စကားဝိုင်းဆွေးနွေးပွဲ ကျင်းပ

နေပြည်တော် ဇူလိုင် ၁၀

မြန်မာနိုင်ငံတော် ဗဟိုဘဏ် (၇၄)နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ် စကားဝိုင်းဆွေးနွေးပွဲကို ယနေ့တွင် မြန်မာနိုင်ငံတော် ဗဟိုဘဏ် နေပြည်တော်၌ ကျင်းပသည်။



တက်ရောက်

ဆွေးနွေးပွဲသို့ မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌနှင့် အငြိမ်းစား ဥက္ကဋ္ဌများ၊ ဒုတိယဥက္ကဋ္ဌများနှင့် မြန်မာနိုင်ငံတော် ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌများ၊ ဒါရိုက်တာ အဖွဲ့ဝင်များ၊ ညွှန်ကြားရေးမှူးချုပ် များ၊ အမျိုးသားလွတ်တော်-ဘဏ် များ၊ ငွေကြေး၊ စီမံကိန်း၊ ဘဏ္ဍာ ရေး၊ စီးပွားရေးနှင့် ကုန်သွယ်ရေး လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ပြည်သူ့လွှတ်တော်-ဘဏ်များနှင့် ငွေကြေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက် ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင် များ၊ သက်ဆိုင်ရာဝန်ကြီးဌာနများ မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ဘဏ်များအသင်း၊ မြန်မာနိုင်ငံ စာရင်းကောင်စီမှ အဖွဲ့ဝင်များ၊ ပုဂ္ဂလိက ဘဏ်များ၊ ငွေရေး ကြေးရေး အဖွဲ့အစည်းများနှင့် အခြားဆက်စပ် အဖွဲ့အစည်းများ မှ တာဝန်ရှိသူများနှင့် မြန်မာ နိုင်ငံတော်ဗဟိုဘဏ်မှ အရာထမ်း များ တက်ရောက်ကြသည်။

ဖွင့်ပွဲအခမ်းအနားတွင် မြန်မာ နိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌ ဒေါက်တာခင်နိုင်ဦးက အမှာ စကားပြောကြားသည်။

စကားဝိုင်း ဆွေးနွေးပွဲတွင် ဒီဂျစ်တယ် ငွေပေးချေမှုများ ဖွံ့ဖြိုးတိုးတက်ရေးမှသည် လူမှုဘဝ အဆင်ပြေ ချောမွေ့စေရေးသို့၊ ငွေကြေးမူဝါဒနှင့် နိုင်ငံခြားငွေ လဲလှယ်နှုန်း တည်ငြိမ်ရေးဆီသို့၊ တည်ငြိမ်ခိုင်မာသော ငွေရေး ကြေးရေးစနစ်ဆီသို့ ခေါင်းစဉ် တို့ဖြင့် ဆွေးနွေးကြပြီး တက်ရောက် လာသူများက ပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြကြောင်း သိရ သည်။

သတင်းစဉ်

❐ စာမျက်နှာ ၁၀ မှ

သန့်စင်ပေးသည့် NEWater စနစ်ကို တီထွင်အောင်မြင်ခဲ့ပါသည်။ ထို့ကြောင့် စင်ကာပူသည် ယနေ့တွင် ကမ္ဘာ့အစိမ်းလန်းဆုံးနှင့် နေချင်စဖွယ်အကောင်းဆုံး မက်ဂါစီးတီးတစ်ခု ဖြစ်လာပါသည်။ ၎င်းသည်ပြတ်သားသော နိုင်ငံရေးဦးဆောင်မှု၊ တင်းကျပ်သောမူဝါဒနှင့် နည်းပညာပေါင်းစပ်မှုသည် မြေနေရာကျဉ်းမြောင်းမှုကို ကျော်လွှားနိုင်ကြောင်း ပြသနေပါသည်။

၁၉၇၀ ပြည့်လွန်နှစ်များတွင် ဘရာဇီးနိုင်ငံ ကူရီတီဘာမြို့သည် လျင်မြန်စွာလူဦးရေတိုးပွားလာပြီး ယာဉ်ကြောပိတ်ဆို့မှု၊ အမှိုက်သရိုက်ပြဿနာနှင့် ဆင်းရဲနွဲ့တေမှုများကို ရင်ဆိုင်ခဲ့ရပါသည်။ မြေအောက်ရထားတည်ဆောက်ရန် ဘတ်ဂျက် မလုံလောက်သော အခြေအနေရှိခဲ့သည်။ မြို့တော်ဝန် ဂျေမီလာနာ (Jaime Lerner) သည် ကုန်ကျစရိတ် ကြီးမားသော မက်ထရိုရထားများအစား Bus Rapid Transit (BRT) ဟုခေါ်သော ဘတ်စ်ကားအမြန်လိုင်း စနစ်ကို ကမ္ဘာတွင် ပထမဆုံး စတင်တီထွင်ခဲ့ပါသည်။



ဘရာဇီးနိုင်ငံ၌ Bus Rapid Transit (BRT) ဟုခေါ်သည့် ဘတ်စ်ကားအမြန်လိုင်းစနစ်တွင် အသုံးပြုသည့်ယာဉ်များကို တွေ့ရစဉ်။

သီးသန့်ဘတ်စ်ကားလမ်းများနှင့် မြန်ဆန်စွာ အတက်၊ အဆင်းပြုနိုင်သော ကုန်းပတ်ဘူတာ (Tube Stations)များကို တည်ဆောက်ခဲ့ပါသည်။ ထို့ပြင် 'Green Exchange' (အစိမ်းရောင်လဲလှယ်မှု) အစီအစဉ်ကိုဖော်ဆောင်ပြီး ဆင်းရဲသားရပ်ကွက်မှ ပြည်သူများသည် အမှိုက်များကို ခွဲခြားစွန့်ပစ်ပြီး လာရောက်ပေးအပ်ပါက လတ်ဆတ်သော ဟင်းသီးဟင်းရွက်၊ စားသောက်ကုန်များနှင့် ဘတ်စ်ကားလက်မှတ်များကို ပြန်လည် လဲလှယ်ပေးခဲ့ပါသည်။ ထို့ကြောင့် မြို့သားများ၏ ၇၀ ရာခိုင်နှုန်းကျော်သည် BRT ကို နေ့စဉ်အသုံးပြုသဖြင့် ကားအသုံးပြုမှု သိသိသာသာ လျော့ကျသွားပါသည်။ အမှိုက်လဲလှယ်ရေးစနစ်သည် မြို့ပြသန့်ရှင်းရေးနှင့် ဆင်းရဲနွဲမ်းပါးမှု လျော့ချရေးကို တစ်ပြိုင်နက်တည်း ထိရောက်စွာ ဖြေရှင်းပေးနိုင်ခဲ့ပါသည်။

ဒိန်းမတ်နိုင်ငံ ကိုပင်ဟေဂင်မြို့သည် ရာသီဥတုပြောင်းလဲမှု၏ ဆိုးကျိုးများကိုသိရှိပြီး ကမ္ဘာ့ပထမဆုံး ကာဗွန်ကြားနေမြို့ (Carbon Neutral City) ဖြစ်လာရန် ကတိကဝတ်ပြုခဲ့ပါသည်။ မြို့ပြ စီမံကိန်းတွင် စက်ဘီးစီးနင်းမှုကို ပထမဦးစားပေး အဖြစ်သတ်မှတ်ပြီး "စက်ဘီးစီး အဝေးပြေးလမ်းမကြီးများ" ကွန်ရက်ကို မြို့တစ်ပြင်လုံး ချိတ်ဆက်ခဲ့ပါသည်။

လမ်းဆုံလမ်းခွများတွင် စက်ဘီးသမားများအတွက် Green Wave စနစ် (မီးပွိုင့်များကို စက်ဘီးအရှိန်နှင့်ကိုက်ညီအောင် ညှိနှိုင်းပေးခြင်း) ကို ကျင့်သုံးပါသည်။ မြို့တော်၏စွမ်းအင်ကဏ္ဍတွင် ကျောက်မီးသွေးအစား ပင်လယ်ပြင်လေအား လျှပ်စစ်နှင့် ဇီဝဒြပ်ထုကို ပြောင်းလဲအသုံးပြုခဲ့ပါသည်။ ထို့ကြောင့် လက်ရှိတွင် ကိုပင်ဟေဂင်မြို့သား ၆၂ ရာခိုင်နှုန်းကျော်သည် နေ့စဉ်အလုပ် သို့မဟုတ် ကျောင်းသို့ စက်ဘီးဖြင့် သွားလာကြပါသည်။ မြို့ပြဒီဇိုင်းကို ပြောင်းလဲခြင်းဖြင့် လူထု၏အမူအကျင့်ကို ပြောင်းလဲစေကာ ကာဗွန်ထုတ်လွှတ်မှုကို ထိရောက်စွာ လျော့ချနိုင်ကြောင်းပြသသည့် ထိပ်တန်းစံပြ ဖြစ်ရပ်ဖြစ်ပါသည်။

၁၉၈၀ နှင့် ၁၉၉၀ ပြည့်လွန်နှစ်များတွင် ဂျပန်နိုင်ငံ ယိုကိုဟားမားမြို့သည် လူဦးရေအဆမတန် တိုးပွားလာမှုနှင့်အတူ အမှိုက်ပြဿနာကို ပြင်းထန်စွာ ရင်ဆိုင်ခဲ့ရပါသည်။ အမှိုက်မီးရှို့စက်များ ထပ်မံတည်ဆောက်ရန် မြေနေရာနှင့်ဘဏ္ဍာရေးအခက်အခဲ ရှိခဲ့ပါသည်။ မြို့တော်အစိုးရသည် ၂၀၀၃ ခုနှစ်တွင် 'Yokohama G30' စီမံကိန်းကို စတင်ခဲ့ပါသည်။ အမှိုက်များကို အမျိုးအစားပေါင်း ၂၇ မျိုးအထိ ခွဲခြားစွန့်ပစ်ရန် သတ်မှတ်ခဲ့ပါသည်။ ဤစီမံကိန်း၏ ထူးခြားချက်မှာ နည်းပညာသက်သက်မဟုတ်ဘဲ ပြည်သူလူထုထံသို့ တိုက်ရိုက်ဆင်းကာ ဆွေးနွေးပွဲ ပေါင်း ထောင်ချီပြုလုပ်ပြီး အသိပညာပေးခြင်း ဖြစ်ပါသည်။ နောက်ပိုင်းတွင် Yokohama Smart City Project (YSCP) အရ IoT နည်းပညာနှင့် စမတ်ဂရစ် (Smart Grid) စနစ်များကိုသုံး၍ မြို့ပြ စွမ်းအင်ကို အကောင်းဆုံးထိန်းချုပ်ခဲ့ပါသည်။

ထို့ကြောင့် ယိုကိုဟားမားသည် ဘတ်ဂျက် အများအပြားမသုံးရဘဲ အမှိုက်ပမာဏကို ၄၃ ရာခိုင်နှုန်းအထိ လျော့ချနိုင်ခဲ့ပြီး အမှိုက်မီးရှို့စက် နှစ်လုံးကို ပိတ်ပစ်နိုင်ခဲ့ပါသည်။ ၎င်းသည် ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုက မြို့ပြစီမံခန့်ခွဲမှု၏ အောင်မြင်မှု ဖြစ်ကြောင်း သက်သေပြနေပါသည်။ မြန်မာနိုင်ငံ၏ မြို့ကြီးများသည် လျင်မြန်စွာမြို့ပြဖြစ်ထွန်းလာပြီး မိုးရာသီအတွင်း ရေကြီးရေလျှံမှုဖြစ်ပွားခြင်း၊ အမှိုက် စနစ်တကျ ခွဲခြားစွန့်ပစ်မှုအားနည်းခြင်း၊ ယာဉ်ကြော ပိတ်ဆို့ခြင်းနှင့် မြို့ပြအစိမ်းရောင်ဧရိယာများ နည်းပါးလာခြင်းတို့ ရင်ဆိုင်လာရပါသည်။ အထက်ပါ ကမ္ဘာ့ဖြစ်ရပ်လေ့လာမှုများမှ သင်ခန်းစာများကို ရယူကျင့်သုံးသင့်ပါသည်-

(က) **ရေရှည် Resilience ရှိသော ရေနုတ်မြောင်းစနစ်။** စင်ကာပူ၏ နည်းဗျူဟာအတိုင်း မိုးရေကိုသိလှောင်ပြီး ပြန်လည်အသုံးပြုနိုင်မည့် မြို့ပြအင်အိုင်များနှင့် သဘာဝအခြေပြု ရေနုတ်မြောင်းစနစ်များကို မြို့ကြီးများတွင် အကောင်အထည်ဖော်သင့်ပါသည်။

(ခ) **အများပြည်သူသယ်ယူပို့ဆောင်ရေး အဆင့်မြှင့်တင်ခြင်း။** ကူရီတီဘာမြို့ကဲ့သို့ သီးသန့် လမ်းကြောပါဝင်သော BRT စနစ်သို့ ကူးပြောင်းပေးခြင်းဖြင့် ယာဉ်ကြောပိတ်ဆို့မှုနှင့် မော်တော်ယာဉ်အခိုးငွေ့ ထုတ်လွှတ်မှုကို သိသာစွာ လျော့ချနိုင်ပါသည်။

(ဂ) **လူထုအခြေပြု အမှိုက်ခွဲခြားစွန့်ပစ်မှု။** ယိုကိုဟားမားမြို့၏ G30 စီမံကိန်းကို နမူနာယူ၍ ရပ်ကွက်အဆင့်မှစတင်ကာ အမှိုက်ခွဲခြားစွန့်ပစ်သည့်အလေ့အထကို ဥပဒေနှင့် အသိပညာပေးမှုပေါင်းစပ်ကာ စတင်ဆောင်ရွက်သင့်ပါသည်။ ထို့ပြင် အမှိုက်မှ စွမ်းအင် ထုတ်လုပ်သည့် စက်ရုံကြီးများကို ပုဂ္ဂလိက ကဏ္ဍနှင့် ပူးပေါင်းတည်ဆောက်ရပါမည်။

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် မြို့ပြစီမံခန့်ခွဲမှုသည် သီးခြားကဏ္ဍများမဟုတ်ဘဲ ဒွန်တွဲနေသော ကိစ္စရပ်များဖြစ်ပါသည်။ ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှုပန်းတိုင် (SDG Goal 11: Sustainable Cities and Communities) ကို အောင်မြင်ရန်အတွက် ခေတ်မီပြီး ပတ်ဝန်းကျင်ကို အလေးထားသော မြို့ပြစီမံကိန်းများသည် မရှိမဖြစ်လိုအပ်ပါသည်။ ကမ္ဘာ့အောင်မြင်သော မြို့ကြီးများ၏ ဖြစ်ရပ်များက သက်သေပြနေသည်မှာ မြို့ပြစီမံကိန်းများတည်ဆောက်ရာတွင် သဘာဝပတ်ဝန်းကျင်ကို မထိခိုက်စေဘဲ စနစ်ကျသောဒီဇိုင်း၊ ရေရှည်ချေးမှန်းချက်ရှိသောမူဝါဒ၊ လူထုပူးပေါင်းပါဝင်မှု တို့ဖြင့် သဟဇာတဖြစ်စွာ တည်ဆောက်နိုင်သည်ဟူသောအချက်ဖြစ်ပါသည်။ ထို့ကြောင့် အနာဂတ် မြို့ပြများကို ပိုမိုစိမ်းလန်းဝေးကင်းပြီး ရေရှည်တည်တံ့သော မြို့ပြများအဖြစ်ပြောင်းလဲရန် သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းပြီး ဆောင်ရွက်ကြပါရန် ရေးသားတင်ပြလိုက်ရပါသည်။ ။



ရှိငြမ်းကိုးကားစာရင်း

၁။ United Nations. (2018). World Urbanization Prospects: The 2018 Revision. Department of Economic and Social Affairs.

၂။ Centre for Liveable Cities (CLC). (2014). Liveable and Sustainable Cities: A Framework. Singapore.

၃။ Lerner, J. (2014). Urban Urbanism: Lessons from Curitiba. Island Press.

၄။ City of Copenhagen. (2012). CPH 2025 Climate Plan: A Green, Smart and Carbon-Neutral Capital.

၅။ City of Yokohama. (2003). Yokohama G30 Waste Management Plan. Environmental Protection Bureau.

၆။ World Bank. (2020). Sustainable Cities and Communities: Perspectives on Urban Planning.

ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း ရုရှားဖက်ဒရေးရှင်းနိုင်ငံ ယီကာကျီရင်ဘတ်မြို့၌ ကျင်းပသည့် (၁၆) ကြိမ်မြောက် စက်မှုကုန်စည်ပြပွဲ တက်ရောက်

နေပြည်တော် ဇူလိုင် ၁၀

စက်မှုနှင့် အသေးစား၊ အလယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းနှင့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ယီကာကျီရင်ဘတ်မြို့၌ ၂၀၂၆ ခုနှစ် ဇူလိုင် ၆ ရက်မှ ၉ ရက်အထိ ကျင်းပခဲ့သည့် (၁၆)ကြိမ်မြောက် စက်မှုကုန်စည်ပြပွဲ (အင်နိုပရွန်)သို့ တက်ရောက်ဆွေးနွေးခဲ့သည်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း ယီကာကျီရင်ဘတ်မြို့၌ ကျင်းပသည့် (၁၆) ကြိမ်မြောက် စက်မှုကုန်စည်ပြပွဲအတွင်း ခင်းကျင်းပြသထားသည်များကို ကြည့်ရှုလေ့လာစဉ်။

ဇူလိုင် ၅ ရက် နံနက်ပိုင်းတွင် (၁၆)ကြိမ်မြောက် စက်မှုကုန်စည်ပြပွဲ၌ ခင်းကျင်းပြသထားသည့် စက်မှုထုတ်ကုန်ပစ္စည်းများကို လှည့်လည်ကြည့်ရှုလေ့လာကြပြီး ညနေပိုင်းတွင် စက်မှုကုန်စည်ပြပွဲ (အင်နိုပရွန်) ဖွင့်ပွဲအခမ်းအနားသို့ နိုင်ငံ ၅၀ မှ ကိုယ်စားလှယ်များနှင့်အတူ တက်ရောက်ခဲ့ပြီး ဖွင့်ပွဲအခမ်းအနားအပြီးတွင် ပြည်ထောင်စုဝန်ကြီးသည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ စက်မှုနှင့် ကုန်သွယ်ရေးဝန်ကြီး မစ္စတာ အန်တွန် အယ်လ်လီခါနော့ဗ်နှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။

ဇူလိုင် ၇ ရက် နံနက်ပိုင်းတွင် "ရုရှား-အင်ဒိုနီးရှား စက်မှုလုပ်ငန်းဆိုင်ရာဆွေးနွေးပွဲ"သို့ နိုင်ငံတကာမှတက်ရောက်လာသည့် ဝန်ကြီးများနှင့် အတူ တက်ရောက်ခဲ့သည်။ ထို့နောက် ယီကာကျင်ရင်ဘတ်မြို့ စကိုကိုဗာအင်နိုဗေးရှင်းစင်တာခန်းမ၌ စကိုကို ဖိုတက်ခ်နိုပက်ခ် (Skolkovo Technopark) ၏ ဒါရိုက်တာဖြစ်သူ မစ္စ အော်လ်ဂါ စလိမင်းစကာယာ (Olga Slominskaya)နှင့် လည်းကောင်း၊ မွန်းလွဲပိုင်းတွင် ယီကာကျင်ရင်ဘတ်မြို့၌ Tyazhpromexport (TPE) ကုမ္ပဏီမှ တာဝန်ရှိသူများနှင့်လည်းကောင်း သီးခြားစီ တွေ့ဆုံဆွေးနွေးပြီး စက်မှုကုန်စည်ပြပွဲအတွင်း ခင်းကျင်းပြသထားသည့် ပြခန်းများကို လှည့်လည်ကြည့်ရှုလေ့လာခဲ့သည်။

ဇူလိုင် ၈ ရက် ဒေသစံတော်ချိန် နံနက် ၁၁ နာရီခွဲတွင် ဆဗဲလော့ဗ်ပြည်နယ်အစိုးရအဖွဲ့ ပြည်ပစီးပွားရေးရာဝန်ကြီး မစ္စတာ ဗရာချီးဆလော့ဗ်ရာရင်နှင့်လည်းကောင်း၊ ဆဗဲလော့ဗ်ပြည်နယ် Entrepreneurship Support Fund မှ တာဝန်ရှိသူများနှင့်လည်းကောင်း၊ Sistema Joint Stock Financial Cooperation မှ တာဝန်ရှိသူများနှင့်လည်းကောင်း သီးခြားစီ တွေ့ဆုံဆွေးနွေးပြီး Skolkovo ပြခန်း၌ ရုရှားနိုင်ငံ၏ MSME များ ဆောင်ရွက်နေမှုနှင့် ရုရှားနိုင်ငံ Yekaterinburg မြို့ရှိ Uralhimmash စက်ရုံတို့ကို လှည့်လည်ကြည့်ရှုလေ့လာခဲ့သည်။

ဇူလိုင် ၉ ရက် နံနက်ပိုင်းတွင် မော်စကိုမြို့သို့ ရောက်ရှိပြီး Tyazhpromexport (TPE) ကုမ္ပဏီ၌ TPE, MISIS & Stalproket နှင့်တွေ့ဆုံဆွေးနွေးကာ မော်စကိုမြို့အနီးရှိ Skolkovo Technopark ပြခန်းအတွင်း လှည့်လည်ကြည့်ရှုလေ့လာ၍ မွန်းလွဲပိုင်းတွင် မော်စကိုလေဆိပ်မှ ထွက်ခွာလာရာ ယနေ့ ည၁၀ နာရီ ၂၀ မိနစ်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပြန်လည်ရောက်ရှိခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ပဲခူးတက္ကသိုလ်၌ လူငယ်တွေ့ဆုံပွဲနှင့် လူငယ်အသိပညာပေးဟောပြောပွဲ ကျင်းပ



ပဲခူး ဇူလိုင် ၁၀

မြန်မာနိုင်ငံ လူငယ်ရေးရာဗဟိုကော်မတီနှင့် ပဲခူးတိုင်းဒေသကြီး လူငယ်ရေးရာကော်မတီတို့ ပူးပေါင်း၍ လူငယ်တွေ့ဆုံပွဲနှင့် လူငယ်အသိပညာပေးဟောပြောပွဲကို ယနေ့နံနက်ပိုင်းတွင် ပဲခူးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပရာ လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မောင်သင်း၊ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီး နှင့် တာဝန်ရှိသူများ၊ ကျောင်းသား ကျောင်းသူများ၊ သင်တန်းသား သင်တန်းသူများ၊ ပရဟိတအဖွဲ့များ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မောင်သင်းနှင့် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းတို့က အမှာစကား ပြောကြားကြသည်။

ယင်းနောက် အခမ်းအနား တက်ရောက်လာသည့် လူငယ်မောင်/မယ်များက လူငယ်ရေးရာ နှင့်ပတ်သက်သည့် သိလိုသည်များ မေးမြန်းကြရာ ပြည်ထောင်စုဝန်ကြီးက ပဲခူးတက္ကသိုလ် ပါမောက္ခ ဆရာမကြီးထံ အားကစားပစ္စည်းများကိုလည်းကောင်း ပေးအပ်ကြသည်။

ဆက်လက်၍ စာရေးဆရာ ဦးကျော်ကျော်လှိုင်က "လူငယ်နှင့် အနာဂတ် နိုင်ငံတော်ဖွံ့ဖြိုးရေး" ခေါင်းစဉ်ဖြင့် အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင် ပညာရေးစီမံခန့်ခွဲမှုသင်တန်းကျောင်း(ရန်ကုန်) ပညာရေးစီမံအုပ်ချုပ်မှု သင်တန်းအမှတ်စဉ်(၉/၂၀၂၆) ဆရာ ဆရာမများ၊ သင်တန်းသား သင်တန်းသူများနှင့်တွေ့ဆုံ

နေပြည်တော် ဇူလိုင် ၁၀

ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်သည် ယနေ့နံနက်ပိုင်းတွင် ပညာရေးစီမံခန့်ခွဲမှု သင်တန်းကျောင်း(ရန်ကုန်) ပညာရေးစီမံအုပ်ချုပ်မှု သင်တန်းအမှတ်စဉ် (၉/၂၀၂၆) ဆရာ ဆရာမများ၊ သင်တန်းသား သင်တန်းသူများနှင့် အဆိုပါ သင်တန်းကျောင်းရှိ ပညာရတနာခန်းမ၌ တွေ့ဆုံသည်။



ဦးစွာ ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်က အမှာစကားပြောကြားပြီး သင်တန်းသား သင်တန်းသူများအတွက် ထောက်ပံ့ချီးမြှင့်ငွေပေးအပ်ရာ သင်တန်းကျောင်းကျောင်းအုပ်ကြီးက လက်ခံရယူပြီး သင်တန်းကျောင်းအတွင်းနှင့် မီးပိုဆောင်၊ စားပိုဆောင်များကို လှည့်လည်ကြည့်ရှု စစ်ဆေးသည်။ ယခုဖွင့်လှစ်ထားသည့် စီမံအုပ်ချုပ်မှုသင်တန်းကို သုံးလကြာသင်ကြားပို့ချသွားမည် ဖြစ်ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ အခြေခံပညာ မူလတန်းကျောင်းအုပ်များနှင့် အခြေခံပညာအလယ်တန်းကျောင်းအုပ်များ၊ သင်တန်းသား သင်တန်းသူ ၂၉၆ ဦး တက်ရောက်လျက်ရှိသည်။

ထို့မှတစ်ဆင့် ဒုတိယဝန်ကြီးသည် အင်းစိန်မြို့နယ် အမှတ်(၃) အခြေခံပညာ အထက်တန်းကျောင်းနှင့် အမှတ်(၈) အခြေခံပညာ အထက်တန်းကျောင်းများကိုလည်းကောင်း၊ မင်္ဂလာဒုံမြို့နယ် အမှတ်(၄) အခြေခံပညာ အထက်တန်းကျောင်း၊ အမှတ်(၅) အခြေခံပညာ အထက်တန်းကျောင်း၊ အမှတ်(၇) အခြေခံပညာ အထက်တန်းကျောင်း၊ အမှတ်(၃) အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်း၊ အမှတ်(၉) အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ) များကိုလည်းကောင်း သွားရောက်ကြည့်ရှု စစ်ဆေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

သစ်တောနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးဟောပြော

မန္တလေး ဇူလိုင် ၁၀

မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် သစ်တောဦးစီးဌာနက သစ်တောနှင့်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲများကို ယနေ့နံနက်ပိုင်းတွင် နန်းတော်ရှေ့ ဒေါနဘွားရပ်ကွက် အမှတ်(၁၇) အခြေခံပညာအထက်တန်းကျောင်းနှင့် ဥပုသ်တော်ရပ်ကွက် လူငယ်သင်တန်းကျောင်းတို့၌ ပြုလုပ်သည်။

အဆိုပါအခမ်းအနားတွင် မြို့နယ်သစ်တောဦးစီးဌာနမှူးရုံး သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးဇင်ဝင်းထွန်းက သစ်တောနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေးဆိုင်ရာ ခေါင်းစဉ်များဖြင့်လည်းကောင်း၊ တောအုပ်ကြီး ဦးမင်းမင်းသန့်က တရားမဝင်သစ် လျော့နည်းပပျောက်ရေး၊ တောင်ယာများ ခုတ်ထွင်မီးရှို့မှု မပြုရေး ခေါင်းစဉ်များဖြင့်လည်းကောင်း၊ တောအုပ် ဦးကျော်ဆန်းဝင်းက ရေချေတာသုံးစွဲရေး၊ တောမီးကာကွယ်ရေးနှင့် မီးခိုးမြူငွေ့လျော့ချရေးဆိုင်ရာ ခေါင်းစဉ်များဖြင့်လည်းကောင်း အသိပညာပေး ဟောပြောခဲ့ကြောင်း သိရသည်။

မြင့်မော်ထွန်း(ပြန်/ဆက်)

ပညာရဲရင့် ပွဲလယ်တင့် ✤ ပညာရှေ့အိုး လူမခိုး

ဂျပန်နိုင်ငံသို့ တိုင်ဖွန်းမုန်တိုင်းဘာဗီ နီးကပ်လာသည့်အတွက် လေယာဉ်ခရီးစဉ် ၅၀ နီးပါး ဖျက်သိမ်း



တိုကျို ဇူလိုင် ၁၀

ဂျပန်နိုင်ငံသို့ တိုင်ဖွန်းမုန်တိုင်း ဘာဗီ နီးကပ်လာသည့်အတွက်ဂျပန်လေကြောင်းလိုင်းက ယမန်နေ့တွင် လေယာဉ် ခရီးစဉ် ၅၀ နီးပါးကို ဖျက်သိမ်းခဲ့သည်။

ဖျက်သိမ်းခဲ့သည့် လေကြောင်းခရီးစဉ်အများစုမှာ အိုကီနာဝါတောင်ပိုင်းစီရင်စုမှ ဖြစ်ကြောင်းသိရသည်။

ဇူလိုင် ၉ ရက် ဒေသစံတော်ချိန် နံနက် ၁၀ နာရီအထိ လေယာဉ်ခရီးစဉ် ၄၈ ခုကို ဖျက်သိမ်းခဲ့ကြောင်း ဂျပန်လေကြောင်းလိုင်းက ပြောကြားခဲ့သည်။

အိုကီနာဝါစီရင်စုရှိ နာဟာလေဆိပ်၊ မီယာကိုလေဆိပ်နှင့် ပိုင်နုရှီးမား အီရှီဂါကီလေဆိပ်ရှိ လေယာဉ်ခရီးစဉ်များပါဝင်သည်။

ထို့ပြင် ကာဂိုရှီးမားလေဆိပ်နှင့် ကာဂိုရှီးမားစီရင်စုရှိ ဝေးလံခေါင်သီသော ကျွန်းများရှိ လေဆိပ်များသို့ လေကြောင်းပြေးဆွဲပျံသန်းမှုများကိုလည်း ဖျက်သိမ်းခဲ့သည်။

အခြား လေကြောင်းလိုင်းများကလည်း ၎င်းတို့၏ လေယာဉ်ခရီးစဉ်များကို တိုင်ဖွန်းမုန်တိုင်းကြောင့် ထိခိုက်နိုင်ကြောင်း ပြောကြားခဲ့သည်။ နောက်ဆုံးရသတင်းအချက်အလက်များအတွက် ၎င်းတို့၏ ဝက်ဘ်ဆိုက်များကို စစ်ဆေးရန် ခရီးသည်များအား တောင်းဆိုထားသည်။ **ကိုးကား – အင်န်အိတ်ချ်ကေ**

ဘာသာပြန် – အောင်ကျော်ကျော်

မိုက်ခရိုဆော့ဖ်ကုမ္ပဏီက ဝန်ထမ်း ၄၈၀၀ ခန့် လျှော့ချမည်

ဝါရှင်တန် ဇူလိုင် ၁၀

မိုက်ခရိုဆော့ဖ် ကုမ္ပဏီက ဝန်ထမ်း ၄၈၀၀ ခန့် (ကုမ္ပဏီ၏ အလုပ်သမားအင်အား နှစ်ရာခိုင်နှုန်း) ကို လျှော့ချရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

ကုမ္ပဏီ အင်ဂျင်နီယာအဖွဲ့များက ဝယ်ယူသူဖောက်သည်များ၏ လိုအပ်ချက်ကို ဖြည့်ဆည်းပေးရန်နှင့် အနာဂတ်အတွက် ဆန်းသစ်တီထွင်ရန် ကုမ္ပဏီ၏လုပ်နိုင်စွမ်းရည်ကို မြှင့်တင်သွားမည်ဖြစ်ကြောင်း အမှုဆောင်အရာရှိတစ်ဦးက ပြောကြားခဲ့သည်။

အမှုဆောင်ဒုတိယဥက္ကဋ္ဌနဲ့ အမှုဆောင်အရာရှိချုပ် အမီကိုလီမန်က ဝန်ထမ်းများဆီသို့ ပေးပို့သည့် မက်ဆေ့ချ်တစ်စောင်ကို ထုတ်ပြန်ခဲ့သည်။

လျှော့ချခံရသော ဝန်ထမ်းအများစုမှာ ကူးသန်းရောင်းဝယ်ရေးဌာနမှ ဖြစ်သည်။ အိမ်သုံးဗီဒီယိုဂိမ်းစက်များ ထုတ်လုပ်သည့်ဌာနသည် ယှဉ်ပြိုင်မှုပြင်းထန်လျက်ရှိသည့်အတွက် ဝန်ထမ်းအင်အား အများအပြားဖြင့် လုပ်ငန်းများ လည်ပတ်လျက်ရှိကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

အဆိုပါဝန်ထမ်းများနေရာကို ဉာဏ်ရည်တု နည်းပညာဖြင့် တိုက်ရိုက်အစားထိုးခြင်းမရှိကြောင်း အမှုဆောင်အရာရှိချုပ် အမီကိုလီမန်က ပြောကြားခဲ့သည်။ သို့သော် ဉာဏ်ရည်တုနည်းပညာသည် လူသားများ၏ အလုပ်လုပ်ကိုင်ပုံကို ပြောင်းလဲစေလျက်ရှိကြောင်း ၎င်းက ပြောကြားခဲ့သည်။



အလိုအလျောက်လုပ်ကိုင်နိုင်

နေ့စဉ်လုပ်ငန်းဆောင်ရွက်ချက်တချို့ကို ယခုအချိန်တွင် အလိုအလျောက် လုပ်ကိုင်နိုင်ပြီဖြစ်ကြောင်း ၎င်းက ဝန်ခံပြောကြားခဲ့သည်။

သို့သော် ဝန်ထမ်းများအနေဖြင့်လည်း လုပ်ငန်းများတိုးတက်ပြောင်းလဲလာသည်နှင့် အမျှ ကျွမ်းကျင်မှုအသစ်အဆန်းများကို ဆက်လက်လေ့လာဆည်းပူးရန် လိုအပ်ကြောင်း အမီကိုလီမန်က ကုမ္ပဏီဝန်ထမ်းများအား တိုက်တွန်းပြောကြားခဲ့သည်။

ကိုးကား – အင်န်အိတ်ချ်ကေ

ဘာသာပြန် – အောင်ကျော်ကျော်

အင်ဒိုနီးရှားနိုင်ငံ ဘာလီကျွန်းဒေသတွင် အမှိုက်မှ လျှပ်စစ်စွမ်းအင်ထုတ်လုပ်သည့်စက်ရုံ စတင်တည်ဆောက်



ဂျကာတာ ဇူလိုင် ၁၀

အင်ဒိုနီးရှားနိုင်ငံ ဘာလီကျွန်းဒေသတွင် အမှိုက်မှ လျှပ်စစ်စွမ်းအင်ထုတ်လုပ်သည့် ဒန်ပါဆာရာယာ ဓာတ်အားပေးစက်ရုံတည်ဆောက်ခြင်းလုပ်ငန်းကို ဇူလိုင် ၈ ရက်က စတင်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ဘာလီကျွန်းဒေသ၏ စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုကို မြှင့်တင်ရန်နှင့် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်သုံးစွဲမှုမြှင့်တင်ရေး အတွက် ဆောင်ရွက်ခြင်းဖြစ်သည်။

တရုတ်နိုင်ငံ ဇီကျန်း ဝီမန်သဘာဝပတ်ဝန်းကျင် ကာကွယ်ရေးကုမ္ပဏီက ရင်းနှီးမြှုပ်နှံတည်ဆောက်မည့် ယခုစက်ရုံသည် တစ်နှစ်လျှင် အမှိုက်တန်ချိန် ငါးသိန်းကို သုံးစွဲ၍ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းများ ဆောင်ရွက်မည်ဖြစ်ပြီး အဆိုပါ လျှပ်စစ်ဓာတ်အားသည် ဘာလီကျွန်းဒေသရှိ အိမ်ခြေတစ်သိန်းအား လျှပ်စစ်ဓာတ်အားပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

ယခုဖွင့်လှစ်သည့် စက်ရုံသည် ဘာလီကျွန်းဒေသရှိ အမှိုက်များအား ၈၀ ရာခိုင်နှုန်းအထိ လျှော့ချရန်၊ ကာဗွန်ဒိုင်အောက်ဆိုက်ထုတ်လွှတ်မှုကို နှစ်စဉ် ၆၄၀၀၀၀ တန်ခန့် လျှော့ချရန်နှင့် အလုပ်အကိုင် ၁၂၀၀ ဖန်တီးပေးရန် ခန့်မှန်းထားကြောင်း အင်ဒိုနီးရှားနိုင်ငံ ရင်းနှီးမြှုပ်နှံမှုစီမံခန့်ခွဲမှုအေဂျင်စီ၏ အကြီးတန်းရင်းနှီးမြှုပ်နှံမှုတာဝန်ရှိသူ ပန်ဒူအက်ဂျာရာက ပြောကြားသည်။

မြှင့်တင်ပေးမည်

ယခုစက်ရုံကို နှစ်နှစ်အတွင်း တည်ထောင်ပြီးစီးရန် မျှော်လင့်ထားကြောင်းနှင့် ပြီးစီးသွားပါက လူမှု အသိုင်းအဝိုင်းအတွက် ကျန်းမာသော ပတ်ဝန်းကျင်ဂေဟစနစ်ကို မြှင့်တင်ပေးမည်ဖြစ်ပြီး ဘာလီဒေသကို ထိပ်တန်းခရီးသွားလုပ်ငန်းနေရာ တစ်ခုအဖြစ် မြှင့်တင်ပေးမည်ဖြစ်ကြောင်း ဘာလီဒေသအုပ်ချုပ်ရေးမှူး ဝါရင်ကော်စတာက ပြောကြားသည်။

ကိုးကား – ဆင်ဟွာ

ဘာသာပြန် – စိုးသူရ

ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၁-၇-၂၀၂၆

ကျပ်/လီတာ

Fuel (လက်လီဈေးနှုန်း)	ရန်ကုန်	မန္တလေး	နေပြည်တော်	ပဲခူး	မကွေး	ထားဝယ်	မုံရွာ	ပုသိမ်	မြစ်ကြီးနား	စစ်တွေ	ဘားအံ	မော်လမြိုင်	လားရှိုး	တောင်ကြီး	လွိုင်ကော်	ဟားခါး
92 Ron	၃၂၅၀	၃၃၉၀	၃၃၄၅	၃၂၆၅	၃၃၉၅	၃၄၁၀	၃၄၃၅	၃၃၃၀	၃၆၅၀	၃၆၉၀	၃၃၅၀	၃၄၀၀	၃၄၃၅	၃၃၉၅	၃၄၁၀	၃၆၅၀
95 Ron	၃၃၀၀	၃၄၅၀	၃၄၀၅	၃၃၂၅	၃၄၅၅	၃၄၇၀	၃၄၉၅	၃၃၉၀	၃၇၁၅	၃၇၅၀	၃၄၁၀	၃၅၆၅	၃၄၉၅	၃၄၅၅	၃၄၇၀	၃၇၀၀
HSD (500 ppm)	၃၀၉၅	၃၂၂၅	၃၀၈၅	၃၀၀၀	၃၂၃၀	၃၂၅၀	၃၂၇၀	၃၀၇၀	-	၃၅၁၅	၃၁၉၀	၃၅၅၀	၃၂၇၀	၃၂၃၅	၃၂၆၅	၃၅၁၅
HSD (50 ppm)	၃၇၉၀	၃၉၂၅	၃၈၈၅	၃၈၀၅	၃၉၃၀	၃၉၄၅	၃၉၇၅	၃၈၇၀	၄၁၉၀	၄၂၂၅	၃၈၈၅	၄၀၁၅	၃၉၇၀	၃၉၃၀	၃၉၄၅	၄၁၈၅
HSD (10 ppm)	၃၇၉၀	၃၉၂၅	၃၈၈၅	၃၈၀၅	၃၉၃၀	၃၉၄၅	၃၉၇၅	၃၈၇၀		၄၂၂၅	၃၈၈၅	၄၀၁၅	၃၉၇၀	၃၉၃၀	၃၉၄၅	၄၁၈၅

ကျပ်/လီတာ

Fuel (လက်ကားဈေးနှုန်း)	ရန်ကုန်	မန္တလေး
92 Ron	၃၀၇၀	၃၁၆၅
95 Ron	၃၁၂၉	၃၂၂၅
HSD (500 ppm)	၂၉၃၀	၃၀၁၈
HSD (50 ppm)	၃၅၉၀	၃၆၉၂
HSD (10 ppm)	၃၅၉၀	၃၆၉၂

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၆၈၀၅၈၉၈၈၈

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ



ဒဂုံမြို့နယ်၌ အခွန်ဆိုင်ရာအသိပညာပေး ဟောပြောပွဲကျင်းပ

ဒဂုံ ဇူလိုင် ၁၀

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ်တွင် အခွန်ဆိုင်ရာ အသိပညာတိုးတက်ရေးနှင့် အခွန်တာဝန် လေးစားလိုက်နာမှုတိုးတက်ရေး လူထုလှုပ်ရှားမှုဟောပြောပွဲကို ယနေ့မွန်းလွဲ ၁ နာရီက အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း ဦးဘလွင်ခန်းမ၌ ကျင်းပသည်။

အဆိုပါဟောပြောပွဲတွင် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ပြည်တွင်းအခွန်များဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးနိုင်ထွန်းက အခွန်၏အဓိပ္ပာယ်၊ အခွန်အခများအကြောင်း၊ အခွန်ကောက်ခံရခြင်း၏ရည်ရွယ်ချက်များကို ရှင်းလင်းဟောပြောသည်။

အဆိုပါဟောပွဲတွင် တက်ရောက်လာသူများက အခွန်နှင့်ပတ်သက်၍ သိရှိလိုသည့်အကြောင်းအရာများကို အမေးအဖြေကဏ္ဍဖြင့် ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

ရွှေကုက္ကိုလ်နယ်မြေအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် တရားမဝင် ရှစ်ထပ်အဆောက်အအုံတစ်လုံးအား စနစ်တကျ ထပ်မံဖောက်ခွဲဖျက်ဆီး၊ တရားမဝင်လူနေအဆောက်အအုံ ၇၁ လုံး ဖြိုချဖျက်ဆီးပြီးဖြစ်

နေပြည်တော် ဇူလိုင် ၁၀

အွန်လိုင်းလိမ်လည် လောင်းကစားမှုများကို အခြေချလုပ်ကိုင်ခဲ့ကြသည့် ကရင်ပြည်နယ် မြဝတီမြို့နယ် ရွှေကုက္ကိုလ်နယ်မြေနှင့် KK Park နယ်မြေများရှိ တရားမဝင် အဆောက်အအုံများအား အပြီးတိုင်ဖြိုချဖျက်ဆီးခြင်းများနှင့် လုပ်ငန်းလုပ်ဆောင်ရာတွင် အသုံးပြုခဲ့သည့် ပစ္စည်းများအား စနစ်တကျဖျက်ဆီးခြင်းများကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရွှေကုက္ကိုလ်နယ်မြေအတွင်းရှိ တရားမဝင် ရှစ်ထပ်အဆောက်အအုံတစ်လုံးကို ထပ်မံ၍ စနစ်တကျ ဖောက်ခွဲဖြိုချဖျက်ဆီးခဲ့ကြောင်း သိရသည်။

ရွှေကုက္ကိုလ်နယ်မြေအတွင်း၌ အွန်လိုင်းလိမ်လည် လောင်းကစားလုပ်ငန်းများ ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် အဆောက်အအုံ ၇၇ လုံး အနက် ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၅၇ လုံးနှင့် ဖောက်ခွဲ၍ ဖျက်ဆီးမည့် အဆောက်အအုံ အလုံး ၂၀ ဟူ၍ အဆောက်အအုံ အမျိုးအစားအလိုက် ခွဲခြားသတ်မှတ်ပြီး စနစ်တကျ ဖြိုချဖျက်ဆီးလျက်ရှိရာ ယနေ့တွင် ဖောက်ခွဲ၍ ဖျက်ဆီးရန် သတ်မှတ်ထားသည့် အဆောက်အအုံ အလုံး ၂၀ အနက် ရှစ်ထပ် အဆောက်အအုံတစ်လုံးကို စနစ်တကျ ထပ်မံဖြိုချ ဖျက်ဆီးခဲ့ခြင်းဖြစ်ကြောင်း ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များအနေဖြင့် ယနေ့အထိ အွန်လိုင်းလိမ်လည် လောင်းကစားလုပ်ငန်းများ ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် တရားမဝင် အဆောက်အအုံ စုစုပေါင်း ၇၁ လုံးအား စနစ်တကျ ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်းနှင့် ဖျက်ဆီးရန်ကျန်ရှိသည့် တရားမဝင်အဆောက်အအုံ ခြောက်လုံးကိုလည်း ဆက်လက်၍ စနစ်တကျ ဖျက်ဆီးသွားမည်ဖြစ်ကြောင်း သိရသည်။ သတင်းစဉ်



ကရင်ပြည်နယ် မြဝတီမြို့နယ် ရွှေကုက္ကိုလ်နယ်မြေရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ လုပ်ကိုင်ခဲ့သည့် တရားမဝင် အဆောက်အအုံအား ဖောက်ခွဲဖျက်ဆီးမှု။



ကရင်ပြည်နယ် မြဝတီမြို့နယ် ရွှေကုက္ကိုလ်နယ်မြေရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ လုပ်ကိုင်ခဲ့သည့် တရားမဝင် ရှစ်ထပ်အဆောက်အအုံ ဖျက်ဆီးပြီးပုံ။

ဟင်္သာတမြို့နယ်၌ ရေဘေးအန္တရာယ် တုံ့ပြန်ဆောင်ရွက်ရေး ဇာတ်တိုက်လေ့ကျင့်

ဟင်္သာတ ဇူလိုင် ၁၀

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့နယ်တွင် မြို့နယ်မီးသတ်ဦးစီးဌာနကကြီးမှူး၍ ရေဘေးအန္တရာယ် တုံ့ပြန်ဆောင်ရွက်ရေး ဇာတ်တိုက်လေ့ကျင့်ခြင်းကို ယနေ့နံနက်ပိုင်းက ဟင်္သာတမြို့ ပခန်းရပ်ကွက် ဧရာဝတီမြစ်ကမ်းနားဆိပ်ကမ်းတွင် ပြုလုပ်သည်။

ဦးစွာ ဟင်္သာတမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌဦးအောင်ဇော်မင်းက အမှာစကားပြောကြားပြီး မြို့နယ်မီးသတ်ဦးစီးမှူးဦးဥက္ကာ ဦးဆောင်သော ရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့ဝင်များက ရေဘေးအန္တရာယ် တုံ့ပြန်ဆောင်ရွက်ရေးအတွက် သရုပ်ပြဇာတ်တိုက်လေ့ကျင့်ခြင်းများကို ပြည်သူ့ကျန်းမာရေးဦးစီးဌာနကြက်ခြေနီသူနာပြုတပ်ဖွဲ့၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ ခရိုင်(ပြန်/ဆက်)



ရမည်းသင်းမြို့နယ်အတွင်း သမဝါယမအသင်းသားတောင်သူများ စိုက်ပျိုးထားသော နွေစပါးများ ရိတ်သိမ်း

ရမည်းသင်း ဇူလိုင် ၁၀

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန တိုင်းဒေသကြီး သမဝါယမဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဇော်ဝင်းနှင့် မြို့နယ် သမဝါယမဦးစီးဌာနမှ တာဝန်ရှိသူများသည် ရမည်းသင်းမြို့နယ် သမဝါယမအသင်းစုပုံပိုးငွေဖြင့် ဆောင်ရွက်ပေးထားသော ရမည်းသင်းမြို့နယ် အင်ကြင်းကန် (ကနဲလှ)ကျေးရွာလုပ်သား စိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်းမှ အသင်းသားတောင်သူ ၁၂ ဦး စိုက်ပျိုးထားသည့် နွေစပါး(ထိုင်းနံကောက်) ဧက ၉၀ ရိတ်သိမ်းနေမှုကို ယမန်နေ့နံနက်ပိုင်းက ကွင်းဆင်းကြည့်ရှုသည်။



တိုင်းဒေသကြီး သမဝါယမဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးက နွေစပါးရိတ်သိမ်းရာတွင် အလေအလွင့်မရှိစေရေး၊ မိုးရာသီဖြစ်သည့်အတွက် အမိုးအကာ အောက် အမြန်ရောက်ရှိစေရေး၊ စွေးကောင်းရရှိရေး အတွက် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

အဆိုပါ နွေစပါးရိတ်သိမ်းရာတွင် တစ်ဧက ခန့်မှန်းအထွက်နှုန်းတင်း ၁၁၀ ထွက်ရှိကြောင်း သိရသည်။

ကိုဇော်(ရမည်းသင်း)

ပဲခူးမြို့၌ အခွန်ပညာပေးရှင်းလင်းဆွေးနွေး

ပဲခူး ဇူလိုင် ၁၀

ပဲခူးတိုင်းဒေသကြီး ပြည်တွင်းအခွန်များဦးစီးဌာန ပဲခူးတိုင်းဒေသကြီး အခွန်ဦးစီးဌာနမှူးရုံးမှ ဒုတိယ ညွှန်ကြားရေးမှူး ဒေါ်အေးအေးကြူသည် ယနေ့နံနက်ပိုင်းက အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းတွင် ပြည်တွင်းအခွန်များဦးစီးဌာနက ကောက်ခံလျက်ရှိသော အခွန်များအကြောင်း သိကောင်းစရာများခေါင်းစဉ်ဖြင့် ကျောင်းသားကျောင်းသူများအား ရှင်းလင်းဆွေးနွေးခဲ့ပြီး အမေးအဖြေကဏ္ဍတွင် ဆုရရှိခဲ့သော ကျောင်းသား ကျောင်းသူများအား ဆုများချီးမြှင့်သည်။

ထို့နောက် မွန်းလွဲပိုင်းတွင် ပဲခူးမြို့အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ထပ်မံ၍ ရှင်းလင်းဆွေးနွေးခဲ့ရာ အဆိုပါဆွေးနွေးပွဲသို့ ကျောင်းသား ကျောင်းသူ ၂၈၀ ခန့်တက်ရောက်ခဲ့ပြီး အမေးအဖြေကဏ္ဍတွင် ဆုရရှိခဲ့သော ကျောင်းသား ကျောင်းသူများအား ဆုများချီးမြှင့်ခဲ့ကြောင်း သိရသည်။ ခရိုင်(ပြန်/ဆက်)



ချောင်းဦးမြို့နယ်၌ လက်ဆွဲမျိုးစေ့ချကိရိယာ သုံးစွဲနည်း နည်းပညာပေးသရုပ်ပြ

ချောင်းဦး ဇူလိုင် ၁၀

စစ်ကိုင်းတိုင်းဒေသကြီး ချောင်းဦးမြို့ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနတွင် ဇူလိုင် ၈ ရက်နံနက်ပိုင်းက မိုးစပါးစိုက်တောင်သူများအား မိုးစပါးပက်ကြဲမည့်အစား လက်ဆွဲမျိုးစေ့ချကိရိယာ ကျယ်ကျယ်ပြန့်ပြန့် သုံးစွဲလာစေရန်ရည်ရွယ်၍ လက်ဆွဲမျိုးစေ့ချကိရိယာ သုံးစွဲနည်း နည်းပညာပေးသရုပ်ပြပွဲ ပြုလုပ်သည်။

ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ကျော်ဦးက အမှာစကားပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးမှူးဦးတင့်ဆွေက မျိုးစေ့ချကိရိယာ သုံးစွဲရာတွင် ဆောင်ရန် ရှောင်ရန် အချက်များ၊ ကောင်းကျိုး၊ ဆိုးကျိုးများ ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။



ဝင်းမြင့်အောင်(ပြန်/ဆက်)

မော်လမြိုင်မြို့နယ်၌ ဥပဒေအသိပညာပြန့်ပွားရေး ဆရာဖြစ်သင်တန်းဆင်း

မော်လမြိုင် ဇူလိုင် ၁၀

မွန်ပြည်နယ် မော်လမြိုင်မြို့တွင် ရပ်ကွက်ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများအတွက် ဥပဒေအသိပညာပြန့်ပွားရေး ဆရာဖြစ်သင်တန်း (ToT) ဆင်းပွဲအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းက မော်လမြိုင်မြို့ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ အခမ်းအနားတွင် ပြည်နယ်ဥပဒေချုပ် ဒေါ်မိသန္တာမြင့်က သင်တန်းဆင်းအမှာစကားပြောကြားပြီး မော်လမြိုင်မြို့နယ် ဥပဒေအရာရှိ ဒေါ်နုင်းယုထွေးက သင်တန်းဆင်း အစီရင်ခံစာနှင့် သင်တန်းတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသည့် ထူးချွန်သင်တန်းသားများအား ပြည်နယ် ဥပဒေချုပ်၊ ခရိုင်/မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌတို့က ဆုများ ပေးအပ်ချီးမြှင့်ခဲ့သည်။ စည်သူ(ပြန်/ဆက်)



ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှုနိုင်မြှင့်တင်ရေးပွဲတော် ကျင်းပ

ရန်ကုန် ဇူလိုင် ၁၀

ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှုနိုင်မြှင့်တင်ရေးပွဲတော်ကို ယနေ့နံနက် ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ် အမှတ် (၄) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအောင်နိုင်သူ၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများက တက်ရောက်အားပေးကြသည်။

ဦးစွာ ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှုနိုင်မြှင့်တင်ရေးပွဲတော်ကို တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကား ပြောကြားကာ စာဖတ်ခြင်း၏အကျိုးကျေးဇူး ခေါင်းစဉ်ဖြင့် စာပေဟောပြောပွဲ၊ စာရေးဆရာ လင်းသိုက်ညွှန့် (မြန်မာ့မြေ)ကို ဂုဏ်ပြုလက်ဆောင်နှင့် ဖျော်ဖြေရေး အဖွဲ့များအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

ယင်းနောက် အလှူရှင်များက အလှူငွေများ ပေးအပ်ရာတိုင်းဒေသကြီးဝန်ကြီးများက လက်ခံရယူကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

အခမ်းအနားအပြီးတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ခင်းကျင်းပြသထားသည့် ဌာနဆိုင်ရာ ပြခန်းများနှင့် ပြိုင်ပွဲများကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ **(နွဲ့ထက်ကို(ပြန်/ဆက်)**





မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ လူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးတို့ Online Platform အသုံးပြု၍ တွေ့ဆုံဆွေးနွေး

နေပြည်တော် ဇူလိုင် ၁၀

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင် ဥက္ကဋ္ဌ ဦးသစ်လင်းအုန်း ဦးဆောင်၍ ကော်မရှင်အဖွဲ့ဝင် ဦးဝင်းလှိုင်ဦးနှင့် ဒေါက်တာဆွေဆွေအောင်တို့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ လူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီး Mrs. Yana Lantratova နှင့် ကော်မရှင်နှစ်ရပ်အကြား လူ့အခွင့်အရေးဆိုင်ရာ ကိစ္စရပ်များ ပူးပေါင်းဆောင်ရွက်ရေးနှင့် စပ်လျဉ်း၍ ယနေ့မွန်းလွဲပိုင်းတွင် Online Platform မှတစ်ဆင့် တွေ့ဆုံဆွေးနွေးသည်။

ဆွေးနွေး

တွေ့ဆုံစဉ် လူ့အခွင့်အရေးမြှင့်တင်ရေးနှင့် ကာကွယ်စောင့်ရှောက်ရေးတို့ အတွက် ကော်မရှင်နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်နိုင်ရေးနှင့် ထိတွေ့ဆက်ဆံမှုတိုးမြှင့်နိုင်ရေး ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေး ကော်မရှင်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ လူ့အခွင့်အရေးကော်မရှင်တို့သည် လူ့အခွင့်အရေးကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှု ပိုမိုအားကောင်းခိုင်မာစေရန်၊ အတွေ့အကြုံ ဗဟုသုတနှင့် ကျင့်သုံးဆောင်ရွက်မှုပုံစံကောင်းများကို ဖလှယ်နိုင်ရန်နှင့် အဖွဲ့အစည်းနှစ်ရပ်အတွက် အကျိုးဖြစ်ထွန်းစေမည့် နယ်ပယ်များတွင် ပူးပေါင်းဆောင်ရွက်နိုင်ရန်ရည်ရွယ်၍ ကော်မရှင်နှစ်ရပ် အကြား ပူးပေါင်းဆောင်ရွက်မှု စာချုန်လွှာ (Memorandum of Cooperation) ကို ၂၀၂၅ ခုနှစ် အတွင်းတွင် လက်မှတ်ရေးထိုးချုပ်ဆိုထားရှိကြောင်း သိရသည်။

သတင်းစဉ်

မအူပင်မြို့၌ ပြည်သူ့စကားဝိုင်း ကျင်းပ

မအူပင် ဇူလိုင် ၁၀

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ လူငယ်နှင့် စာကြည့်တိုက်ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းကို ယမန်နေ့နံနက် ၉ နာရီက အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း မြတ်ပညာခန်းမ၌ ကျင်းပသည်။

ဆွေးနွေးပြောကြား

ဦးစွာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခင်သန္တာထွေးက ပြည်သူ့စကားဝိုင်းကျင်းပရခြင်း၏ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး မအူပင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁) တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးစောသောင်းနဲက လူငယ်များအတွက် စာကြည့်တိုက်ဆိုင်ရာအရေးပါမှုများကို ရှင်းလင်းပြောကြားသည်။ ယင်းနောက် မြို့နယ်စာရေးဆရာအသင်းဥက္ကဋ္ဌ ဆရာဦးခင်ဇော်ဝင်း (ခက်ဇော်-ကဗျာ)၊ လက်ထောက်ညွှန်ကြားရေးမှူး (ငြိမ်း) (ပညာရေး) ဆရာဦးကျော်ဦး၊ Book Club အသင်းဥက္ကဋ္ဌ ဆရာဦးစိုးတို့က လူငယ်နှင့်စာကြည့်တိုက်ခေါင်းစဉ်ဖြင့် ဆွေးနွေးပြောကြားပြီး တက်ရောက်လာသည့် ကျောင်းသား ကျောင်းသူများနှင့် အပြန်အလှန်မေးမြန်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

အောင်မြင့်မြတ်(ပြန်/ဆက်)

အမျိုးသမီးကလေးများသင်တန်းကျောင်း (မလိခ)အား မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်အဖွဲ့ဝင်များ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇူလိုင် ၁၀

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေး ကော်မရှင်မှအဖွဲ့ဝင် ဒေါက်တာမြင့်သူဖြိုင်၊ ဦးသန်းဝင်းနှင့် ဦးအုန်းဦးတို့ ဦးဆောင်သော အဖွဲ့သည် ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် အမျိုးသမီးကလေးများ သင်တန်းကျောင်း(မလိခ)သို့ သွားရောက် ကြည့်ရှုစစ်ဆေးသည်။

အဆိုပါအဖွဲ့သည် ကော်မရှင်ဥပဒေပြဋ္ဌာန်း ချက်များ၊ ကော်မရှင်ဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ သင်တန်းကျောင်းတွင် အမျိုးသမီးငယ်များအား ကျန်းမာရေး စောင့်ရှောက်မှု၊ အစားအစာကျွေးမွေးမှု၊ အိပ်ဆောင်များထားရှိမှု၊ အမျိုးသမီးတစ်ဦးလို ရေသုံးပစ္စည်းများ လုံလောက်စွာရရှိမှု၊ သန့်ရှင်းသော သောက်သုံးရေရရှိအောင် ဆောင်ရွက်ပေးမှုအခြေအနေ၊ ချိုးရေကန်များ သန့်ရှင်းမှုနှင့် ရေလုံလောက်မှု ရှိ/မရှိ၊ အကျင့်စာရိတ္တပြုပြင်ပေးခြင်းဖြင့် စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ တိုးတက်ကောင်းမွန်လာစေရေး၊ လူမှုဘဝရပ်တည်နိုင်စေရန် စိတ်ဓာတ် ခွန်အားများ ထည့်သွင်းပေါင်းစပ်၍ လေ့ကျင့်ပြုစုစောင့်ရှောက်ပေးခြင်းဖြင့် လူမှုအသိုင်းအဝိုင်းအတွင်း တန်ဖိုးရှိသောအမျိုးသမီးများအဖြစ် ရပ်တည်နေထိုင်သွားနိုင်စေရေးနှင့် ပညာသင်ကြားခွင့်၊ အသက်မွေးဝမ်းကျောင်း ပညာသင်ကြားခွင့်၊ မိသားစုနှင့် ဆက်သွယ်ခွင့်၊ မိသားစုနှင့် ပြန်လည်ပေါင်းစည်းခွင့်နှင့် လွတ်လပ်စွာ ယုံကြည်ကိုးကွယ်ခွင့်စသည့် အခြေခံလူ့အခွင့်အရေးများရရှိအောင် ဆောင်ရွက်ပေးမှုအခြေအနေတို့နှင့် ကော်မရှင်မှ ယခင်လာရောက်စစ်ဆေးခဲ့စဉ်က အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

အဆိုပါအဖွဲ့၏ခရီးစဉ်အတွင်း စစ်ဆေးတွေ့ရှိချက်နှင့် အကြံပြုချက်များကို လိုအပ်သလို ဆောင်ရွက်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာသို့ ပေးပို့သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်





မြောက်ဥက္ကလာပမြို့နယ်၌ မီးဘေးနှင့်သဘာဝဘေး ဟောပြောခြင်းနှင့် ဇာတိတိုက်လေ့ကျင့်ခြင်းဆောင်ရွက်

ရန်ကုန် ဇူလိုင် ၁၀

ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ်တွင် မြို့နယ်မီးသတ်ဦးစီးဌာနက မီးဘေးအန္တရာယ်နှင့် သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအသိပညာပေးဟောပြောခြင်းနှင့် ဇာတိတိုက်လေ့ကျင့်ခြင်းကို ယနေ့နံနက်ပိုင်းက အမှတ်(၆) အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်း၌ ဆောင်ရွက်သည်။

ဦးစွာ မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးစည်သူမျိုးက မီးဘေးအန္တရာယ်နှင့် သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေးဆွေးနွေးပြီး မြို့နယ်မီးသတ်ဦးစီးမှူးနှင့် မီးသတ်တပ်ဖွဲ့ဝင်များက မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် မီးသတ်ဆေးဘူးအသုံးပြု၍ မီးငြိမ်းသတ်ခြင်းနှင့် သဘာဝဘေး အန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် ဇာတိတိုက်လေ့ကျင့်ခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

သက်လွင်စိုး(ပြန်/ဆက်)



ကယားပြည်နယ်ဝန်ကြီးချုပ် အဆင့်မြင့်သီရိမင်္ဂလာစျေးသစ် တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်မှု ကြည့်ရှုစစ်ဆေး

လွိုင်ကော် ဇူလိုင် ၁၀

ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအုံမော်သည် ပြည်နယ်ဝန်ကြီးများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် လွိုင်ကော်မြို့ သီရိမင်္ဂလာစျေးသစ် ယခုဘဏ္ဍာနှစ်အတွင်း အပြီးသတ်တည်ဆောက်ရေးလုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်နေမှု အခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစဉ် လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်း ပြည့်မီစွာ သတ်မှတ်ကာလအတွင်း ပြီးစီးအောင် ဆောင်ရွက်သွားရန်၊ စျေးဝယ်ပြည်သူများ အနောင့်အယှက် မဖြစ်စေရေး စနစ်တကျဆောင်ရွက်ပေးရန် မှာကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးသည်။

ထို့နောက် ကုန်စိမ်းတန်း ပျံကျစျေးရုံသစ်များ တည်ဆောက်ပြီးစီးမှုနှင့် ဆက်လက်တည်ဆောက်မည့် ပျံကျစျေးရုံနေရာများကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းများ သတ်မှတ်အရည်အသွေးပြည့်မီစွာ သတ်မှတ်ကာလအတွင်း ပြီးစီးအောင် ဆောင်ရွက်သွားရန်နှင့် ပြီးစီးပါက ဆိုင်ခန်းများ စနစ်တကျ နေရာချထားပေးရန် မှာကြားခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

ဒုတိယဝန်ကြီး ဦးမျိုးမြင့် ထောက်ပံ့ပစ္စည်းများပေးအပ်ပွဲ တက်ရောက်

နေပြည်တော် ဇူလိုင် ၁၀

ဆောက်လုပ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးမြင့်သည် ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေး ကော်မတီဝင်များနှင့်အတူ ယမန်နေ့က ဟားခါး-ဖလမ်း လမ်းပိုင်း အခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစဉ် အကြမ်းဖက်ဖြစ်စဉ်များကြောင့် ပျက်စီးခဲ့သည့် လမ်း၊ တံတားများကို ပြည်သူများ အဆင်ပြေချောမွေ့စွာ သွားလာနိုင်ရေးအတွက် လိုအပ်သည့် ပြုပြင်ထိန်းသိမ်းမှုများ ဦးစားပေး အလိုက် ဆောင်ရွက်သွားရန်၊ မိုးရာသီတွင် လမ်းမပေါ်၌ ရေမတင်စေရေး အလေးထားဆောင်ရွက်ရန်၊ တောင်ပေါဒေသလမ်းဖြစ်သည့်အတွက် မိုးတွင်းတွင် တောင်ပြို၍ လမ်းပြတ်တောက်မှု မရှိစေရေး တာဝန်ရှိသူအဆင့်ဆင့်က ကြိုတင်စုဖွဲ့၍ အလေးထားကြပ်မတ် ဆောင်ရွက်သွားရန် မှာကြားသည်။

ထို့နောက် ဖလမ်းမြို့ မြို့တော်ခန်းမ၌ ကျင်းပသည့် နေရပ်စွန့်ခွာ၍ ပြန်လည်ဝင်ရောက်လာသည့် ပြည်သူများအား ထောက်ပံ့ပစ္စည်းများ ပေးအပ်ပွဲသို့ တက်ရောက်သည်။

ပေးအပ်ပွဲတွင် အကြမ်းဖက်ဖြစ်စဉ်များကြောင့် ပျက်စီးဆုံးရှုံးမှုများအတွက် နေစဉ်ပုံမှန်လူနေမှုဘဝကို အတိုင်းအတာတစ်ခုအဖြစ် ဖြည့်ဆည်းပေးနိုင်ရန် ရည်ရွယ်ချက်ဖြင့် နိုင်ငံတော်က ကူညီပံ့ပိုးသော အခြေခံလိုအပ်သည့် အိမ်ထောင်စု တစ်စုလျှင် လူသုံးကုန်ပစ္စည်း ၁၆ မျိုးပါ ကယ်ဆယ်ရေး ပစ္စည်းများနှင့် စားရေရိက္ခာများကို နေရပ်စွန့်ခွာ၍ ပြန်လည်ဝင်ရောက်လာသည့် ပြည်သူများအား ထောက်ပံ့ပေးခြင်းဖြစ်ကြောင်း၊ ထပ်မံဝင်ရောက်လာမည့် ပြည်သူများကိုလည်း ဆက်လက်ထောက်ပံ့ပေးသွားမည် ဖြစ်ကြောင်း ပြောကြားပြီး ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေး ကော်မတီဝင်များနှင့်အတူ နေရပ်စွန့်ခွာ၍ ပြန်လည်ဝင်ရောက်လာသည့် အိမ်ထောင်စု ၂၀၀ အတွက် လက်ဝယ်အရောက် ပစ္စည်းများ ပေးအပ်သည်။

ယင်းနောက်ပြန်လည်ဝင်ရောက်လာသည့် ပြည်သူများကိုယ်စား မြို့မိမြို့ဖတစ်ဦးက ကျေးဇူးတင်စကားပြောကြားပြီး လိုအပ်ချက်များ တင်ပြမှုအပေါ် ဒုတိယဝန်ကြီးက ပေါင်းစပ်ညှိနှိုင်းပေးကာ ပြည်သူများအား တစ်ဦးချင်း ရင်းရင်းနှီးနှီး အားပေးစကား ပြောကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်





ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ်၌ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ၏ဦးဆောင်မှုဖြင့် ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးအတွက် မြို့နယ်သစ်တောဦးစီးဌာနက ကြီးမှူး၍ မိုးရာသီစုပေါင်း သစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၁၀ ရက်က တိုက်ကြီး-ဖောင်ကြီးကားလမ်း (မိုင်တိုင်အမှတ် ၂ မိုင် ၂ ဖာလုံ)တွင် စိုက်ပျိုးကြစဉ်။

မြို့နယ်(ပြန်/ဆက်)

တောင်ငူမြို့၌ သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

တောင်ငူ ဇူလိုင် ၁၀

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင်အတွင်း သဘာဝဘေးအန္တရာယ်များ ကျရောက်လာပါက အချိန်နှင့်တစ်ပြေးညီ ကာကွယ်စောင့်ရှောက်ခြင်း၊ ရှာဖွေကယ်ဆယ်ခြင်းနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို စနစ်တကျ တုံ့ပြန်ဆောင်ရွက်နိုင်ရန်အတွက် တောင်ငူခရိုင် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းက တောင်ငူခရိုင် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ဘုရင့်နောင် အစည်းအဝေးခန်းမ၌ ကျင်းပသည်။



ဦးစွာ တောင်ငူခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစောထွန်းဦးက အမှာစကား ပြောကြားသည်။

ထို့နောက် တာဝန်ရှိသူများက မိမိတို့ကဏ္ဍအလိုက် ဆောင်ရွက်ထားရှိသည့်ကယ်ဆယ်ရေးပစ္စည်းများ စုဆောင်းထားရှိမှု၊ အရေးပေါ်အခြေအနေတွင် အသုံးပြုမည့် စက်ပစ္စည်း၊ ယာဉ်ယန္တရားများ ပြင်ဆင်ထားရှိမှု၊ ရိက္ခာနှင့် ဆေးဝါးအင်အား စုဆောင်းထားရှိမှုများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြရာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ဓော်ကိုကို(တောင်ငူ)



မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်တွင် ဒုတိယအကြိမ် သစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၁၀ ရက်က ကျိုက်ထိုမြို့ မြို့ရောင်လမ်း၌ ပြုလုပ်ရာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကံစောလွင်နှင့် အဖွဲ့ဝင်များ၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ လူမှုရေးအသင်းအဖွဲ့များက ပျိုးပင်ပေါင်း ၅၀၀ ကို တပျော်တပါး စိုက်ပျိုးကြစဉ်။

ကျိုက်ထို(ပြန်/ဆက်)

သာယာဝတီမြို့နယ်၌ စားအုန်းဆီအရောင်းဆိုင်များ ကွင်းဆင်းစစ်ဆေး

သာယာဝတီ ဇူလိုင် ၁၀

ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့နယ်၌ စားအုန်းဆီ လက်လီလက်ကား ဖြန့်ဖြူးရောင်းချလျက်ရှိသော အရောင်းဆိုင်များကို သာယာဝတီခရိုင် စားအုန်းဆီဖြန့်ဖြူးရောင်းချမှုကြီးကြပ်ရေးအဖွဲ့နှင့် ခရိုင်ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များ အသင်းဥက္ကဋ္ဌ၊ မြို့နယ်ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် ကွင်းဆင်းစစ်ဆေးသည်။

ဖြန့်ဖြူးရောင်းချ

သာယာဝတီမြို့နယ်အနေဖြင့် အိမ်ထောင်စုတစ်စုလျှင် ဆီစာအုပ် တစ်အုပ်နှုန်းဖြင့် လက်ကားကိုယ်စားလှယ် တစ်ဦး၊ လက်လီအရောင်း ၃၄ ဦးက တစ်လလျှင် ဆီပိပါပေါင်း ၅၁၂ လုံး(ပိသာ ၅၆၃၂၀)ဖြန့်ဖြူးရောင်းချပေးလျက်ရှိကြောင်း သိရသည်။

သန့်ဇော် (ပြန်/ဆက်)



ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ကြပါစို့

အမျိုးသားစာပေတစ်သက်တာဆုရှင် စာရေးဆရာမကြီး ဒေါက်တာ မတင်ဝင်း ကွယ်လွန်



အမျိုးသားစာပေတစ်သက်တာဆုရှင် စာရေးဆရာမကြီး ဒေါက်တာမတင်ဝင်းသည် ဇူလိုင် ၁၀ ရက် နံနက်ပိုင်းတွင် ကွယ်လွန်သွားခဲ့ပြီဖြစ်သည်။

ဆရာမကြီး ဒေါက်တာမတင်ဝင်းကို အဘဦးဘဌေး၊ အမိ ဒေါ်ရင်တို့က ၁၉၄၀ ပြည့်နှစ်တွင် မင်းဘူးခရိုင် ဆင်ဖြူကျွန်းမြို့၌ မွေးဖွားခဲ့သည်။

ဆရာမကြီးသည် ၁၉၅၆ ခုနှစ်တွင် ရေနံချောင်းမြို့ အထက(၁)မှ တက္ကသိုလ်ဝင်တန်း၊ ၁၉၅၈ ခုနှစ်တွင် မကွေးဥပစာကောလိပ်မှ ဥပစာတန်းတို့ အောင်မြင်ခဲ့သည်။ ၁၉၆၁ ခုနှစ်တွင် ရန်ကုန် တက္ကသိုလ်မှ ဝိဇ္ဇာဘွဲ့,ကိုလည်းကောင်း၊ ၁၉၆၃ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ် မဟာပညာရေးဌာနမှ ပညာရေးဝိဇ္ဇာဘွဲ့,ကိုလည်းကောင်း ရရှိခဲ့ပြီး ထိုနှစ်တွင်ပင် ရေနံချောင်းမြို့ အထက(၁)တွင် အထက်တန်းပြဆရာမအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၆၅ ခုနှစ်တွင် ဆိုဒီယက်နိုင်ငံသို့ ပညာသင်အဖြစ် သွားရောက်ခဲ့သည်။ ၁၉၇၀ ပြည့်နှစ်တွင် သင်ပြန်ညီးပညာ (သမိုင်းအထူးပြု) ဘာသာရပ်ဖြင့် ပါရဂူဘွဲ့,ရရှိခဲ့သည်။ ၁၉၇၀ ပြည့်နှစ်မှစ၍ ပညာရေးတက္ကသိုလ်တွင် သင်ပြန်ညီးပညာဌာန၊ ပါမောက္ခအထိ တာဝန်များထမ်းဆောင်ခဲ့သည်။

၁၉၆၈ ခုနှစ်တွင် ပညာတန်ဆောင်မဂ္ဂဇင်း၌ ပညာရေးဆိုင်ရာဆောင်းပါးများ စတင်ရေးသားခဲ့ပြီး ၁၉၈၄ ခုနှစ်ထုတ် "သောင်းပြောင်းထွေလာ" မဂ္ဂဇင်းမှစ၍ စာပေနယ်သို့ ဝင်ရောက်ခဲ့သည်။ ပထမဆုံးပုံနှိပ်စာအုပ်မှာ ၁၉၉၂ ခုနှစ်တွင် ထုတ်ဝေခဲ့သည့် "ရာဇဝင်ထဲက မိန်းမသား" စာအုပ်ဖြစ်သည်။

ထုတ်ဝေခဲ့သော စာအုပ်များအနက် ၂၀၀၁ ခုနှစ်တွင် "ကုန်းဘောင်ကိုဆန်၍" စာအုပ်ဖြင့် အမျိုးသားစာပေ(နိုင်ငံရေး)ဆု၊ ၂၀၀၃ ခုနှစ်တွင် "အာရှနိုင်ငံများကို ဖွဲ့ယူသိမ်းပိုက်ခဲ့ကြသည့် နယ်ချဲ့များ" စာအုပ်ဖြင့် အမျိုးသားစာပေ(နိုင်ငံရေး)ဆု၊ ၂၀၀၄ ခုနှစ်တွင် "မင်းယောက်ျားတို့၏ စကား ရာဇဝင်" စာအုပ်ဖြင့် အမျိုးသားစာပေ(စာပဒေသာ)ဆု၊ ၂၀၀၈ ခုနှစ်တွင် "စစ်မီးမငြိမ်း မြက်မစိမ်းနိုင်သည့်မြေ"စာအုပ်ဖြင့် သုတစွယ်စုံစာပေဆုတို့ကို ရရှိခဲ့သည်။ ၂၀၂၁ ခုနှစ်တွင် အမျိုးသားစာပေတစ်သက်တာဆုရရှိခဲ့ပြီး ၂၀၂၂ ခုနှစ် နိုဝင်ဘာလ ၁၇ ရက်တွင် အလက််ာကျော်စွာဘွဲ့,နှင့် စည်သူဘွဲ့ (၂၀၂၅) ရရှိခဲ့သည်။ စာရေးသက် အနှစ် ၃၀ ကျော် အတွင်း ပညာရေးဆောင်းပါးများစွာ ရေးသားခဲ့ပြီး လုံးချင်းစာအုပ် ၁၁၁ အုပ်ကို ထုတ်ဝေခဲ့ပြီးဖြစ်သည်။

ဆရာမကြီးသည် ကွယ်လွန်ချိန်တွင် အသက် (၈၇)နှစ်ရှိပြီဖြစ်သည်။ ဆရာမကြီး ကွယ်လွန်သွားခြင်းသည် မိသားစုဝင်များ၊ စာပေမိတ်ဆွေများနှင့် မြန်မာစာပေလောကအတွက် ကြီးမားသောဆုံးရှုံးမှု တစ်ခုဖြစ်ပါသည်။ **ကြေးမုံ**



ချမ်းမြသာစည်မြို့နယ်၌ အခွန်ဆိုင်ရာအသိပညာပေး

မန္တလေး ဇူလိုင် ၁၀

မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် အခွန်ဦးစီးဌာနမှူးရုံးက ကြီးမှူး၍ အခွန်ဆိုင်ရာ အသိပညာတိုးတက်ရေးနှင့် အခွန်တာဝန်လေးစားလိုက်နာမှုတိုးတက်ရေး ရည်ရွယ်သည့် လူထုလှုပ်ရှားမှုအစီအစဉ်ကို ယနေ့နံနက်ပိုင်းက ချမ်းမြသာစည်မြို့နယ် အထက(၂၆)၌ ကျင်းပသည်။

ဦးစွာ ပြည်တွင်းအခွန်များဦးစီးဌာန မန္တလေးတိုင်းဒေသကြီး အခွန်ဦးစီးဌာနမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်တင်နွဲ့ဌေးက အမှာစကားပြောကြားပြီး မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးမှ ဦးစီးအရာရှိ ဒေါ်ရွှေရည်ဦးက အခွန်ဆိုင်ရာအသိပညာတိုးတက်ရေးနှင့် အခွန်တာဝန်လေးစားလိုက်နာမှုတိုးတက်ရေးအတွက် လူထုလှုပ်ရှားမှုအစီအစဉ်၊ လုပ်ငန်းစီမံချက်၏ ရည်ရွယ်ချက်များ၊ ပြည်တွင်းအခွန်များဦးစီးဌာနက ကောက်ခံလျက်ရှိသည့် အခွန်အမျိုးအစားများနှင့် အခွန်အကြောင်း သိကောင်းစရာများကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ကျောင်းသား ကျောင်းသူများက သိရှိလိုသည်များ မေးမြန်းဆွေးနွေးကြသည်။

အခမ်းအနားသို့ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူ စုစုပေါင်း ၁၈၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

မင်းထက်အောင်(မန်းကိုယ်ပွား)

ညောင်တုန်းမြို့နယ်၌ ပြည်သူ့စကားဝိုင်းဆွေးနွေးပွဲ ကျင်းပ

ညောင်တုန်း ဇူလိုင် ၁၀

ဧရာဝတီ တိုင်းဒေသကြီး ညောင်တုန်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ဦးဆောင်ကျင်းပသော "ကျေးလက်ဒေသ ဖွံ့ဖြိုးရေး" ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းဆွေးနွေးပွဲကို ဇူလိုင် ၉ ရက်က ကညင်ကောက်ကြီး ကျေးရွာအုပ်စု ရိုးကြီးကျေးရွာ ဘုန်းတော်ကြီးကျောင်းဓမ္မာရုံ၌ ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး လွတ်တော်ကိုယ်စားလှယ် ဦးစောမျိုးသီဟက အမှာစကား ပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးအရာရှိ ဒေါ်တင်တင်လှိုင်က ပြည်သူ့စကားဝိုင်း ကျင်းပရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ဆွေးနွေး

ထို့နောက် ပြည်သူ့စကားဝိုင်း ဆွေးနွေးပွဲကို ကျင်းပရာ တိုင်းဒေသကြီး လွတ်တော် ကိုယ်စားလှယ်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ပြည်သူ့ကျန်းမာရေး ဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့မှ တာဝန်ရှိသူများက ကျေးလက်ဒေသဖွံ့ဖြိုးရေး ခေါင်းစဉ်ဖြင့် အပြန်အလှန် ဆွေးနွေးခဲ့ကြပြီး တက်ရောက်လာကြသော ဒေသခံ ပြည်သူများက သိရှိလိုသည်များ ဆွေးနွေးကြရာ သက်ဆိုင်ရာ တာဝန်ရှိသူများက ပြန်လည် ဆွေးနွေးဖြေကြားပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

ကြို့ပင်ကောက်မြို့နယ်၌ စားအုန်းဆီအရောင်းဆိုင်များ ကွင်းဆင်းစစ်ဆေး

ကြို့ပင်ကောက် ဇူလိုင် ၁၀

ပဲခူးတိုင်းဒေသကြီး ကြို့ပင်ကောက်မြို့နယ်တွင် စားအုန်းဆီလက်လီ၊ လက်ကားဖြန့်ဖြူးရောင်းချလျက်ရှိသော အရောင်းဆိုင်များ၌



ရည်ညွှန်းစွဲးနှုန်းနှင့်အညီ ရောင်းချခြင်းရှိ၊ မရှိ ကွင်းဆင်းစစ်ဆေးခြင်းကို ယနေ့နံနက်ပိုင်းက ဆောင်ရွက်သည်။

ထိုသို့စစ်ဆေးရာတွင်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ စားသုံးသူရေးရာဦးစီးဌာန၊ စည်ပင်သာယာရေးအဖွဲ့၊ မြို့နယ်ဆီလုပ်ငန်းရှင်အသင်းတို့မှ တာဝန်ရှိသူများက စားအုန်းဆီဖြန့်ဖြူးရောင်းချသည့် ဆိုင်များတွင် ရည်ညွှန်းစွဲးအတိုင်း ဗီနိုင်းများချိတ်ဆွဲ ဖြန့်ဖြူးရောင်းချမှုရှိ၊ မရှိ၊ အလေးချိန်မှန်ကန်မှုရှိ၊ မရှိ၊ ဆီစာအုပ်များဖြင့် စနစ်တကျရောင်းချပေးရေးနှင့် ရရှိသောဆီပိသာချိန်ခွင်တမ်းများကို ပြည်သူများထံ အမှန်တကယ်ရောင်းချမှုရှိ၊ မရှိတို့ကို ကြည့်ရှုစစ်ဆေး၍ စွဲးနှုန်းမှန်ကန်စေရေး၊ အလေးချိန်တွယ်မှုမှန်ကန်စေရေး၊ ဆီအရည်အသွေးမှန်ကန်စေရေး၊ တရားမဝင်စားအုန်းဆီများ မရောင်းချနိုင်ရေးတို့ကို အလေးထားဆောင်ရွက်သွားရန် ညွှန်ကြားခဲ့သည်။ **ဇေယျာထွန်း(ကြို့ပင်ကောက်)**

တာမွေမြို့နယ်၌ မြို့နယ်အဆင့် ဆယ်အိမ်စုမှူးဆင့်ပွားသင်တန်းဖွင့်

ရန်ကုန် ဇူလိုင် ၁၀

ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် မြို့နယ်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနတို့ ပူးပေါင်း၍ မြို့နယ်အဆင့် ဆယ်အိမ်စုမှူး ဆင့်ပွားသင်တန်းကို ယနေ့နံနက်ပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ဖွင့်လှစ်သည်။

အဆိုပါ ဆင့်ပွားသင်တန်းဖွင့်လှစ်နေ့မှုကို သဃ်ိန်းကျွန်းခရိုင် မိခင်နှင့် ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ဒါလီမျိုးဦးနှင့် အဖွဲ့ဝင်များက ကြည့်ရှုအားပေးခဲ့ပြီး သင်တန်းသူများအတွက် တိုင်းရင်းဆေးဘေးများ ပေးအပ်ကာ သင်တန်းသူများ အတွက် နေ့လည်စာထမင်းဘူးများ၊ ရေသန့်များ၊ လက်ဖက်ရည်နှင့် ပေါင်မုန့်များ ပေးဝေခဲ့ကြသည်။

နိုင်လင်းအောင်(တာမွေ)



ပခုက္ကူမြို့နယ်၌ သွင်းအားစုမြေဩနှင့် ပိုးသတ်ဆေးများပေးအပ်

ပခုက္ကူ ဇူလိုင် ၁၀

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ်တွင် သွင်းအားစုမြေဩနှင့် ပိုးသတ်ဆေးများ ထောက်ပံ့ပေးအပ်ပွဲကို ဇူလိုင် ၉ ရက်က မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနရုံး၌ ပြုလုပ်သည်။

ပြောကြား

ဦးစွာ ပခုက္ကူခရိုင်စိုက်ပျိုးရေးဦးစီးမှူး ဦးမြင့်လင်းက အမှာစကားပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးစန်းလွင်က သွင်းအားစုမြေဩ၊ ပိုးသတ်ဆေးများ ထောက်ပံ့ပေးရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။



ဆက်လက်၍ တာဝန်ရှိသူများက မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စုခြောက်အုပ်စုမှ တောင်သူ ၂၄ ဦး၏ စံပြကွက်စိုက်ဧရိယာ ၉၅ ဧကအတွက် ကွန်ပေါင်းမြေဩ ၂၈ အိတ်၊ ကျောက်မှန့်မြေဩ ၁၀ အိတ်၊ ပိုးသတ်ဆေးဘူး ၅၀ တို့ကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

ဘာမီသာ(ပခုက္ကူ)

ထာဝရကုသိုလ်ရယူဖို့ သစ်ပင်စိုက်ပျိုးထိန်းသိမ်းစို့

မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဝင်းသန်း ဝန်ကြီးချုပ်ဖလား (၁၀)မြို့နယ် အသက်(၂၅)နှစ်အောက် အမျိုးသားဘတ်စကက်ဘောပြိုင်ပွဲ ဆုချီးမြှင့်ပွဲ တက်ရောက်



မော်လမြိုင် ဇူလိုင် ၁၀

မွန်ပြည်နယ်ဝန်ကြီးချုပ်ဖလား (၁၀)မြို့နယ် အသက်(၂၅)နှစ်အောက် အမျိုးသား ဘတ်စကက်ဘောပြိုင်ပွဲ ဆုချီးမြှင့်ပွဲကို ယနေ့ နံနက်ပိုင်းက မော်လမြိုင်မြို့၊ ပြည်နယ် အားကစားခန်းမ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဝင်းသန်း၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ပြိုင်ပွဲဝင်အားကစားသမားများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဘတ်စကက်ဘောပြိုင်ပွဲ ဖိလ်လုပွဲစဉ်အဖြစ် မော်လမြိုင်မြို့နယ် အသင်းနှင့် ကျိုက်ထိုမြို့နယ် အသင်းတို့ ယှဉ်ပြိုင်မှုကို ကြည့်ရှုအားပေးသည်။

ယင်နောက် ဆုပေးပွဲကျင်းပရာ မွန်ပြည်နယ် ဘတ်စကက်ဘော ဆပ်ကော်မတီက မြန်မာနိုင်ငံ ဘတ်စကက်ဘော အဖွဲ့ချုပ်မှ ဒိုင်လူကြီးများအား ချီးမြှင့်ငွေနှင့် ဂုဏ်ပြုလက်ဆောင်များ ပေးအပ်သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများက ပြိုင်ပွဲတွင် ပွဲစဉ်တစ်လျှောက် အကောင်းဆုံး ကစားသမားဆု၊ ပူးတွဲ တတိယဆု၊ ဒုတိယဆုရရှိသည့် ပြိုင်ပွဲဝင် ဘတ်စကက်ဘော အသင်းများနှင့် ပထမဆုရရှိသည့် ကျိုက်ထိုမြို့နယ် ဘတ်စကက်ဘော အသင်းတို့အား ဆုတံဆိပ်၊ ငွေသားဆုနှင့် တံခွန်စိုက်ပိုင်းဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။ **စည်သူ(ပြန်/ဆက်)**

လက်ပံတန်းမြို့နယ်၌ စိုက်ပျိုးစရိတ်၊ သွင်းအားစုနှင့် ဓာတ်မြေဩဇာများပေးအပ်

လက်ပံတန်း ဇူလိုင် ၁၀

ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့နယ်အတွင်းရှိ Rice Export Zone တွင် ပါဝင်သည့် တောင်သူများအား သွင်းအားစုများ ပေးအပ်ပွဲကို ယနေ့နံနက်ပိုင်းက ဧရာကျော်ဆန်စက် ခန်းမ၌ကျင်းပသည်။

ဦးစွာ လက်ပံတန်းမြို့နယ် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးနေမင်းအောင်က အမှာစကားပြောကြားပြီး စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးပိုင်သက်ကျော်နှင့် ဧရာရိုးမကုမ္ပဏီတာဝန်ခံ ဦးစိုးကျော်နိုင်တို့က ပြည်ပပို့ကုန် ဆန်စပါးစိုက်ပျိုးမှုဇုန် ဖော်ဆောင်မှု၊ သွင်းအားစုများ ပေးအပ်ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်ပပို့ကုန် ဆန်စပါးစိုက်ပျိုးမှုဇုန် စိုက်ပျိုးထုတ်လုပ်နိုင်ရေးအတွက် မိုးစပါးဧက ၃၈၀၀ စိုက်ပျိုးမည့် တောင်သူများအား တစ်ဧကလျှင် ကျပ်လေးသိန်းခွဲနှုန်းနှင့် ညီမျှသည့် သွင်းအားစုများကို ဌာနဆိုင်ရာတာဝန်ရှိသူများက ပေးအပ်ခဲ့ကြကြောင်း သိရသည်။

မြို့နယ် (ပြန်/ဆက်)



မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် တောင်သာမြို့နယ် အမှတ်(၃)ရပ်ကွက် ဥယျာဉ်အခြေခံပညာမူလတန်းကျောင်းအတွင်း၌ မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့က ဦးဆောင်ပြီး မြို့နယ်သစ်တောဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် ဇူလိုင် ၉ ရက်က စုပေါင်းစိုက်ပျိုးစဉ်။ ကျော်မျိုးနိုင်(တောင်သာ)



ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်၌ ကမ္ဘာ့သစ်ပင်စိုက်ပျိုးရေးနေ့ကို ဂုဏ်ပြုလျက် ဇူလိုင် ၆ ရက်က ဘွဲ့နှင်းသဘင်ခန်းမတွင် အသိပညာပေး ဟောပြောပွဲကျင်းပရာ ဝိဇ္ဇာနှင့်သိပ္ပံပညာရှင်အဖွဲ့မှ ဒုတိယဥက္ကဋ္ဌ ဒေါက်တာမောင်ကျော်(ပါမောက္ခချုပ် - ငြိမ်း)က ကာဗွန်နိုင်အောက် ဆိုက် ဓာတ်ငွေ့သည်မိတ်ဆွေ ခေါင်းစဉ်ဖြင့် အသိပညာပေး ဟောပြောစဉ်။ သန်းဝင်း(သန်လျင်)

သီပေါမြို့နယ်၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေးဟောပြော

သီပေါ ဇူလိုင် ၁၀

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ်တွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေး ဟောပြောပွဲကို ယနေ့ နံနက် ၉ နာရီက ဘော်ကြိုကျေးရွာ အခြေခံပညာအထက်တန်းကျောင်း၌ ပြုလုပ်သည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်ယာဉ်ထိန်းတပ်ဖွဲ့ဝိတ်မှ ဒုရဲအုပ်ကျော်ဇင်မိုးက ဆိုင်ကယ်စီးနင်းရာတွင် လိုက်နာရမည့်အချက်များ၊ ရှောင်ကြဉ်ရမည့်အချက်များ၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အကြောင်းအရာများ၊ ယာဉ်မောင်းသူများ လိုက်နာရမည့်ဆောင်ရန်၊ ရှောင်ရန်အချက်များကို ရှင်းလင်းဟောပြောပြီး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ **မြို့နယ် (ပြန်/ဆက်)**



မြဝတီမြို့နယ်၌ ပိုက်ဆံလျှော်ထယ်ထိုးမြေမြှုပ်ခြင်း ကွင်းသရုပ်ပြပွဲ အခမ်းအနားကျင်းပ

မြဝတီ ဇူလိုင် ၁၀

ကရင်ပြည်နယ် မြဝတီမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ကြီးမှူး၍ ပိုက်ဆံလျှော် ထယ်ထိုးမြေမြှုပ်ခြင်း ကွင်းသရုပ်ပြပွဲကို ယနေ့နံနက်ပိုင်းက မြဝတီမြို့ မဲ့ထော်သလေးကျေးရွာ၌ ကျင်းပသည်။


ဦးစွာ မြဝတီမြို့နယ် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်မော်အောင် က အမှာစကားပြောကြားသည်။ ဆက်လက်ပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးသန်းရွှေက သစ်စိမ်းမြေဩဇာ ထယ်ထိုးမြေမြှုပ်ခြင်းဖြင့် ရရှိလာမည့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တာဝန်ရှိသူများနှင့် တောင်သူများက ပိုက်ဆံလျှော် ထည်ထိုးခြင်း လက်တွေ့ကွင်းဆင်းသရုပ်ပြပွဲကို ကြည့်ရှုခဲ့ကြကြောင်း သိရသည်။ **ဆောင်းနှင်းဖြူ (ပြန်/ဆက်)**





စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ရွှေဘိုမြို့၌ ကျောင်းသား ကျောင်းသူများ ကျန်းမာကြံခိုင်သန့်စွမ်းစေရန်နှင့် နေ့စဉ် ငှက်ပျော သီးများ ကျွေးမွေးနိုင်ရန် ရည်ရွယ်၍ ဇီးကြမ်းငှက်ပျောများ စိုက်ပျိုးခြင်းကို ဇူလိုင် ၁၀ ရက်က အမှတ်(၁) အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်း၌ စိုက်ပျိုးကြစဉ်။ ခရိုင်(ပြန်/ဆက်)



ပြည်သူ့ထံမှပေးစာများ ပေးပို့လိုပါလျှင်

ပြည်သူ့ထံမှ ပေးစာကဏ္ဍသို့ပေးပို့လိုပါက ပေးပို့သူ၏အမည်၊ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊ နေရပ်လိပ်စာအပြည့်အစုံ ရေးသားဖော်ပြ၍ ပြည်သူ့ထံမှ ပေးစာကဏ္ဍ၊ ကြေးမုံသတင်းစာတိုက် အမှတ် (၇၇)၊ (၅၂) လမ်း(မဟာဗန္ဓုလလမ်းထောင့်)ပုဇွန်တောင်မြို့နယ် ရန်ကုန်မြို့နှင့် themirror.npt@gmail.com သို့ လိပ်မူပေးပို့နိုင်ပါသည်။

❖ ဘိုကလေးမြို့နယ်မှ

တာဝန်ရှိသူများနှင့် ဒေသခံတောင်သူများ တက်ရောက်ကြပြီး တောင်သူဦးတင်စိုး၏ လယ်မြေ၌ မျိုးစေ့ချကိရိယာ(Drum Seeder) ဖြင့် စိုက်ပျိုးပြသခြင်းကို ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

မိုးစက်(ဘိုကလေး)

☆ မြန်မာ့လက်ရွေးစင်မှ

ငွေတံဆိပ် နှစ်ခု၊ ကြေးတံဆိပ်နှစ်ခု၊ ယခုနှစ် မေလအတွင်း တရုတ်နိုင်ငံ ဆန်ညာမြို့၌ ကျင်းပခဲ့သည့် အာရှသဲသောင်ပြင်အားကစားပြိုင်ပွဲတွင် ကြေးတံဆိပ်သုံးခု ဆွတ်ခူးကာ နိုင်ငံ့ဂုဏ်ဆောင်နိုင်ခဲ့သည့် အားကစား အဖွဲ့ချုပ် အသစ်တစ်ခုဖြစ်သည်။

ရှိုင်းထက်ဇော်

✣ MNL မှ

ပွဲစဉ် (၈) ဒုတိယနေ့ကို ဇူလိုင် ၁၁ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး YUSC ကွင်း၌ ဒဂုံစတားယူနိုက်တက်အသင်းနှင့် မြဝတီအသင်း၊ သီဟဒီပကွင်း၌ သစ္စာအားမာန်အသင်းနှင့် ဧရာဝတီယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

သတင်း - ကိုညီလေး၊ ဓာတ်ပုံ - MNL

★ မော်ရိုကိုအသင်းမှ

ပြင်သစ်အသင်းဟာ ၁၉၉၈ ကမ္ဘာ့ဖလားနဲ့ ၂၀၁၈ ကမ္ဘာ့ဖလားပြိုင်ပွဲတွေမှာ ချန်ပီယံဖြစ်ထားပြီး ကမ္ဘာ့ဖလားကို သုံးကြိမ်မြောက်ဆွတ်ခူးနိုင်မယ့်အသင်းအဖြစ်လည်း ရေပန်းစားနေတာဖြစ်ပါတယ်။

ပြင်သစ်အသင်းဟာ စပိန်အသင်းနဲ့ ဘယ်လိုဂျီယံအသင်းတို့ ယှဉ်ပြိုင်ကစားမယ့် ကွာတားဖိုင်နယ်ပွဲစဉ်မှာ အနိုင်ရတဲ့အသင်းနဲ့ ကမ္ဘာ့ဖလားဆီမီးဖိုင်နယ်အဆင့်ပွဲစဉ်မှာ ယှဉ်ပြိုင်ကစားရမှာလည်းဖြစ်ပါတယ်။

ငွေကြေယ်

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၂/မြောက်)၊ လူနေရပ်ကွက်အမှတ် (၂/မြောက်)၊ မြေကွက်အမှတ်(၆၃၅/ခ)၊ မြေကွက်လိပ်စာအမှတ်(၆၃၅/ခ)၊ သဒ္ဒါရုံ (၄)လမ်း၊ ၂/မြောက်ရပ်ကွက်၊ သာကေတမြို့နယ် ဟုခေါ်တွင်သော အကျယ်အဝန်း(၂၀ပေx၆၀ပေ)၊ ဧရိယာ(၁၂၀၀)စတုရန်းပေရှိ နှစ်(၆၀)မြေငှားဂရန်မြေအမျိုးအစား မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင်အကျိုးခံစားခွင့်အရပ်ရပ် အားလုံးနှင့်ပတ်သက်၍ အများသိစေရန်ကြေညာခြင်း

အထက်ရည်ညွှန်းလိပ်စာပါ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့်ပတ်သက်၍ အပိုင်ရောင်းချသူ **ဦးနေကိုလတ် [၁၂/သကတ(နိုင်)၁၆၄၁၂၄]**မှ အရပ်ကတိ အရောင်းအဝယ်စာချုပ် အဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင်လာသောအိမ်၊ မြေကွက်ဖြစ်ကြောင်းနှင့် ၎င်းတစ်ဦးတည်းသာလျှင် ပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းကြောင်း၊ ထုတ်ဖော်ဝန်ခံကတိပြုလျက် ကာလတန်ဖိုးနှင့်အညီ အပိုင်ရောင်းချရန် ကမ်းလှမ်းလာသည့်အပေါ် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ **ဒေါ်ငြိမ်းဆုမွန် [၁၂/သကတ(နိုင်)၁၆၂၆၈၀]**မှ အပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသအား စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ရာ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ခိုင်လုံသောမူရင်း စာရွက်စာတမ်း အထောက်အထားများဖြင့် ဤကြော်ငြာစာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ပြည့်၍ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည့်တိုင်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်ငြိမ်းဆုမွန် ၏ လွှဲအပ်ညွှန်ကြားချက်အရ–
ဒေါ်နီလာဝင်း (LL.B)
တရားလွှတ်တော်ရှေ့နေ(စဉ်–၁၂၉၂၃)
အမှတ်(၂၃၉)၊ ပထမထပ်၊ (၃၆)လမ်းအထက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ Ph: 09–778 434 507

အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပြီးဖြစ်ကြောင်း အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေ **ဒေါ်ခင်ရွှေရည်ဝင်း (ဘ)ဦးလှသန်း [၁၂/ရပသ(နိုင်)၁၂၉၁၃၄] ရန်ကုန်တိုင်းဒေသကြီး၊ အလုံမြို့နယ်၊ ဆင်မင်းရပ်ကွက်၊ ကမ်းနားလမ်းနေထိုင်သူ၏** လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်–

ကျွန်ုပ်မိတ်ဆွေနှင့် ဦးရဲမင်းထွန်း (ဘ)ဦးလှထွန်း [၁၂/အလန (နိုင်)၀၄၂၆၂၅]တို့သည် လွန်ခဲ့သော (၈–၁–၂၀၁၆) ရက်နေ့တွင် တရားဝင်အကြင်လင်မယားအဖြစ်ပေါင်းသင်းနေထိုင်ခဲ့ကြပါသည်။ ယခုအခါတွင် တစ်ဦးနှင့် တစ်ဦးစိတ်သဘောထားချင်းတိုက်ဆိုင်မှုမရှိတော့၍ ဆက်လက်ပေါင်းသင်းလိုခြင်း ဆန္ဒမရှိတော့သဖြင့် (၂၈–၃–၂၀၂၆) ရက်နေ့တွင် နှစ်ဦးသဘောတူ အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပြီးဖြစ်ပါသည်။ ကျွန်ုပ်မိတ်ဆွေမှလည်း ဦးရဲမင်းထွန်းနှင့် ပတ်သက်စပ်ဆိုင်သည့်ပြဿနာကြီးငယ်ကိစ္စရပ်များအား မည်သို့မျှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း၊ သို့ဖြစ်ပါ၍ ကျွန်ုပ်မိတ်ဆွေဒေါ်ခင်ရွှေရည်ဝင်းနှင့် ဦးရဲမင်းထွန်းတို့သည် တစ်ဦးနှင့်တစ်ဦး မည်သို့မျှ ပတ်သက်ဆက်နွယ်ခြင်း၊ ပတ်သက်စပ်ဆိုင်ခြင်း လုံးဝ(လုံးဝ) မရှိတော့ပါကြောင်း အများသိရှိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဦးသက်နိုင် (LL.B)
တရားလွှတ်တော်ရှေ့နေ(စဉ်–၁၉၁၃၅)
အမှတ်(၇)၊ ရာမလမ်း၊ စောရန်ပိုင်တောင်ရပ်ကွက်၊ အလုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း– ၀၉–၉၅၀၃၉၃၆၆၀

ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ည)ရပ်ကွက်၊ အကွက်အမှတ်(လလ–၂၃)၊ ဦးပိုင်အမှတ်(၇)၊ ၆၅x၆၆ကြား၊ ၁၄၂လမ်းနှင့် ရေဆိုးပစ်မြောင်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးကျော်သူအောင်၊ ဒေါ်ဒေါ်ခင်နော (ခ) နီနီအောင်တို့၏ (SP ရရှိသူ ဦးမော်ဇိုင်ကြွေး) ထံမှ မှတ်ပုံတင် အရောင်းအဝယ်စာချုပ်အမှတ်(၅၉၇/၂၀၂၆)ဖြင့် ဝယ်ယူခဲ့သူ ဦးမျိုးမြင့် [၅/ကဘလ(နိုင်)၀၉၁၆၄၃]က အမှုတွဲအမှတ်(၀၇၇၅/၂၀၂၆–၂၀၂၇)ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ည)ရပ်ကွက်၊ အကွက်အမှတ်(လလ–၂၃)၊ ဦးပိုင်အမှတ်(၆)၊ ၆၅x၆၆ကြား၊ ၁၄၂လမ်းနှင့် ရေဆိုးပစ်မြောင်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးကျော်သူအောင်၊ ဒေါ်ဒေါ်ခင်နော (ခ) နီနီအောင်တို့၏ (SP ရရှိသူ ဦးမော်ဇိုင်ကြွေး) ထံမှ မှတ်ပုံတင် အရောင်းအဝယ်စာချုပ်အမှတ်(၅၉၆/၂၀၂၆)ဖြင့် ဝယ်ယူခဲ့သူ ဦးမျိုးမြင့် [၅/ကဘလ(နိုင်)၀၉၁၆၄၃]က အမှုတွဲအမှတ်(၀၇၇၆/၂၀၂၆–၂၀၂၇)ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဠ)ရပ်ကွက်၊ အကွက်အမှတ်(တတ–၃၀)၊ ဦးပိုင်အမှတ်(၇)၊ ၄၆x၄၇ကြား၊ ၁၂၃x၁၂၄လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်သန်းငွေးထံမှ မှတ်ပုံတင် အရောင်းအဝယ် စာချုပ်အမှတ်(၆၅၇/၂၀၂၆)ဖြင့် ဝယ်ယူခဲ့သူ ဦးဝေမင်းလွင် [၁၃/လရန(နိုင်)၂၃၆၁၃၁]က အမှုတွဲအမှတ် (၀၇၈၁/၂၀၂၆–၂၀၂၇)ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

ဖခင်အမည်မှန်

ရန်ကုန်တိုင်း ဒေသကြီး၊ လှိုင်သာယာ (အနောက်ပိုင်း) မြို့နယ်၊ အ.ထ.က(၂) Grade–9 ကျောင်းသူ မသီသီထွန်းနှင့် အလက (၂၀)၊ Grade– 4 ကျောင်းသူ မကေရီထွန်းတို့၏ ဖခင်အမည်မှန်မှာ ဦးမောင်အေး [၈/မသန(နိုင်)၀၇၆၇၀၁] ဖြစ်ပါကြောင်း။

ဦးမောင်အေး

ဖခင်အမည်မှန်

ဒေးဒရဲမြို့နယ်၊ အ.ထ.က (၁) စက်စိုက်မွေးကျောင်း၊ Grade–6 မှ စောအောင်နှင်းနိုင်၏ ဖခင်အမည်မှန်မှာ ဦးအောင်နိုင် ဖြစ်ပါကြောင်း။

တစ်ဦးတည်းဖြစ်ပါကြောင်း

ဇေယျာသီရိမြို့နယ် အထက(ခွဲ) ခေတ်အေး Grade–12 တွင် တက်ရောက် ပညာသင်ကြားလျက်ရှိသော မောင်ခန့်ဝင်းလှိုင်၏ ဖခင် ဦးအောင်ဖြိုးဇော်နှင့်ဦးအောင်မျိုးဇော်မှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

ဦးအောင်မျိုးဇော်

အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးမြို့နယ်၊ ခလုတ်ကျေးရွာနေ ဒေါ်နီလာချို (၁၂/တတန(နိုင်)၂၁၄၃၃၆) ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန်ကြေညာအပ်ပါသည် –

ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးမြို့နယ်၊ ဝါးချောင်းကျေးရွာအုပ်စု၊ ဝါးချောင်းကွင်း၊ ကွင်းအမှတ် ၇၈၊ ဦးပိုင်အမှတ် (၈၃/၁) ဧရိယာ (၀.၄၀) ဧက၊ ဦးပိုင်အမှတ် (၈၄)၊ ဧရိယာ(၀.၃၂)ဧက၊ ဦးပိုင်အမှတ် (၈၅)၊ ဧရိယာ (၁.၂၈) ဧကရှိ ဦးမောင်မောင်လေး အမည်ပေါက် စုစုပေါင်းဧရိယာ(၂)ဧကရှိ ဥယျာဉ်ခြံမြေနှင့်ယင်းမြေပေါ်မြေအောက်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား တရားဝင် လက်ရှိထားပိုင်ဆိုင်ပြီး ပြန်လည်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးမောင်မောင်လေး (၅/တမန (နိုင်) ၀၇၉၇၈၀)ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်နီလာချို (၁၂/တတန (နိုင်) ၂၁၄၃၃၆) က တန်ဘိုးငွေ အပြေအကြေ ပေးချေကာ ဝယ်ယူ ပိုင်ဆိုင် ခဲ့ပြီး ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ –

ဒေါ်သက်သက်ခေ (LL.B)	ဦးအာနည်ထွန်း (LL.B,DBL)
တရားလွှတ်တော်ရှေ့နေ (စဉ် –၁၁၇၉၈)	တရားလွှတ်တော်ရှေ့နေ (စဉ် –၁၉၆၅၃)

စမ်းချောင်းလမ်း ကွမ်းခြံရပ်ကွက်၊ တွံတေးမြို့
ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း ၀၉ –၇၇၇၃၀၃၀၂

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်၃၄/ကံဘဲ့၊ မြေကွက်အမှတ်–၁၄/ခ–၁၊ ဧရိယာ(၀.၁၂၁)ဧက၊ မြေကွက်တည်နေရာအမှတ်(၅)၊ သစ္စာလမ်း၊ ၁၃/ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ဒေါ်ကျင်ညွှန့်[၁၂/ရကန(နိုင်) ၀၄၅၁၃၈]၊ ဦးအောင်မြင့်[၁၂/ရကန (နိုင်) ၀၆၀၂၄၇] အမည်ပေါက် B လ/န ၃(ခ) (အိမ်ရာမြေ) မြေအား အမည်ပေါက်(၄)အနက် ဒေါ်ကျင်ညွှန့်၊ ၎င်း၏ခင်ပွန်းဖြစ်သူ ဦးအေးကျော်နှင့် အမည်ပေါက်တစ်ဦးဖြစ်သူ ဦးမျိုးမြင့် (အိမ်ထောင်မရှိလူပျိုကြီးဘဝဖြင့်) အသီးသီးကွယ်လွန်ကြသဖြင့် ကျန်အမည်ပေါက်(၂)ဦးဖြစ်သူ ဦးအောင်မြင့် [၁၂/ရကန(နိုင်)၀၅၇၇၈၈]၊ ဦးဖုန်းမြင့် [၁၂/ရကန(နိုင်)၀၄၄၉၈၅]တို့မှ ဒေါ်ကျင်ညွှန့် နှင့် ဦးအေးကျော်တို့တွင် သားသမီးတစ်ဦးတစ်ယောက်မျှမရှိပါကြောင်း၊ အမွေစားအမွေခံကိုတ္တိမ သားသမီးများလည်း မွေးစားထားခဲ့ခြင်းလုံးဝမရှိပါကြောင်း၊ ဦးမျိုးမြင့်သည်လည်း အမွေစားအမွေခံကိုတ္တိမသားသမီးများ မွေးစားထားခဲ့ခြင်းမရှိပါကြောင်း ကွယ်လွန်သူများ၏ ပိုင်ဆိုင်ခွင့်အစုအား ကျန်ရစ်သူ မိမိတို့ (၂)ဦးတည်းကသာလျှင် တရားဝင် အမွေဆက်ခံပိုင်ဆိုင်ပါကြောင်းနှင့် မိမိတို့မှလွဲ၍ အခြားသော အမွေဆက်ခံခွင့်ရှိသူ တစ်ဦးတစ်ယောက်မျှ မရှိပါကြောင်း ၂–၄–၂၀၂၆ ရက်စွဲပါ ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ (၂)စောင်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အမည်ပေါက်စာချုပ်၊ အရောင်းအဝယ်စာချုပ်၊ သေဆုံးမှုလက်မှတ်တို့ တင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ် ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြမြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ပြင်ဆင်ဖတ်ရှုပါရန်

၁၉–၆–၂၀၂၆ရက်နေ့ကြေးမုံသတင်းစာ၏စာမျက်နှာကြော်ငြာ (၂၇)ကန့်ကွက်နိုင်ကြောင်းကြော်ငြာအမှတ်စဉ်(၄)ဒေါ်နန်းရွှေဘုံ၏အမည်ပြောင်းတွင်လျှောက်ထားသူ အမည်ဒေါ်နန်းရွှေဘုံ အစား ဒေါ်နန်းရွှေအုံဟုအမှန်ဖတ်ရှုပါရန်။

ဖခင်အမည်မှန်

ရန် ကုန် တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ဦးကျော်ဟန် ဇေယျာကိုယ်ပိုင် အထက်တန်းကျောင်း G–8 မှ မောင်ဇေသုတအောင်၏ ဖခင်အမည်မှန်မှာ ဦးနန္ဒအောင် ဖြစ်ပါသည်။

ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ်(တတ–၁၆)၊ ဦးပိုင်အမှတ်(၃၃–င)၊ ၆၀x၆၀(စီ)လမ်းကြား၊ ၁၂၅x၁၂၆ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်ဖြူဖြူလှိုင်၏ (SP ရရှိသူ ဒေါ်ခင်မိမိချို)ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် အမှတ် (၆၅၈/၂၀၂၆)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်တိုးတိုး [၉/မရတ(နိုင်) ၀၆၆၀၁၀]က အမှုတွဲအမှတ်(၀၇၈၃/၂၀၂၆–၂၀၂၇)ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ည)ရပ်ကွက်၊ အကွက်အမှတ်(လလ–၄၃)၊ ဦးပိုင်အမှတ်(၄၈)၊ ၅၈x၅၉ကြား၊ ၁၄၀x၁၄၁ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒုဗိုလ်မှူးကြီးစိုးညွှန့်လွင်၏ (SP ရရှိသူ ဦးမင်းကျော်)ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် အမှတ်(၈၀၈/၂၀၂၆)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်နန်းငွေငွေဝင်း [၁၃/မဆတ(နိုင်)၀၄၅၇၀၇]က အမှုတွဲအမှတ် (၀၇၈၂/၂၀၂၆–၂၀၂၇)ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–၁၈(မြစိမ်းရောင်)၊ မြေကွက်အမှတ်–၉၄၊ ဧရိယာ (၀.၁၅၄)ဧက၊ မြေကွက်တည်နေရာအမှတ်–၉၄၊ မြစိမ်းရောင်လမ်း၊ အတွင်းပဒံကျေးရွာအုပ်စု၊ လှိုင်သာယာမြို့နယ်၊ ဒေါ်စန္ဒာဝင်း[၇/ညလပ(နိုင်)၁၁၂၉၃] အမည်ပေါက် ပါမစ်မြေကွက်အား အမည်ပေါက် ဒေါ်စန္ဒာဝင်း [၇/ညလပ(နိုင်)၁၁၂၉၃] ကိုယ်တိုင်မှ နိုင်ငံသားစိစစ်ရေးကတ်၊ ပါမစ်မူရင်းတွင် ဆောက်လုပ်နေထိုင်ခွင့် လက်မှတ်၊ မြေပုံတို့တင်ပြ၍ အိမ်ရာဆောက်လုပ်နေထိုင်ခွင့်နှင့် မှီခိုသူများ စာရင်းတင်ပြနိုင်ခြင်းမရှိဘဲ ပါမစ်(မစုံ) တင်ပြ၍ ဂရန်သစ် လျှောက်ထားလာရာ တရားဝင် ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး
(ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြမြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်
စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ဘုရားကုန်းကျေးရွာအုပ်စု၊ ကွင်းအမှတ်နှင့်အမည်–၆၆၉/သဲပြုကွင်း၊ ဦးပိုင်အမှတ်–၁၂၀/၁–က/၁၊ ဒေါ်အိရွှေစင်အမည်ဖြင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ လယ်ယာမြေမှတပါး လယ်ယာမြေအား အခြားနည်းအသုံးပြုခွင့် ပုံစံ–၁၅(က) ရရှိထားသည့် ဧရိယာ (၁. ၀၀)ဧကရှိမြေကွက်အနက်မှ (တရားဝင်မခွဲမစိတ်ရသေးသော) အကျယ်အဝန်း (၄၀' x ၆၀')ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား ဆက်စပ်စာချုပ်များဖြင့် တရားဝင်ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ **ဒေါ်လင်းလင်းအောင် (၁၁/သတန (နိုင်) ၀၅၄၄၀၆)**ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။ ၎င်းမြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ အထောက်အထားမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ - ဒေါ်အေးအေးပြုံး (LL.B)
အထက်တန်းရှေ့နေ (စဉ်–၅၃၂၁၆/၂၀၂၀)
အမှတ် (၅၀)၊ ပ-ထပ်၊ အခန်း (B-3)၊ ဘားလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
Ph : 09 - 941143398

ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၄)ရပ်ကွက်၊ စာဂ(၁၈)လမ်း၊ တိုက်အမှတ်–(၇၇၇)၊ တိုက်ခန်းအမှတ်– (2A)၊ ပထမထပ်ဟုခေါ်တွင်သော အခန်းအကျယ်အဝန်း–(အလျား ၁၇ပေ x အနံ ၅၄ပေ)ရှိ တိုက်ခန်း(၁)ခန်း၊ ယင်းတိုက်ခန်းနှင့် ဆက်စပ်ပတ်သက်လျက်ရှိသော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ဆက်စပ် စာချုပ်စာတမ်းများဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဦးထွန်းလင်းအောင် (ဘ) ဦးတင်စိန် [၁၂/ဥကတ(နိုင်)၁၃၂၃၉၀] က ၎င်းတစ်ဦးတည်းသာ ဥပဒေနှင့်အညီ ယနေ့တိုင် တရားဝင်လက်ရှိထား ပိုင်ဆိုင်လျက်ရှိကြောင်း၊ လွှဲပြောင်းရောင်းချစီမံခန့်ခွဲပိုင်ခွင့်ရှိကြောင်း၊ ပြဿနာအရှုပ်အထွေး လုံးဝမရှိပါကြောင်း ဝန်ခံအဆိုပြုလျက် ကျွန်ုပ်၏မိတ်ဆွေထံ ယင်းတိုက်ခန်းနှင့်တကွ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တန်ဖိုးငွေ တစ်ရပ်သတ်မှတ်၍ အပြီးအပိုင်လွှဲပြောင်း ရောင်းချလိုကြောင်း အဆိုပြုကမ်းလှမ်းလာပါသဖြင့် ကျွန်ုပ်၏မိတ်ဆွေက လက်ခံသဘောတူခဲ့ပြီးဖြစ်၍ ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

သို့ဖြစ်ရာ အထက်ဖော်ပြပါ ရောင်းချသည့်တိုက်ခန်းအပါအဝင် ယင်းတိုက်ခန်းနှင့်ပတ်သက်သည့် ပိုင်ရေးဆိုင်ခွင့်၊ အကျိုးသက်ဆိုင်ခွင့်တို့နှင့်ပတ်သက်၍ ဥပဒေနှင့်အညီ အခွင့်အရေးရှိပါကြောင်း အစရှိသည့် ဥပဒေအရ လုံလောက်သော အကြောင်းတစ်ရပ်ရပ်ကြောင့် အရောင်းအဝယ်ကို ဟန့်တားကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ခိုင်လုံသော အထောက်အထား၊ စာရွက်စာတမ်း၊ စာချုပ်စာတမ်းများနှင့်တကွ လူကိုယ်တိုင်ဖြစ်စေ၊ အခြားထိရောက်သည့် နည်းလမ်းတစ်ရပ်ရပ်ဖြင့်ဖြစ်စေ ဤကြော်ငြာပါသည့်နေ့ရက်မှ (၁၄)ရက်အတွင်း ဆက်သွယ်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်မှုတစ်စုံတစ်ရာမရှိပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆုံးခန်းတိုင်အောင် ကျွန်ုပ်မိတ်ဆွေ၏အကျိုးအလို့ငှာ ဆက်လက်ဆောင်ရွက်လိမ့်မည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်များအရ
ဒေါ်စံပယ်
အထက်တန်းရှေ့နေ (စဉ်–၅၃၃၈၂)
အမှတ် – ၁၁၅ (ခ)၊ အင်ကြင်းမြိုင်လမ်း၊ (၉)ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ Ph: 09–265006157

"ကန့်ကွက်နိုင်ပါသည်"

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ဆရာစံရပ်ကွက်၊ ကမ္ဘာအေးဘုရားလမ်းနှင့်ဆရာစံလမ်းထောင့်၊ ပုလဲကွန်ဒိုမီနီယံ၊ တိုက်အမှတ်-(အက်ဖ်)အခန်းအမှတ်-(၀၉-၂)ကွန်ဒိုတိုက်ခန်းနှင့်တကွတပ်ဆင်ပါရှိသောအကျိုးခံစားခွင့်အရပ်ရပ်အားလုံးအား အမည်ပေါက်ဖခင်ဖြစ်သူ ဦးဟန်ထွန်း (၆/ရဖန (နိုင်) ၀၁၇၇၅၇)မှသားဖြစ်သူ ဦးသက်ပိုင်ဝင်းထွန်း (၁၃/တကန(နိုင်) ၂၀၉၄၀၀)သို့ မေတ္တာဖြင့်အပြီးအပိုင် အပိုင်ပေးကမ်းမည်ဖြစ်ပါသည်။

သို့ပါ၍ အဆိုပါတိုက်ခန်းနှင့်တိုက်ခန်းပေါ် ရှိအကျိုးခံစားခွင့်အရပ်ရပ်အားမေတ္တာဖြင့် အပိုင်ပေးကမ်းခြင်းနှင့်ပတ်သက်၍ ဆိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ဤကြေညာချက်ပါသည့်နေ့မှစ၍(၇)ရက်အတွင်းခိုင်လုံသောစာရွက်စာတမ်းအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်တို့ထံလာရောက်ကန့်ကွက်နိုင်ပါသည်။သတ်မှတ်ရက်နေ့အတွင်းကန့်ကွက်ခြင်းမရှိပါက ပေးကမ်းခြင်းကိုဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းအများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

ဒေါ်နန်းဆင့်ဆင့်ထွန်း (LL.B)	ဒေါ်မိုးမိုးအေး (LL.B)
D.B.L,D.M.L	D.B.L,D.M.L,D.I.L
(စဉ်-၁၂၆၃၉)	WIPO,DL-101 Switzerland (စဉ်-၈၅၅၈)
(တရားလွှတ်တော်ရှေ့နေများ)	(ဖုန်း-၀၉-၄၂၅၃၅၈၂၇၀)

အမှတ်-၈၃၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၃) ၊ ယသဝတီလမ်း ၊ တိုက်အမှတ်-(၃၉၇/ခ) ၊ ပဥ္စမထပ်(၆)လွှာ၊ အကျယ်အဝန်း(၁၈ပေ×၅၅ပေ)အကျယ်ရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်းပေါ် ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဒေါ်ဝတ်ရည်ထွန်း(၇/ပခန(နိုင်)၃၂၀၉၃၂)ထံမှ ကျွန်ုပ်မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် စရံငွေအချို့ကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့် နေ့မှစ၍(၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်းများ)ဖြင့် ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ပါသည်၊ ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည့်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်၊

လွှဲအပ်ညွှန်ကြားချက်အရ - **ဒေါ်ခင်မာဌေး** LL.B,WIPO (Switzerland)
တရားလွှတ်တော်ရှေ့နေ(စဉ်-၉၄၅၄)
အမှတ်(၁၇၂)၊ ချယ်ရီလမ်း၊ (၁၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ဖုန်း-၀၉၄၅၄၅၃၀၀၉၀

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လသာမြို့နယ်၊ (၃)ရပ်ကွက်၊ ကမ်းနားလမ်း၊ အမှတ်(၄၀၆)ဟုခေါ်တွင်သည် မြေတိုင်းရပ်ကွက်အမှတ်–(၂၁အေ–၁)၊ လူနေရပ်ကွက်(–)၊ မြေကွက်အမှတ်(3rd Eastern1/6 of 1.5, Western Portion of III–37 A, Piece of Land Adjacent and South of West Portion of III–37)၊ မြေဧရိယာ (၁၉ပေ၄လက်မx၁၀၀ပေ)x (၁၁.၄ လက်မx၄၀ပေ)x (၂ပေ ၆လက်မx ၁၁ပေ– ၁၄လက်မ)ရှိ မြေပိုင်မြေအမျိုးအစားမြေကွက်နှင့် အဆောက်အဦအပါအဝင် ဆက်နွယ်သည့် အကျိုးခံစားခွင့်အရပ်ရပ်တို့မှာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြမြေစီမံခန့်ခွဲမှုဌာနရှိ မြို့မြေစာရင်းတွင် ဒေါ်တင်တင်မွေး(ခ) မိမိ(ခ)မီမီ[၁၂/လသန(နိုင်)၀၁၅၃၄၄]၏ အမည်ဖြင့် မှတ်သားတည်ရှိပြီး ၎င်းမှ ရောင်းချပိုင်ခွင့်၊ စီမံခန့်ခွဲပိုင်ခွင့်နှင့် အရှုပ်အရှင်းကင်းရှင်းကြောင်းတို့ ဝန်ခံပြောဆို၍ ရောင်းချလိုကြောင်း ကမ်းလှမ်းခဲ့ရာ ကျွန်ုပ်၏မိတ်ဆွေမှ ဝယ်ယူရန် သဘောတူညီသည့်အတွက် ရောင်းကြေးငွေ၏တစ်စိတ်တစ်ဒေသကို(စရန်ငွေ)အဖြစ် ရောင်းချသူထံ ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်ပြုလုပ်ခြင်းကို ကန့်ကွက်လိုပါက ယနေ့မှစပြီး(၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်း၊ စာချုပ်စာတမ်းမူရင်းအထောက်အထားများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အဆိုပါ အရောင်းအဝယ်ကို ဥပဒေနှင့်အညီ တရားဝင်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ–
ဒေါ်ချိုသဲမေ (LL.B, D.B.L)
တရားလွှတ်တော်ရှေ့နေ(စဉ်–၁၂၄၀၇)
အမှတ်(၂၄/အေ)၊ ပြည်ရိပ်မွန်လမ်းသွယ်၊ (၈)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၉–၄၂၀၀၇၀၄၉

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၁၃)ရပ်ကွက်၊ ဓမ္မသုခကျောင်းလမ်း၊ အမှတ်(၅၂၃)Royal Thukha Condominium အခန်းအမှတ် (၁၁၁၅)၊ (၁၁-လွှာ)၊ (၈၄၇-စတုရန်းပေ)အကျယ်အဝန်းရှိ ကွန်ဒိုတိုက်ခန်းနှင့် ယင်းကွန်ဒိုတိုက်ခန်းနှင့်ပတ်သက်သည့် ရေ၊ မီးစုံ အကျိုးခံစားခွင့်အရပ်ရပ်တို့အား အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူလက်ရှိထားပိုင်ဆိုင် စီမံလျက် ပြန်လည်ရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုသူ ဒေါ်ဘေဘီခိုင်[၁၂/အစန(ပြု)၀၀၀၁၉၇] ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ဒေါ်ဘေဘီခိုင်၏ ညီမတော်စပ်သူ ဒေါ်သန်းသန်းဆင့်[၁၂/အစန(ပြု)၀၀၀၁၉၆]အား ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်ရန်အကြောင်းရှိပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း စာရွက်စာတမ်းအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်သစ်သစ်အောင်(LL.B) ဒေါ်ချောစု(LLB;DCBL(UK);DIPL)
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၇၇၀၅) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၈၁၃၇)
အမှတ်-၈၄၊ လက်ဝဲသုန္ဒရလမ်း၊ (၃၂)ရပ်ကွက်၊ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၄၄၈၂၈၈၁၃၊ ၀၉-၂၆၉၅၉၃၅၅၆

ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၅၀)ရပ်ကွက်၊ ကုမုဒြာလမ်း၊ အမှတ်(၁၉၉)ရှိ မြေအကျယ်အဝန်း(အလျား၄၄xအနံ၆၀)ပေရှိ (ဂရန်မူရင်း) မြေနှင့်အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးသည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှု မြေယာဌာနရှိ မြို့မြေစာရင်းတွင် ဦးသန်းကြွယ်(MMA-၁၀၂၄၃၄)အမည်ဖြင့် မှတ်သားထားပြီး ဆက်စပ်စာချုပ်ဖြင့် လက်ရှိပိုင်ဆိုင်ထားသော ဒေါ်အေးအေးစန်း [၈/ဂဂန(နိုင်)၁၀၅၅၉၅]မှ မိမိသာလျှင် လက်ဝယ်ပိုင်ဆိုင်ထားပြီး အရှုပ်အရှင်းကင်းကြောင်း ရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံပြောဆိုလျက် ရောင်းချရန်ကမ်းလှမ်းချက်အား ကျွန်ုပ်၏မိတ်ဆွေ ဒေါ်သွယ်သွယ်အောင်[၁၀/မလမ(နိုင်)၁၈၃၂၅၁]မှ အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ တိကျခိုင်လုံသော တရားဝင်စာချုပ်စာတမ်း(မူရင်း)များနှင့်တကွ ယခုကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းနေ့ကျော်လွန်က အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -
ဒေါ်သင်းသင်းဝါ (LL.B)
အထက်တန်းရှေ့နေ (စဉ်-၅၄၈၂၄) (၉-၂-၂၀၂၂)
အမှတ်(၆၅၆/ခ)၊ ပိတောက်ရွှေဝါလမ်း၊ (၄၇)ရပ်ကွက်၊
ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်။ ဖုန်း-၀၉-၂၅၃၄၂၃၂၅၅၊ ၀၉-၇၇၀၀၈၈၃၁၀

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရွှေပြည်သာမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်-၃၀၊မြေကွက်အမှတ်-၆၁၊ဧရိယာ(၀.၀၈၂)ဧက၊မြေကွက်တည်နေရာအမှတ်(၃၀/၆၁)၊မြရတနာလမ်း၊(၂)ရပ်ကွက်၊ရွှေပြည်သာမြို့နယ်၊ဒေါ်ခင်သန်းမူ(၁၂/မရက(နိုင်)၀၉၈၀၇၈)အမည်ပေါက်နှစ်(၆၀)ဂရန်မြေအားဂရန်မြေအမည်ပေါက်ကိုယ်တိုင်မှ ''ပါမစ်ပျောက်ဆုံးကြောင်းတင်ပြလျှောက်ထားခဲ့ပြီးယခုဂရန်ထုတ်ယူခြင်းနှင့်ပတ်သက်၍တစ်ဦးတစ်ယောက်မှမြေကွက်၏ပါမစ်မူရင်းတင်ပြပြီးလျှောက်ထားလာခြင်းပေါ်ပေါက်ခဲ့ပါကယခုထုတ်ပေးသည့်ဂရန်အားပယ်ဖျက်မည့်ကိုသိရှိပါသည်။'' ဖြင့်ဖော်ပြ၍ခွင့်ပြုထုတ်ပေးခဲ့သည့်နှစ်(၆၀)မြေငှားစာချုပ်(ဂရန်)မူရင်းနှင့်နိုင်ငံသားစိစစ်ရေးကတ်ပြားတို့တင်ပြ၍အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်မြေပုံကူးလျှောက်ထားလာရာတရားဝင်နိုင်လုံသောအထောက်အထားများဖြင့်ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ည)ရပ်ကွက်၊ အကွက်အမှတ်(လလ-၃၉)၊ ဦးပိုင်အမှတ်(၆၆)၊ ၅၄x၅၅ ကြား၊ ၁၄၀x၁၄၁ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဗက ကိုကို(ငြိမ်း)ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၁၂၃၃/၂၀၂၆)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်မေကြည်ကျော်[၉/အမရ(နိုင်)၀၀၁၁၆၂]က အမှုတွဲအမှတ်(၀၇၉၂/၂၀၂၆-၂၀၂၇)ဖြင့် အမည်ပြောင်းလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

အိမ်ခြံမြေအား အပြီးအပိုင်ဝယ်ယူမည်ဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄ A)၊ လူနေရပ်ကွက်အမှတ်-အောင်ဇေယျအိမ်ရာ၊ ပုဂံ ၃-လမ်း၊ အမှတ်-၇၆ ဟုခေါ်သော အလျား ၈၀ ပေ x အနံ ၈၀ပေ၊ မြေဧရိယာ (၀.၁၄၇)ဧကရှိ မြေနှင့် ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်။

၂။ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄ A)၊ လူနေရပ်ကွက်အမှတ်-အောင်ဇေယျအိမ်ရာ၊ ပုဂံ ၄-လမ်း၊ အမှတ်-၇၁ ဟုခေါ်သော အလျား ၈၀ ပေ x အနံ ၁၁၃ပေ၊ မြေဧရိယာ (၀.၂၀၇)ဧကရှိ မြေနှင့် ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်။

တို့အား ပိုင်ဆိုင်မှုဆက်စပ်စာချုပ်စာတမ်းအဆင့်ဆင့်ဖြင့် အိမ်ခြံမြေအားလက်ဝယ်ထားပိုင်ဆိုင်ထားသူ ဦးသူရအောင်အောင် [၉/ပကခ(နိုင်)၀၃၃၇၂၂] မှ ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှ အပြီးအပိုင်ဝယ်ယူမည်ဖြစ်ပါ၍ ဤကြေညာပါသည့်နေ့မှ (၇)ရက်အတွင်း အဆိုပါအရောင်းအဝယ်အား ကန့်ကွက်မည့်သူရှိပါက ခိုင်လုံသောစာချုပ်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်း၊ သတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်သင်းပပအောင် ဒေါ်သင်းသင်းထက်
LL.B, LL.M, D.B.L, D.I.L,WIPO(Switzerland) LL.B, LL.M
တရားလွှတ်တော်ရှေ့နေ အထက်တန်းရှေ့နေ
(စဉ်-၁၅၉၆၇/၁၉) (စဉ်-၅၇၂၉၇/၂၀၂၆)
အမှတ်(၁၁၀) ပထမထပ်၊ (၃၉)လမ်း၊ အောက်ဘလောက်၊
ကျောက်တံတားမြို့နယ်၊ မဟာဗန္ဓုလလမ်းနှင့် ကုန်သည်လမ်းကြား၊
ရန်ကုန်တိုင်းဒေသကြီး။ 09-880888317, 09-676767173

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

